# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၃၄၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၌ ပြုလုပ်သည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) စစ်လက်ရုံး ရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်

နေပြည်တော် စက်တင်ဘာ ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၌ ပြုလုပ်သည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) စစ်လက်ရုံး ရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့ ဖတ်စရာ**


သတင်းတုနှင့် လုပ်ကြံသတင်းများ၏ သားကောင် — ဆောင်းပါး — စာ -၁၀

အကျပ်အတည်းစီမံခန့်ခွဲမှုနဲ့အတူ တိုးတက်ကောင်းမွန်လာမယ့် အင်ဒိုနီးရှားနိုင်ငံရဲ့ ခရီးသွားကဏ္ဍ — နိုင်ငံတကာရေးရာ — စာ -၁၄

တနင်္သာရီတိုင်းဒေသကြီးအတွင်း တည်ဆောက်ခဲ့သော ဇောတိကမ်း တံတားကြီး ရာနှုန်းပြည့်ပြီးစီး — ပြည်တွင်းသတင်း — စာ -၁၆

# ကပ်ရောဂါဆိုးဘေးမှ ကင်းဝေးစေလိုသည့် စေတနာ

ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာတွေ့ရှိမှု သိသိသာသာ လျော့နည်းကျဆင်းလာလျက်ရှိရာ ယခုရက်ပိုင်းတွင် ၈ ရာခိုင်နှုန်းသို့ ရောက်ရှိလာသည်။ သို့ရာတွင် ဤအခြေအနေသည် စိတ်ချရသည့် အခြေအနေမဟုတ်သေးဘဲ ၅ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိမှသာ စိတ်ချရမည်ဖြစ်ရာ လက်တစ်ကမ်းမျှသာ ကျန်တော့သည့် အောင်မြင်မှုကို ရရှိရန် မိမိတို့ မဆုတ်မနစ် ဆက်လက်ကြိုးပမ်းကြရဦးမည်ဖြစ်သလို ကပ်ရောဂါပြန်လည်ခေါင်းထောင်မလာစေရန်အတွက်လည်း မျက်ခြည်မပြတ် သတိကပ်ထားကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းမြင့်မားသည့် ကာလအတွင်း ရောဂါကူးစက်မှုနှုန်း မြန်ဆန်ခြင်း၊ ရောဂါပြင်းထန်ခြင်းတို့ကြောင့် ခါတ်ခွဲအတည်ပြုလူနာအရေအတွက်၊ ဆေးရုံတက်ရသူအရေအတွက်၊ သေဆုံးမှုအရေအတွက်တို့ လွန်စွာများပြားခဲ့ရသည်မှာ မျိုးဗီဇပြောင်းလဲသွားသည့် ကိုရိုနာဗိုင်းရပ်စ်ပိုးက ဒုက္ခပေးသွားခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံများစွာတို့တွင်လည်း အစွမ်းပြနေသည့် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် "ဒယ်လ်တာ" သည် တတိယလှိုင်း၏ အဓိက လက်သည်တရားခံဖြစ်ရာ မီးကြွင်းမီးကျန် ကျန်ရစ်ပါက မီးဘေးအန္တရာယ်စိုးရိမ်ဖွယ်ဖြစ်သလို "ဒယ်လ်တာ" ဗိုင်းရပ်စ်ကိုလည်း လုံးဝပျောက်ကွယ်သည်အထိ လူ့အသိုင်းအဝိုင်းများအတွင်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်နေထိုင်ကျင့်သုံးကာ ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်သွားကြရမည်ဖြစ်သည်။

တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ စဉ်ဆက်မပြတ်ရောက်ရှိလာမှုနှင့်အတူ ဦးတည်အုပ်စုများ တိုးချဲ့၍ ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ရာ အသက်ကြီးအုပ်စုကို အသက် ၅၅ နှစ်နှင့်အထက်သို့ တိုးချဲ့ထားပြီး မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ရှိသူများကိုပါ အုပ်စုသစ်များအဖြစ် ကာကွယ်ဆေး တိုးချဲ့ထိုးနှံပေးသွားမည်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဟုဆိုရာတွင် NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို သာမက NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကိုပါ ကာကွယ်ဆေးထိုးနှံပေးသွားမှာ ဖြစ်သည်။ ဤသည်မှာ နိုင်ငံတော်အကြီးအကဲက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း ကာကွယ်ဆေးထိုးနှံပေးရန်၊ နိုင်ငံတွင် နေထိုင်လျက်ရှိသည့် မိမိတို့၏ တိုင်းရင်းသားများအား ကျန်းကျန်းမာမာဖြင့် ကိုဗစ်-၁၉ ရောဂါ ကျော်လွှားနိုင်ရန် ကာကွယ်ဆေးများထိုးနှံရန် စေတနာထား ပြောကြားခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

မျိုးဗီဇပြောင်းလာသည့် ကိုရိုနာဗိုင်းရပ်စ်များကြောင့် ကိုဗစ်-၁၉ ရောဂါသည် မူလကထက် ပိုမို၍ ကူးစက်မြန်၊ ပိုမို၍ ပြင်းထန်လာသော်လည်း ကာကွယ်ဆေးထိုးနှံထားသူများမှာမူ ကူးစက်မှုခံရသည့်တိုင်အောင် ရောဂါကိုခံနိုင်ရည်ရှိသွားပြီး အချို့ရောဂါလက္ခဏာပင် မပြတော့ဘဲ သာမန်မျှနှင့် ပြီးသွားကာ ဆေးရုံသို့ပင် မသွားကြရဟု သိရသည်။ တိုင်းရင်းသားအားလုံး (လက်နက်ကိုင်သူရော၊ လက်နက်ကိုင်မထားသူများပါ) ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်ဆေးထိုးခြင်းဖြင့် ကျော်လွှားနိုင်ရန်၊ ဖြစ်ပွားလာပါကလည်း ရောဂါကို ကောင်းမွန်စွာ ခုခံနိုင်ပြီး အမြန်ဆုံးသက်သာ ကောင်းမွန်လာစေရန် ဆိုသည်မှာ နိုင်ငံတော်အကြီးအကဲ၏ စေတနာအမှန်ပင်ဖြစ်ရာ သံသယကင်းစွာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြခြင်းဖြင့် ကမ္ဘာ့ကပ်ရောဂါဘေးမှ ကင်းဝေး လွတ်မြောက်နိုင်ကြပါစေကြောင်း။ ။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ပစ္စည်းများကို ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ စက်တင်ဘာ ၁၃ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ လေးခုမှ Dexaperazon (Power Of Injection) ၈၉၆၈ ခု၊ Noxaparin Injection ၄၀၀၀၊ Lazon Tablets ၅၀၀၊ Azitec 250MG ၁၀၀၀၀၊ Flow Meter ၂၁၀၊ Gas Outlet ၁၀၀၊ Quick Probe Adaptors ၆၀၊ Ring Brass ၂၀၀၊ Oxygen Concentractor & Accessories ၃၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Nebulizer ၂၀၀၊ Cylinder ၁၀၀၊ Oxygen Regulator ၁၁၀၀၊ Oxygen Concentractor ၆၀၀ နှင့် ဆေးဝါးမျိုးစုံ ၆၃ မျိုး ၂၂၈၁၀၁ ဒသမ ၀၃ Kg။

နယ်စပ် (ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ)တွင် ကုမ္ပဏီ ၁၁ ခုတို့မှ Oxygen Cylinder ၂၀၃၅ ခု၊ Oxygen Concentractor ၂၇ ခု၊ Mask ၇၈၁၉ Kg၊ Liquid Oxygen တန် ၄၀၊ Regulator ၁၁၆၀၊ PPE ၇၃၄၅၀၊ Oxygen Plant နှစ်ခု၊ Oxygen Mask ၂၀၀၀၊ Syringe ၁၂၃၃၆ ခု၊ Infusion ၂၉၁၆ ခု၊ Surgical Gown ၂၇၀၀ Kg၊ Sodium Chloride Injection ၆၃၀၇၂ Kg၊ Hydrochloride Injection ၃၅၀၉ Kg၊ Vitamin C Injection ၃၀၃၁၂ Kg၊ Vitamin C Tablets ၃၆၁၈ Kg၊ Glucose Injection ၃၀၄၈၀ Kg၊ Disposable Cap ၁၀၀၀ Kg တို့ကို ထုတ်ပေးကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၃-၉-၂၀၂၁) ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 2 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 3 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 4 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 5 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 6 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 7 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 8 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 9 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 10 | P.O Dexamethasone | Box of 10x10's | 1450 | JDS |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လူကုန်ကူးမှု တိုက်ဖျက်စို့

ဖျက်မယ်တဲ့ ဖျက်မယ်။
ကိုယ်ချင်းစာ သနားမဲ့
ထားခဲ့နောက်ကွယ်။
လူ့,လူချင်း ကုန်မသွယ်
ရှုံ့စဖွယ် လုပ်ရပ်များ။
ရပ်တန့်ကာ ရှေ့မတိုးမှ
ကောင်းကျိုး ဆပွား။

ပြုပြင်ပါ ကိုယ့်စိတ်ထားကို
အရိပ်များသို့ အေးစေချင်။
တစ်ပါးသူကို လှည့်စားက
မှားတတ် အစဉ်။
သူ့နေရာမှာ ကိုယ်ဆိုလျှင်
နှစ်ဖက်မြင် ရှုကာကြည့်။
ထိုမှသာ အမှောင်ပျောက်
တောက်ပမည်သိ။

စဉ်းစားကာ ဉာဏ်သတိနဲ့
ရှိသမျှ လူသားတွေ။
ကုန်စည်နှယ် မဖြစ်ရေး
တွေးဆကြလေ။
တိုက်ဖျက်လို့ သူငါမသွေ
ကူရှာစေ တိုက်တွန်း။
ထိုမှသာ အများအရေးကွယ်
အေးမြ ရွှင်လန်း။ ။

သန့်ဇင်ဦး(တောင်တွင်း)

## သီပေါမြို့နယ် နမ့်လန် ကိုဗစ်-၁၉ ကန့်သတ်နယ်မြေသို့ ဆန်၊ ဆီ၊ ဆားနှင့် ဟင်းချက်စရာများ ကူညီပေးအပ်

သီပေါ စက်တင်ဘာ ၁၃

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်ဒေသတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မြင့်တက်နေသဖြင့် သက်ဆိုင်ရာမှ ရက်သတ္တပတ် အသွားအလာ ကန့်သတ်နယ်မြေ (Stay at Home) အဖြစ် သတ်မှတ်ထားပြီး စားဝတ်နေရေး အခက်အခဲရှိသော ပြည်သူများကို စားနပ်ရိက္ခာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ နမ့်လန်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မာမာကြည် ပြောပြချက်အရ သိရသည်။



အဆိုပါ ကန့်သတ်နယ်မြေ ဖြစ်သော မန်မုံဟိန်း၊ ကုန်းညောင်၊ စိန်ပန်း၊ ပန်ဆစ်၊ ကျူတော၊ နောင်နင်း၊ ကောင်းလန်နှင့် မြောက်ပိုင်း ရပ်ကွက် စသည့်ရပ်ကွက်၊ကျေးရွာ ကိုးခု၊ အိမ်ထောင်စု ၁၂၅၀ တို့ကို ဆန်၊ ဆီ၊ ဆားနှင့် ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ အာလူး၊ ကြက်ဥ၊ ဆပ်ပြာမှုန့်စသည့် စားသုံးကုန်ပစ္စည်းများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းရွှန်း၊ ဖြူစင်နှလုံးသားလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးရန်နိုင်စိုးနှင့်အဖွဲ့က သွားရောက်ကူညီပေးအပ်သည်။

ထို့ပြင် နမ့်လန် ဖြူစင်နှလုံးသား ပရဟိတအသင်းအနေဖြင့် ငွေကျပ် ၂၇ သိန်းကျော် တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲများနှင့် ကုန်းညောင်ရပ် ကိုအာမင်းနှင့်အဖွဲ့ကလည်း ဆန်အိတ် ၃၀၊ ဆီ ၁၀ ပုံးတို့ကို ကူညီလှူဒါန်းကြောင်း သိရသည်။ စိုင်း(သီပေါ)

## စဉ်ဆက်မပြတ် သင်ကြားနေမှသာ တိုးတက်မှုရှိမည်

စာသင်ကျောင်းများ ပိတ်ထားရသည်မှာ ၂ လခန့်ရှိပြီ ဖြစ်ကြောင်း၊ စာသင်ကျောင်းများဖွင့်မှသာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေး လမ်းကြောင်းပေါ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရာတွင် စဉ်ဆက်မပြတ်သင်ကြားနေမှသာ တိုးတက်မှုရှိမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးလမ်းကြောင်းပေါ်တွင် အမြဲရှိစေချင်သဖြင့် အလေးပေး ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်ပမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသဆေးများနှင့် အခြားလိုအပ်သည့် ဆေးဝါးများတင်သွင်းမှုနှင့် ပတ်သက်၍လည်း နှောင့်နှေးမှုများ မရှိအောင် စီမံဆောင်ရွက်ပေးထားကြောင်း၊ ဆေးရုံတိုင်းတွင် ကိုဗစ်-၁၉ ရောဂါအား ကုသနိုင်ရန် အတွက် ICU များ တည်ဆောက်ရေးအတွက်လည်း မှာကြားထားပြီးဖြစ်ကြောင်း၊ ဆေးရုံများသပ်သပ်ရပ်ရပ်ဖြင့် အဆင့်ရှိရှိဖြစ်စေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများက စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❑ *ရှေ့ဖုံးမှ*

**စိစစ်ရွေးချယ်ပေး**

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုဦး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား စာပေပညာ၊ စစ်ပညာဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများ အပေါ်မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံး အသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

**နေ့လယ်စာ အတူတကွသုံးဆောင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်တပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသားဗိုလ်လောင်းများနှင့် အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့သည်။ ယင်းနောက် မွန်းလွဲပိုင်းတွင် စစ်လက်ရုံး ရွေးချယ်မှုအား ဆက်လက်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် ဘုရင့်နောင်တပ်ရင်း ဗိုလ်လောင်း စားရိပ်သာ၌ သင်တန်းသားဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားစဉ်။

# နိုင်ငံခြားသွားရောက်မည့် ပညာတော်သင်များ လမ်းညွှန်မှုခံယူခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၃**

ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ဂျပန်နိုင်ငံရှိ ကျူရှူးတက္ကသိုလ်၊ ကိုဘေးတက္ကသိုလ်နှင့် နာဂိုရာတက္ကသိုလ်များသို့ ပညာသင်သွားရောက်မည့် ဥပဒေအရာရှိများအား Online စနစ်ဖြင့် လမ်းညွှန်အမှာစကား ပြောကြားသည်။

ပညာသင်များသည် ၂၀၁၉ ခုနှစ်မှ စတင်၍ ဂျပန်နိုင်ငံ၏ The Project for Human Resource Development Scholarship (JDS) ပညာသင်ဆုကို ရရှိခဲ့ခြင်း ဖြစ်ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဦးစီးအရာရှိ တစ်ဦးနှင့် ဒုတိယဦးစီးအရာရှိ သုံးဦး စုစုပေါင်း လေးဦး ဂျပန်နိုင်ငံသို့ ပညာဆက်လက် သင်ယူရန်နှင့် သုတေသနစာတမ်း ပြုစုရန် သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဂျပန်နိုင်ငံရှိ ကျူရှူးတက္ကသိုလ်၊ ကိုဘေးတက္ကသိုလ်နှင့် နာဂိုရာတက္ကသိုလ်များသို့ ပညာသင်သွားရောက်မည့် ဥပဒေအရာရှိများအား Online စနစ်ဖြင့် လမ်းညွှန်အမှာစကား ပြောကြားစဉ်။

- နိုင်ငံတော်က ထိုးနှံပေးသည့် ကာကွယ်ဆေးများ၏ ထိရောက်မှုများအပေါ် ယုံကြည်မှု ကင်းမဲ့စေရန် မဟုတ်မမှန် ပြောဆိုမှုများအပြင် မြေပြင်တွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်း နှောင့်ယှက်လျက်ရှိသည်ကို တွေ့ရှိရ
- စေတနာ့ဝန်ထမ်းများ၊ ကာကွယ်ဆေး ထိုးနှံသူများ မလာရဲအောင်၊ မလုပ်ရဲအောင်၊ ပျက်သုဉ်းသွားအောင် လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းများဆောင်ရွက်ခဲ့
- ၎င်းလုပ်ရပ်များသည် မဖြစ်သင့် မဖြစ်ထိုက်သော BIO Terrorism အကြမ်းဖက်လုပ်ရပ်များဖြစ်၊ တစ်နည်းအားဖြင့် လူတစ်ဦးချင်းစီ၏လူ့အခွင့်အရေးအား အကြမ်းဖက်ခြင်းလည်း ဖြစ်၊ ၎င်းတို့နှင့် ပတ်သက်၍လည်း ထိရောက်စွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိ

● *ကျောဖုံးမှ*

ရက်အလိုက် စောင့်ကြပ်ကြည့်ရှုခဲ့ရာ စက်တင်ဘာလ ၅ ရက်မှ စက်တင်ဘာလ ၁၂ ရက်အတွင်း ရောဂါ တွေ့ရှိမှု ၁၀ ရာခိုင်နှုန်းမှာ ၈ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ ကိုဗစ်-၁၉ ရောဂါ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ အစည်းအဝေးအား ကိုဗစ်-၁၉ ရောဂါကူးစက်မှု၊ ပိုးတွေ့ရှိမှု ရာခိုင်နှုန်းထက်ဝက်ကျဆင်းရေး ရည်မှန်းကာ အပတ်စဉ် တနင်္လာနေ့တိုင်း ဇူလိုင်လ ၇ ရက်နေ့မှစ၍ ယနေ့ (၁၂)ကြိမ်မြောက်အဖြစ် ကျင်းပလျက်ရှိကာ အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကိုလည်း Video Conferencing စနစ်ဖြင့် နေ့စဉ်နီးပါး ဆောင်ရွက်ခဲ့ရာ ယခုနောက်ပိုင်း ရက်သတ္တပတ်လျှင်၂ကြိမ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုများကြောင့်လည်း အမြင့်ဆုံး ပိုးတွေ့မှုရာခိုင်နှုန်း ၄၀ ရာခိုင်နှုန်း ပတ်ဝန်းကျင်မှ ယခုအပတ်အတွင်း ၈ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စာရင်းအရ ၈ သိန်းကျော်ရှိပြီး လက်ရှိ ၄ သိန်းကျော် ကာကွယ်ဆေးထိုးနှံထားသဖြင့် ၅၀ ရာခိုင်နှုန်းကျော် ကာကွယ်ဆေးထိုးနှံထားပြီးဖြစ်ကြောင်း၊ ရုံးပိတ်ကာလ ၂ လ နီးပါးကျော် ကြာမြင့်ခဲ့ပြီး သွားလာမှု၊ လုပ်ငန်းလုပ်ဆောင်မှုများကို သတ်မှတ်သည့် စည်းမျဉ်း စည်းကမ်းအတိုင်း ဆောင်ရွက်ခဲ့သဖြင့် ကူးစက်မှုနှုန်း ကျဆင်းလာခဲ့ခြင်းကြောင့်လည်း ရုံးပိတ်ရက်ရှည် ကာလအတွင်း လုပ်ငန်းအချို့ လည်ပတ်မှု ရပ်တန့်မှုအပေါ် ပြန်လည်လည်ပတ်ဆောင်ရွက်နိုင်ရေး ယနေ့ (၁၃-၉-၂၀၂၁) ရက်မှစ၍ ဝန်ကြီးဌာနအလိုက် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းနှင့်အညီ နှစ်ပတ်တက် နှစ်ပတ်နား စနစ်ဖြင့် ရုံးဌာနများ စတင်ဖွင့်လှစ်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

## ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ကုသဆေးနှင့်အထောက်အကူပြု ပစ္စည်းတင်သွင်းမှုများနှင့်ပတ်သက်၍ ကန့်သတ်ချက်များအား ဖြေလျှော့ပေးခြင်း၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်ခဲ့မှု၊ ပြည်သူလူထုအားလုံး၊ ဝန်ထမ်းများအားလုံးကလည်း ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် အိမ်နီးချင်းနိုင်ငံများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ ကုသဆေးနှင့် အထောက်အကူပြုပစ္စည်းများအတွက် ကူညီပံ့ပိုးခွင့်ပြုပေးမှုစသည့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်လတာအတွင်း ရောဂါပိုးကူးစက်မှု ရာခိုင်နှုန်းသိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ ရောဂါကူးစက်မှုနှုန်း ၈ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရသော်လည်း သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၏ သုံးသပ်ချက်၊ နိုင်ငံတကာ၏ စံနှုန်းတို့အရ ကူးစက်မှုနှုန်း ၅ ရာခိုင်နှုန်းအောက်ရောက်မှသာလျှင် စိတ်ချရမည့် အခြေအနေဖြစ်ကြောင်း၊ ထိုသို့စိတ်ချရသည့် ရာခိုင်နှုန်းအောက် လျော့ကျသွားအောင် လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းများကို လက်မလျှော့ဘဲ အားသွန်ခွန်စိုက်ဖြင့် မြန်မြန်ဆန်ဆန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရောဂါကူးစက်မှု လျော့ကျလာသဖြင့် ပြည်သူအများစုက စိုးရိမ်စရာမရှိဟု ယူဆ၍ ကိုဗစ်-၁၉ ရောဂါအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာမှု အားနည်းလာလျှင်လည်းကောင်း၊ တာဝန်ရှိသူများ၏ ကြပ်မတ်မှု အားနည်းလာလျှင်သော်လည်းကောင်း၊ လူစုလူဝေးများ၊ လူအုပ်စုများပါဝင်သည့် အခမ်းအနား ပျော်ပွဲရွှင်ပွဲများ ဆောင်ရွက်ခဲ့လျှင်သော်လည်းကောင်း ရောဂါကူးစက်မှု ပြန်လည်မြင့်တက်လာမည်ဖြစ်ကြောင်း။

## ကြိုးစားဆောင်ရွက်

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအား မည်သူ တစ်ဦးတစ်ယောက်မှ ကြိုတင်သိမြင်ခန့်မှန်းနိုင်မှု မပြုလုပ်နိုင်ရာ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ မပျက်မကွက် ဆက်လက်လိုက်နာရန် လိုအပ်သလို ကာကွယ်ဆေး ထိုးနှံရန် ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ နိုင်ငံတော် ဝန်ကြီးချုပ်က လူတိုင်း အသက်ထက်အရေးကြီးတာ ဘာမှမရှိဟု သတ်မှတ်ထားပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၊ အရေးပေါ်တုံ့ပြန်ရေး ကော်မတီနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အရေးပေါ်တုံ့ပြန်ရေးကော်မတီ အသီးသီးတို့က လူတိုင်းအသက်ရှင်သန်နိုင်ရေးတို့အတွက် တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် ဆေးဝါးများ၊ လိုအပ်သည့် အောက်ဆီဂျင်များအား ပြည်သူအများစုကလည်း ဝိုင်းဝန်းလှူဒါန်းမှု၊ အစိုးရမှ ပံ့ပိုးကူညီဆောင်ရွက်မှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက် အောက်ဆီဂျင် Plant များ တည်ဆောက်ခဲ့မှု စသည်တို့ဖြင့် အဘက်ဘက်က အပြည့်အဝဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရောဂါဖြစ်ပွားမှုအား တွန်းလှန်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများက ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကုသရေးလုပ်ငန်း၊ ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းများကို နှောင့်ယှက်ဖျက်ဆီးနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရကြောင်း။

## ကာကွယ်၊ တုံ့ပြန်ရန်လို

နိုင်ငံတော်က ထိုးနှံပေးသည့် ကာကွယ်ဆေးများ၏ ထိရောက်မှုများအပေါ် ယုံကြည်မှုကင်းမဲ့စေရန် မဟုတ်မမှန် ပြောဆိုမှုများအပြင် မြေပြင်တွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်း နှောင့်ယှက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ စေတနာ့ဝန်ထမ်းများ၊ ကာကွယ်ဆေး ထိုးနှံသူများ မလာရဲအောင်၊ မလုပ်ရဲအောင်၊ ပျက်သုဉ်းသွားအောင် လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းလုပ်ရပ်များသည် မဖြစ်သင့် မဖြစ်ထိုက်သော BIO Terrorism အကြမ်းဖက်လုပ်ရပ်များဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးအား အကြမ်းဖက်ခြင်းလည်းဖြစ်ကြောင်း၊ ၎င်းတို့နှင့် ပတ်သက်၍လည်း ထိရောက်စွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍လည်း လုံခြုံရေးအရ တင်းကျပ်စွာ ကိုင်တွယ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းအပေါ် ထိခိုက်နှောင့်ယှက်လာသူမှန်သမျှ ပြင်းပြင်းထန်ထန် ကာကွယ်၊ တုံ့ပြန်ရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် အစီအမံများချမှတ်ကာ ကာကွယ်ဆေး၊ ကုသဆေးများကို ရရှိအောင် ဆောင်ရွက်လျက်ရှိသဖြင့် ၎င်းလုပ်ငန်းများအပေါ် မနှောင့်ယှက်ရန်လိုကြောင်း။

## QR Code စနစ်ဖြင့် ဆောင်ရွက်

နိုင်ငံတော်အကြီးအကဲအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရေးနှင့် ပတ်သက်၍ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း ကာကွယ်ဆေးထိုးနှံပေးရန် ပြောကြားထားပါကြောင်း၊ နိုင်ငံတွင် နေထိုင်လျက်ရှိသည့် မိမိတို့၏ တိုင်းရင်းသားများအား ကျန်းကျန်းမာမာဖြင့် ကိုဗစ်-၁၉ ရောဂါ ကျော်လွှားနိုင်ရန် ကာကွယ်ဆေးများ ထိုးနှံရန် စေတနာထား ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်း ကော်မတီမှတစ်ဆင့် NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ လက်မှတ်မရေးထိုးရသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးကို ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ကာကွယ်ဆေး ထိုးနှံရာတွင် QR Code စနစ်ဖြင့် ဆောင်ရွက်ရသဖြင့် စာရင်းဇယား အတိအကျဖြင့် ဆောင်ရွက်ရမည်ဖြစ်သောကြောင့် လိုအပ်သည့် အင်အားစာရင်းများ ပေးပို့ရန် ဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း၊ အချို့သော အဖွဲ့အစည်းများက ဆက်သွယ်ပြောဆိုမှုများအပေါ် နားလည်မှုလွဲ၍ ဆေးထိုးနှံမည့် အင်အားတောင်းခံမှုအပေါ် သံသယဖြစ်ပေါ်ခဲ့သည်ကို ကြားသိရကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ စေတနာမှာ တိုင်းရင်းသားအားလုံး ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ကိုဗစ်-၁၉ ကပ်ရောဂါအား ကာကွယ်ဆေးထိုးခြင်းဖြင့် ကျော်လွှားနိုင်စေရန်၊ ဖြစ်ပွားလာပါကလည်း ရောဂါအား ကောင်းမွန်စွာ ခုခံနိုင်ပြီး အမြန်ဆုံးပြန်လည်သက်သာစေရန် စသည့် ကောင်းမွန်စေရန်ရည်ရွယ်ချက်များ၊ စေတနာအပြည့်ထားလျက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

## စနစ်တကျပြန်လည်စိစစ်

ဆက်လက်၍ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ ပြောကြားရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆေးထိုးရန်ကျန် အရေအတွက်များ များပြားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ မြို့နယ်များအလိုက် စနစ်တကျပြန်လည်စိစစ်၍ ထိုးနှံရမည့် အုပ်စုများအလိုက် ကျန်ရှိမှုမရှိစေရေး၊ စာရင်းဇယားများ ရှုပ်ထွေးမှု မရှိစေရေး၊ လုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဖြန့်ဝေပေးထားသည့် ကာကွယ်ဆေးများကို သက်ဆိုင်ရာ အုပ်စုများအလိုက် ထိုးနှံရာတွင် စနစ်တကျနှင့် လျင်မြန်စွာပြီးမြောက်အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် ပြီးပြတ်သွားမည်မဟုတ်သည့်အတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် ကာကွယ်ဆေးအား ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီး ဌာနများကို တာဝန်ပေးအပ်၍ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၌ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဝါယမ စိုက်ထုတ် ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကလည်း လက်ရှိဖြန့်ဝေပေးထားသည့် ကာကွယ်ဆေးများကိုလည်း အမြန်ဆုံး ထိုးနှံနိုင်ရေး၊ ထိုးနှံပြီး စာရင်းဇယားများကိုလည်း မှန်မှန်ကန်ကန်၊ တိတိကျကျ ပေးပို့နိုင်ရေး တို့ကို ဝါယမ စိုက်ထုတ်ဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

## လက်ခံကုသပေးနိုင်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခဲ့မှု၊ ရောဂါပျောက်ကင်းမှုနှင့် လက်ရှိဆေးရုံများတွင် ကုသမှုဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ပိုးတွေ့လူနာနှင့် သံသယလူနာများအား လက်ခံကုသပေးနိုင်ရေးအတွက် ပြင်ဆင်ထားရှိသည့် ဆေးရုံနှင့် စင်တာများ၏ အခြေအနေများ၊ ကျန်းမာရေးဝန်ထမ်းများအား ကာကွယ်ဆေး ထိုးနှံပေးမှုနှင့် ထိုးနှံရန်ကျန်ရှိသည့် အခြေအနေများ၊ ဆေးရုံများအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရောဂါပိုးအား နေ့စဉ်စစ်ဆေးနေမှု ပိုးတွေ့ရှိမှုနှင့် ကူးစက်မှုနှုန်း လျော့ကျလာသည့် အခြေအနေများ၊ အောက်ဆီဂျင်များ ထုတ်လုပ်နိုင်မှု၊ လိုအပ်ချက် ပြည့်မီကျော်လွန်သည်အထိ ထုတ်လုပ်နိုင်မှုအခြေအနေများ၊ စက်တင်ဘာလ ၁၂ ရက်တွင် တရုတ်နိုင်ငံမှ ကာကွယ်ဆေး ၄ သန်း ရောက်ရှိခဲ့မှုနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေများ၊ ကာကွယ်ဆေး ထိုးနှံပြီးစီးမှု၊ ထိုးနှံရန်ကျန်ရှိမှုနှင့် သတ်မှတ်ချက်အတိုင်း စနစ်တကျထိုးနှံနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ။

*စာမျက်နှာ ၅ သို့*

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းအပေါ် ထိခိုက်နှောင့်ယှက်လာသူမှန်သမျှ ပြင်းပြင်းထန်ထန် ကာကွယ်၊ တုံ့ပြန်

## ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ အနေဖြင့် အစီအမံများချမှတ်ကာ ကာကွယ်ဆေး၊ ကုသဆေးများကို ရရှိအောင် ဆောင်ရွက်လျက်ရှိသဖြင့် ၎င်းလုပ်ငန်းများအပေါ် မနှောင့်ယှက်ရန်လို

*စာမျက်နှာ ၄ မှ*

ယခု ကာကွယ်ဆေးထိုးနှံမှုတွင် အသက်(၅၅) နှစ် အထက် လူပုဂ္ဂိုလ်များ၊ မသန်စွမ်းများ၊ EAO များကိုပါ ထပ်မံထည့်သွင်း၍ ထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်ဆေးများ ဝယ်ယူရရှိရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေးများအား စက်တင်ဘာလတွင် ၁၀ သန်း၊ အောက်တိုဘာလတွင် ၁၀ သန်းနှင့် နိုဝင်ဘာလတွင် ၄ သန်းရောက်ရှိလာမည့် အခြေအနေများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကာကွယ်ဆေး၊ ဆေးပစ္စည်းများသာမက လူသားချင်းစာနာထောက်ထားမှုအကူအညီများ လှူဒါန်းပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ပြည်တွင်း၌ပင် Ready to Full စနစ်ဖြင့် ထုတ်လုပ်ဖြန့်ချိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ Relief Flight များ ပြေးဆွဲ၍ ပြည်ပရောက် မြန်မာနိုင်ငံသားများအား ခေါ်ယူဆောင်ရွက်နေမှု ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေး၊ ထိန်းချုပ်ရေး ကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းမှု အခြေအနေများ။

### လျင်မြန်စွာ ထုတ်ယူနိုင်ရေးချိတ်ဆက်

မြန်မာနိုင်ငံအတွင်း လေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်များမှ တစ်ဆင့်တင်သွင်း လျက်ရှိသည့် အခြေအနေများ၊ ဝင်ရောက်လာသည့် ဆေးနှင့် ဆေးပစ္စည်းများအား လျင်မြန်စွာ ထုတ်ယူ ခွင့်ရရှိရေး ဆောင်ရွက်ပေးနေမှု၊ FDA ထောက်ခံချက်ဖြင့် တင်သွင်းခွင့်ပြုထားသည့် ဆေးနှင့် ဆေးပစ္စည်းများအား လျင်မြန်စွာ ထုတ်ယူနိုင်ရေးချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် သတင်း၊ သီချင်း၊ အသိပညာပေး အစီအစဉ်များအား မြန်မာဘာသာဖြင့်သာမက တိုင်းရင်းသားဘာသာများဖြင့်ပါ ထုတ်လွှင့်ပေးနေမှု အခြေအနေများ၊ ရုပ်သံများတွင်သာမက ပြည်သူလူထုအား ကျယ်ပြန့်စွာသိရှိရေး အသိပေးနှိုးဆော်ချက်များအား ရပ်ကွက်များအလိုက် လှည့်လည် ကြေညာဆောင်ရွက်နေမှု အခြေအနေများ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများအား ဆေးထိုးနှံနိုင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ Hot Spot မြို့နယ်များသတ်မှတ်၍ စစ်ဆေးမှု၊ ပိုးတွေ့ရှိမှုနှင့် ကူးစက်မှုနှုန်း လျော့နည်းကျဆင်းလာမှု အခြေအနေများ၊ ကူးစက်မှုနှုန်းလျော့ကျခြင်း မရှိသည့် အချို့မြို့နယ်များ၊ ကူးစက်မှုနှုန်း ပိုမိုမြင့်မားလာသည့် မြို့နယ်များအလိုက် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများ၊ စာသင်တိုက်များ၊ ဘိုးဘွားရိပ်သာများနှင့် နေထိုင်မှုများပြားသည့် နေရာများကို စစ်ဆေးဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ။

### အကျယ်တဝင့် ရှင်းလင်းတင်ပြ

ပြည်ပနိုင်ငံရောက် နိုင်ငံသားများ၏ ပြည်တွင်းပြန်လည်ဝင်ရောက်မှု၊ စစ်ဆေးတွေ့ရှိမှု၊ ကုသဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရွှေ့လျားဈေးကားများနှင့် လှည့်လည်ရောင်းချပေးနေမှုအခြေအနေများ၊ Relief Flight များဖြင့် နိုင်ငံသားများ၊ ဆေးနှင့်ဆေးပစ္စည်းများအား ပြည်တွင်းသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည့် အခြေအနေများ၊ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ရထားလမ်း၊ ရေလမ်း၊ လေကြောင်းလိုင်းများ စဉ်ဆက်မပြတ် ပြေးဆွဲ၍ လူနှင့် ကုန်ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိသည့် အခြေအနေများ၊ တယ်လီဖုန်း Operator များမှ တစ်ဆင့် အသိပညာပေး SMS များ ပေးပို့ခဲ့မှု အခြေအနေများ၊ ဆက်သွယ်မှု ပြတ်တောက်စေရန်အတွက် အကြမ်းဖက်သမားများက တာဝါတိုင်များအား ဖောက်ခွဲဖျက်ဆီးခဲ့သည့် အခြေအနေများနှင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်ဆေးရုံများနှင့် တပ်အသီးသီးတွင် ပိုးတွေ့သူများနှင့် သံသယလူနာများအား ကုသဆောင်ရွက်ပေးနေမှုအခြေအနေများ၊ တိုင်းရင်းဆေးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးဆေး ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

### တိုးမြှင့်ဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရုံးပိတ်ရက်ရှည်ကာလအတွင်း Stay at Home ၁၁၉ မြို့နယ်အနက်မှ သိသာစွာ ပိုးတွေ့မှု ရာခိုင်နှုန်းမကျဆင်းဘဲ တန့်ရပ်နေသည့် ၆၅ မြို့နယ်တွင် စာရင်းအရ သိသိသာသာ ကျဆင်းသည့် မြို့နယ် ၉ မြို့နယ်ရှိပြီး တိုးမြင့်လာသည့် မြို့နယ် ၄ မြို့နယ်ရှိကြောင်း။ ၎င်းမြို့နယ်များတွင် Hot Spot ဧရိယာ၌ မပါဝင်သည့် မြို့နယ် ၁၁ မြို့နယ်ရှိသည်ကို တွေ့ရှိရသည့်အတွက် လိုအပ်သည့် ရောဂါပိုးစစ်ဆေးမှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းများတွင် ကာကွယ်ဆေးများကို ဖြန့်ဝေပေးပို့ထားသော်လည်း ထိုးနှံရန်ကျန်ရှိသည့် အရေအတွက် များပြားနေသည်ကို တွေ့ရှိရကြောင်း။

### ဦးစားပေးအဆင့်လိုက် ထိုးနှံ

ထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများကို လျင်မြန်စွာ ဆက်လက်ဖြန့်ဝေပေးပို့သွားမည်ဖြစ်သဖြင့် ဆေးထိုးရန်ကျန်ရှိမှု များပြားသဖြင့် Cold Chain များတွင် သိုလှောင်ရေး အခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ကာကွယ်ဆေးများအား စနစ်တကျ ထိန်းသိမ်းနိုင်ခြင်းမရှိပါက နိုင်ငံခြားငွေဖြင့် ဝယ်ယူထားရသည့် ကာကွယ်ဆေးများ ပျက်စီးဆုံးရှုံးနိုင်သဖြင့် ကာကွယ်ဆေးထိုးနှံမှုကို အမြန်ဆုံးထိုးနှံပြီးစီးအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပေးပို့လိုက်သည့် ကာကွယ်ဆေးများကို လည်း မြို့နယ်များအလိုက် ဦးစားပေးအဆင့်လိုက် ထိုးနှံဆောင်ရွက်ပေးရန်အတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပြီးစီးသူများကိုလည်း QR Code များဖြင့် မှတ်တမ်းပြုစုရမည်ဖြစ်သဖြင့် စာရင်းဇယားများကို စနစ်တကျပြုစုထားရန် လိုအပ်ကြောင်းနှင့် ယခု ကာကွယ်ဆေး ထိုးနှံရာတွင် အချို့ဒေသများတွင် မှတ်ပုံတင် မရှိသည်များ၊ မှတ်ပုံတင်ပျောက်ဆုံးလျက်ရှိသူများကို တွေ့ရှိရသဖြင့် ဝန်ကြီးချုပ်များအနေဖြင့် တစ်ဖက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ ပြီးစီးမှုစာရင်းဇယား မှန်ကန်စေရေးနှင့် တစ်ဖက်၌လည်း ပန်းခင်းစီမံချက်ကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကာကွယ်ဆေးထိုးနှံသည့်အဖွဲ့၌ ပန်းခင်းစီမံချက်လုပ်ငန်းမှ တာဝန်ရှိသူအချို့ပါ ထည့်သွင်းဖွဲ့စည်းပါက ပန်းခင်းစီမံချက် ဆောလျင်စွာ ပြီးစီးရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

### မျက်ခြည်မပြတ် ဆောင်ရွက်


သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ဝန်ကြီးချုပ်များက လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ကြပ်မတ်ဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း၊ ကာကွယ်ဆေးထိုးနှံရာတွင် ပုဂ္ဂလိကအသင်းအဖွဲ့များကပါ ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း ဆေးထိုးနှံပေးမည့်သူများမှာ သက်မှတ်ချက်နှင့် ကိုက်ညီသည့် ကျန်းမာရေး ဝန်ထမ်းများကိုသာ တာဝန်ပေးအပ်ရန်လိုကြောင်း၊ ကာကွယ်ဆေးထိုးသည့် အရေအတွက် စာရင်းဇယား တိကျမှန်ကန်မှုရှိစေရေးအတွက်လည်း ကာကွယ်ဆေးထိုးသည့်ပုဂ္ဂလိကအသင်းအဖွဲ့တာဝန်ရှိသူများမှ စာရင်းဇယားများ စနစ်တကျရေးသွင်း ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက် ကုသမှုခံယူရသည့် လူနာများ လျော့ကျလာသည်ကို တွေ့ရှိရသော်လည်း သက်ဆိုင်ရာ ဆေးရုံများတွင် အခြားရောဂါများနှင့် ကိုဗစ်-၁၉ ရောဂါတို့အတွက် အရေးပေါ်ကုသရေး အခန်းများသီးခြားပြင်ဆင်မှုများကို ပြင်ဆင်ထားရန်လိုပြီး အချိန်မရွေး ကုသပေးနိုင်အောင် ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် ဆောင်ရွက်ခဲ့သော ကုသရေးစင်တာများကို ကူးစက်မှုနှုန်း လျော့ကျလာချိန်တွင် အချို့နေရာများ၌ ပြန်လည်ရုပ်သိမ်းမှုများ ဆောင်ရွက်လျက်ရှိရာတွင် ပြင်ဆင်ထားရှိသည့် အဆောက်အဦများအလိုက် ဆက်စပ်ပစ္စည်းကိရိယာများကို စနစ်တကျ သိမ်းဆည်း၍ လိုအပ်လာပါက ချက်ချင်းအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ၈ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ရှေ့ဆက်ဖြစ်လာနိုင်သည်များကို ကြိုတင်မျှော်တွေးကာ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ နေ့စဉ်မျက်ခြည်မပြတ် ကြည့်ရှုစစ်ဆေးကာ ဖြစ်ပေါ်လာသည့် အခြေအနေများကို အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ဗဟိုကော်မတီများသို့ အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်တင်ပြ၍ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပညာပေးလုပ်ငန်းများကို မျက်ခြည်မပြတ် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

# အပူပိုင်းဒေသ၏ ပူပြင်းသော ရာသီဥတု၊ မိုးခေါင်ရေရှားမှုနှင့် မြေအမျိုးအစား ညံ့မှုများကြားက စိုက်ခင်း အတွေ့အကြုံများနှင့် သုတေသနရလဒ်များ ပေါင်းစပ်၍ စိုက်ခင်းများကို အောင်မြင်အောင် စိုက်ပျိုးတည်ထောင်

**နေပြည်တော် စက်တင်ဘာ ၁၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ သစ်တောကျောင်း၌ တိုင်းဒေသကြီးအတွင်းရှိ သစ်တောနှင့် သတ္တုကဏ္ဍတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။(ယာပုံ)





ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ရေဝင်နည်းခြင်းနှင့် ရေလျော့ကျခြင်းတို့အတွက် မြေပြင်အခြေအနေမှန်ကို ကွင်းဆင်းစစ်ဆေးရေး၊ ပြင်ဦးလွင်ဒေသအထိမ်းအမှတ် ချယ်ရီပင်များ စိုက်ပျိုးရေး၊ ပြင်ဦးလွင်ခရိုင်ရှိ သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို စီမံချက်ချ၍ အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကော်ဖီစိုက်ခင်းများ၊ ပုဂ္ဂလိကစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းများ ခွင့်ပြုပေးထားမှုအပေါ် သတ်မှတ်စည်းကမ်းများ လိုက်နာမှုရှိ/မရှိ ကြပ်မတ်စစ်ဆေးရေး၊ ကာကွယ်ထိန်းသိမ်းခြင်းနှင့် သစ်တောစိုက်ခင်း တည်ထောင်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရေး၊ သစ်တောစိုက်ခင်းများ ရှင်သန်အောင်မြင်ရန် သုတေသနလုပ်ငန်းသည် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည့်အတွက် အလေးထားဆောင်ရွက်ရေး၊ အပူပိုင်းဒေသ၏ ပူပြင်းသော ရာသီဥတု၊ မိုးခေါင်ရေရှားမှုနှင့် မြေအမျိုးအစား ညံ့မှုများကြားက စိုက်ခင်းအတွေ့အကြုံများနှင့် သုတေသနရလဒ်များ ပေါင်းစပ်၍ စိုက်ခင်းများကို အောင်မြင်အောင် စိုက်ပျိုးတည်ထောင်ရန် အရေးကြီးမှု၊ သစ်တောနှင့် သတ္တုသယံဇာတ အပါအဝင် မြေပေါ်မြေအောက် သယံဇာတထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် ဝန်ကြီးဌာနအတွက် အရေးကြီးမှု၊ နိုင်ငံအတွက် မြေပေါ်၊ မြေအောက် သယံဇာတ ထုတ်ယူရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်ရမည့်အပြင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး အလေးထားလိုက်နာရမည်ဖြစ်ကြောင်း မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ်ရှိ မြန်မာနိုင်ငံသစ်တောကျောင်း၊ မြန်မာနိုင်ငံမြေတိုင်းကျောင်း၊ မေမြို့ထင်းကြိုးဝိုင်း အကွက်အမှတ် (၁၄၊၂၃၊၂၇၊၃၇)အတွင်း ပုဂ္ဂလိက ကော်ဖီစိုက်ခင်းများနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးထားမှုနှင့် စည်းကမ်းချက်များအပေါ် လိုက်နာဆောင်ရွက်မှု ရှိ/မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

# နိုင်ငံတော်အစိုးရ တာဝန်ယူမှု ခုနစ်လမြောက်၏ မှတ်တိုင်များ

ကနောင်

*ယမန်နေ့မှအဆက်*

အကြမ်းဖက်မှုတွေကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြဖို့နဲ့ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုများနဲ့ ပတ်သက်တဲ့သတင်းတွေ၊ အကြမ်းဖက်မှုဖြစ်စေဖို့ အင်တာနက်၊ လူမှုကွန်ရက်တွေပေါ်မှာ လုပ်ကြံဖန်တီးတဲ့ သတင်းမှားထုတ်လွှင့်နေသူတွေကို ရဲစခန်း၊ လုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးဖို့ အသိပေးထားချက်ပဲဖြစ်ပါတယ်။ သတင်းပေးသူ၊ ဖမ်းဆီးပေးသူများကို အထူးလျှို့ဝှက်ထားပေးမှာဖြစ်ပြီး သတင်းပေးသူရဲ့ လုံခြုံမှုနဲ့ ဆက်စပ်သူတွေရဲ့ လုံခြုံမှုတွေကို တာဝန်ယူပေးမှာဖြစ်တဲ့အပြင် ထိုက်တန်စွာဆုချီးမြှင့်သွားဖို့အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့က ယခုလအတွင်း အသိပေးထုတ်ပြန်ခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံတွေကို မရပ်နားဘဲ အလုပ်ရှင်၊ အလုပ်သမားတွေ ထိခိုက်နစ်နာမှုမရှိစေဖို့ ကိုဗစ်စည်းကမ်းချက်တွေနဲ့အညီ စနစ်တကျစစ်ဆေးပြီးမှ ဖွင့်လှစ်ခွင့်ပေးခဲ့သလို အလုပ်သမားထုကြီးရဲ့ အခက်အခဲတွေကိုဖြေရှင်းဖို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးပွဲကိုလည်း ဩဂုတ်လ ၃ ရက်က ကျင်းပခဲ့ပြီး အလုပ်သမားတွေရဲ့ အခွင့်အရေးနဲ့အခက်အခဲတွေကို ညှိနှိုင်းပေးခဲ့ပါတယ်။ ထို့အတူ လူမှုဖူလုံရေးအဖွဲ့ကို ထည့်ဝင်ကြေးတွေ ပေးသွင်းရာမှာလည်း အလုပ်ရှင်၊ အလုပ်သမား အခက်အခဲများကို ဖြေလျှော့ပေးတဲ့အစီအစဉ်အဖြစ် ခြောက်လ နောက်ဆုတ်ပေးသွင်းခွင့်နဲ့ အဲဒီကာလတွေမှာ ပျက်ကွက်ကြေးကိုလည်း ကင်းလွတ်ခွင့်ကို ဩဂုတ်လ ၆ ရက်က ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အာမခံအလုပ်သမားတွေအတွက် လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်းကို ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်မှာ ဩဂုတ်လ ၂၇ ရက်က ဖွင့်လှစ်ပေးနိုင်ခဲ့တဲ့အပြင် စက်မှုဇုန်များက အာမခံ အလုပ်သမားများအပါအဝင် ယခုလအတွင်းမှာ လူမှုဖူလုံရေးအကျုံးဝင်အာမခံအလုပ်သမား ၈၉၃၇၇၂ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။



ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဒုတိယအကြိမ် ထိုးနှံနိုင်ရေးအတွက် ဝေးလံခက်ခဲဒေသများသို့ တပ်မတော်လေယာဉ်ဖြင့် ဖြန့်ဖြူးပေးနေစဉ်။

နိုင်ငံတော်အစိုးရရဲ့ ပြည်သူအကျိုးစီးပွားအတွက် ဆောင်ရွက်ချက်တစ်ခုအနေနဲ့ ရေးဖွင့်ထားတဲ့အမှုတွေကို ဥပဒေနဲ့အညီ ပိတ်သိမ်းပေးတာ၊ ရုပ်သိမ်းပေးမယ့်အကြောင်း ဩဂုတ်လ ၃ ရက်က သိရှိခဲ့ရပါတယ်။ လူသတ်၊ လုယက်၊ မီးရှို့၊ မိုင်းခွဲစတဲ့အကြမ်းဖက်လုပ်ရပ်တွေကို ပြည်သူ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူ့ဝန်ထမ်းတွေ၊ နိုင်ငံပိုင်လမ်း၊တံတား၊အဆောက်အအုံတွေအပေါ် လုပ်ဆောင်ခဲ့သူ၊ CDM လှုပ်ရှားမှုတွေကို ကာယကံမြောက် ထဲထဲဝင်ဝင် လုပ်ဆောင်သူတွေမှအပ စိုးရိမ်စိတ်နဲ့ ထွက်ပြေးတိမ်းရှောင်နေတဲ့ ဝန်ထမ်းတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေနဲ့ ပြည်သူတွေကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ဖို့ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ဆက်သွယ်နိုင်တဲ့လိပ်စာနဲ့ ဖုန်းနံပါတ်တွေကို ဖော်ပြပေးပြီး လက်ခံခေါ်ယူခဲ့တာကြောင့် ဩဂုတ်လ ၄ ရက်မှ ၁၂ ရက်အကြား ကျန်းမာရေး၊ ပညာရေးနဲ့ အလွှာစုံက တိမ်းရှောင်နေသူ ၂၂၇ ဦး ဆက်သွယ်လာခဲ့ပြီး သတ်မှတ်ချက်နဲ့ ကိုက်ညီမှုရှိခဲ့တဲ့ ၁၅၀ ဦးရဲ့ အမှုတွေကို ပိတ်သိမ်းပေးခဲ့သလို ကျန်ရှိအမှုတွေကိုလည်း အမြန်ပိတ်သိမ်းနိုင်ဖို့ စိစစ်ဆောင်ရွက်နေတာကို သိရှိရပါတယ်။

**စီးပွားရေးအတွက် ခြေလှမ်းများစွာ**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေတဲ့ကာလအတွင်း မိမိတို့နိုင်ငံရဲ့ အခြေခံစီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ စိုက်ပျိုးရေးနဲ့မွေးမြူရေးကဏ္ဍတိုးတက်မြင့်မားဖို့အတွက် ကြိုးပမ်းဆောင်ရွက်ချက်တွေကို ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးမှာ အင်တိုက်အားတိုက် လုပ်ဆောင်လာတာကိုလည်း မြင်တွေ့ရပါတယ်။

အစိုးရ၊ တပ်မတော်နဲ့ ပုဂ္ဂလိကပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကနေ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်တိုးတက်လာဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ဝန်ကြီးချုပ်တွေ၊ တိုင်းမှူးတွေနဲ့ တာဝန်ရှိသူတွေက လိုအပ်ချက်တွေကို နေ့စဉ်လိုက်လံဖြည့်ဆည်းပေးလျက်ရှိတာကိုလည်း အားတက်ဖွယ်မြင်တွေ့ရပါတယ်။ အစိုးရ၊ တပ်မတော်နဲ့ ပုဂ္ဂလိကပိုင် မွေးမြူရေးခြံများနဲ့ စိုက်ပျိုးရေးစခန်းတွေကို သွားရောက်ကြည့်ရှုပြီး လိုအပ်တာတွေကို ဖြည့်တင်းပေးနိုင်ဖို့၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တွင်ကျယ်စေဖို့ ဆောင်ရွက်လျက် ရှိပါတယ်။



ပြည်သူများအား ဈေးကားများဖြင့် အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် လိုက်လံရောင်းချပေးနေမှုကို တွေ့ရစဉ်။

နိုင်ငံခြားရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်ချက်နဲ့ပတ်သက်ပြီး လိုင်စင်ရဘဏ်တွေ၊ နိုင်ငံခြားသုံးငွေရောင်းဝယ်သူတွေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တာဝန်ရှိသူတွေ တွေ့ဆုံပြီး ရောင်းဈေး၊ ဝယ်ဈေးကွာခြားမှု နည်းပါးစေဖို့၊ ဒေါ်လာဈေးမြင့်မားမှုကြောင့် အခြားကုန်စည်တွေ ဈေးမြင့်တက်မှုကို တားဆီးနိုင်ဖို့ ဩဂုတ်လ ၃ ရက်က ညှိနှိုင်းအဖြေရှာခဲ့ကြတာကိုလည်း တွေ့မြင်ရပါတယ်။

စိုက်ပျိုးရေးသီးနှံတွေကို ပြည်ပတင်ပို့မှုအားကောင်းစေဖို့ ဆောင်ရွက်လျက်ရှိရာမှာ ပြီးခဲ့တဲ့ ဇွန်လက နှစ်နိုင်ငံအကြား မတ်ပဲနဲ့ပဲစင်းငုံရောင်းဝယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အကောင်အထည်ဖော်တဲ့အနေနဲ့ အိန္ဒိယနိုင်ငံကို မတ်ပဲနဲ့ပဲစင်းငုံ သတ်မှတ်တန်ချိန်ပြည့်မီအောင်တင်ပို့နိုင်ဖို့အတွက် ယခုလအတွင်း ညှိနှိုင်းဆောင်ရွက်မှုများစတင်နိုင်ခဲ့တာကို ဩဂုတ်လ ၉ ရက်က မြင်တွေ့ရပါတယ်။ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အားကောင်းစေဖို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကြိုးပမ်းလျက်ရှိနေပြီး စံပြကျေးရွာစီမံကိန်းလုပ်ငန်းများကိုလည်း အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ဩဂုတ်လအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် အစိုးရရုံးများ၊ ဈေးများ၊ စာသင်ကျောင်းများကို ပိတ်ထားခဲ့ရပေမယ့် ကမ်းဝေးငါးဖမ်းလုပ်ငန်းနဲ့ ရေထွက်ပစ္စည်း ပြည်ပတင်ပို့တာတွေကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာမှာ ဩဂုတ်လပထမပတ်အတွင်း ပင်လယ်ကမ်းဝေးငါးဖမ်းရေယာဉ် ၅၇၃ စင်းကို မူလခွင့်ပြုထားတဲ့ ၈၉၉ စင်းအပါအဝင် စုစုပေါင်း ငါးဖမ်းရေယာဉ် ၁၄၇၂ စင်းနဲ့ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိခဲ့တာကိုလည်း ဩဂုတ် ၉ ရက်က သိရှိရပါတယ်။ ဩဂုတ်လအတွင်း ကော့သောင်း-ရနောင်း နယ်စပ်ကုန်စည်ကူးသန်းရောင်းဝယ်မှု သတ်မှတ်ချိန်တွေကို တိုးမြှင့်ခွင့်ပြုပေးခဲ့တာကိုလည်း ဩဂုတ် ၁၃ ရက်က တွေ့ရှိရပါတယ်။ မူလက နေ့စဉ်နံနက် ၆ နာရီက မွန်းလွဲ ၁ နာရီအတွင်းသာ ကုန်သွယ်မှုတွေ ဆောင်ရွက်ခဲ့ရသော်လည်း ယခုမူ နံနက် ၆ နာရီမှ ညနေ ၆နာရီအထိ နေ့စဉ်တိုးမြှင့်ကုန်သွယ်မှုပြုနိုင်ခဲ့ပြီဖြစ်ပါတယ်။

အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) ၂၀၂၅ လုပ်ငန်းစီမံချက်မှာ ပါဝင်တဲ့ လုပ်ငန်းကော်မတီ ၂၂ ခုရဲ့ လုပ်ငန်းညှိနှိုင်းမှုတွေကို ဩဂုတ်လ ၁၃ ရက်က ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထို့အတူ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးဇုန်နဲ့ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို ပိုမိုရင်းနှီးမြှုပ်နှံနိုင်စေဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေက လိုအပ်တဲ့ပံ့ပိုးမှုတွေ ပေးအပ်နိုင်ဖို့အတွက် အစည်းအဝေးတစ်ရပ်ကိုလည်း ဩဂုတ်လဒုတိယပတ်အတွင်းက ကျင်းပခဲ့ပါတယ်။ စီမံကိန်းတွေအတွက် မြေနေရာ သတ်မှတ်တာတွေကနေ ဝန်ဆောင်မှု၊ ထုပ်ပိုးမှု၊ သယ်ယူပို့ဆောင်မှု၊ သုတေသနစတဲ့ လုပ်ငန်းအောင်မြင်နိုင်ရေးကိစ္စရပ်တွေအတွက် အဖြေရှာပူးပေါင်းဆောင်ရွက်ခဲ့ကြတာကိုလည်း မြင်တွေ့ရပါတယ်။

ယခုလအတွင်းမှာ အခြေခံစားကုန်နဲ့ အိမ်သုံးဆေးဝါးတွေကို ရွေ့လျားဈေးကားစနစ်နဲ့ ဈေးနှုန်းချိုသာစွာ လှည့်လည်ရောင်းချပေးနိုင်ခဲ့တဲ့အတွက် ကိုဗစ်ကြောင့် ဆေးလိုအပ်ချက်နဲ့ စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့တာကြောင့် ပြည်သူများအတွက် အဆင်ပြေလွယ်ကူခဲ့ပါတယ်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာတဲ့ စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီက ဦးဆောင်ရေးဆွဲတဲ့ မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာစေရေးစီမံချက်ကို ဩဂုတ်လ ၂၅ ရက်က အပြီးသတ် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ စီမံချက်အတွင်း လုပ်ငန်းအစီအစဉ် ၁၀ ခု၊ မျှော်မှန်းချက် ၂၇ ခု၊ လုပ်ငန်းစဉ် ၄၀၇ ခုတို့ ပါဝင်ကြောင်း သိရှိရပါတယ်။ ကော်မတီဝင်များက စီမံချက်မူကြမ်းအပေါ် ဝိုင်းဝန်းဖြည့်စွက် ဆွေးနွေးခဲ့ကြပြီးဖြစ်တာကြောင့် အတည်ပြုနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ပါတယ်။



**တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နှင့် ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့က လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပစ္စည်းများ ဩဂုတ် ၂၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။**

### တတိယလှိုင်းကို အန်တု၊ အောင်မြင်စွာ ဖြတ်ကျော်

ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ်လအတွင်း ပြည်သူလူထုထံကို အသိပေးချက်များ ထုတ်ပြန်ခဲ့ပါတယ်။ မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ ထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးကော်မတီရဲ့ ဦးဆောင်မှုနဲ့ ပြည်သူလူထုကို အခမဲ့ကာကွယ်ဆေး ထိုးနှံပေးခဲ့ခြင်း၊ အရည်အသွေးကောင်းမွန်ပြီး ဘေးကင်းစိတ်ချရတဲ့ ကာကွယ်ဆေးတွေဖြစ်ရန် လိုအပ်ခြင်းနဲ့ ဈေးကွက်အတွင်း ကာကွယ်ဆေးအတုအပများ ရောင်းချနေခြင်းမှာ ရောဂါကာကွယ်နိုင်ခြင်းမရှိတဲ့အပြင် ဘေးအန္တရာယ်ပါဖြစ်စေနိုင်တဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနက တရားဝင် အသိအမှတ်ပြုထားတဲ့ ကာကွယ်ဆေးတွေကိုသာ ထိုးနှံကြဖို့ နိုင်ငံတော်အစိုးရက တိုက်တွန်းခဲ့သလို တရားမဝင်ကာကွယ်ဆေး အတုအပများ ဖြန့်ဖြူး ရောင်းချနေမှုတွေကိုလည်း အရေးယူသွားမှာဖြစ်တယ်လို့ အသိပေးခဲ့ပြီး ဆေး ဈေးကွက်အတွင်း မှန်ကန်မျှတတဲ့ ဈေးနှုန်းတွေကိုလည်း နေ့စဉ်ထုတ်သတင်းစာတွေမှာ ဖော်ပြပေးခဲ့ပါတယ်။

အများပြည်သူရုံးပိတ်ရက်တွေအဖြစ် ကြေညာခဲ့တဲ့ ကာလတစ်လျှောက် နယ်စပ်ကုန်သွယ်ရေးစခန်းတွေမှာ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းတွေကို ရပ်ဆိုင်းထားခြင်းမရှိဘဲ ဆောင်ရွက်ပေးနေသလို ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုတွေကိုလည်း အွန်လိုင်းမှတစ်ဆင့် ပုံမှန်ခွင့်ပြုပေးလျက်ရှိပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ဆိုင်တဲ့ ဆေးနဲ့ ဆက်စပ်ပစ္စည်းတွေကို တင်သွင်းခွင့်ပြုပေးခဲ့တာတွေကိုလည်း နေ့စဉ်မြင်တွေ့ခဲ့ရပါတယ်။

တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှာရှိတဲ့ ပြည်သူ့ဆေးရုံ၊ တပ်မတော်ဆေးရုံ၊ ကျန်းမာရေးဌာနတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ကိုဗစ်စင်တာတွေ၊ ပရဟိတအသင်းအဖွဲ့တွေထံကို အောက်ဆီဂျင်အိုးအပါအဝင် ရောဂါကာကွယ်ရေးအထောက်အကူပြု ပစ္စည်းတွေကို ဖြန့်ဝေလှူဒါန်းခြင်းတွေကို ယခုလအတွင်း အများဆုံးမြင်တွေ့ခဲ့ရပါတယ်။ ကိုဗစ်အတည်ပြုလူနာများနဲ့ သီးသန့် စောင့်ကြည့်ရမယ့်သူများအတွက် နေရာထိုင်ခင်း ကြိုတင်ပြင်ဆင်မှုတွေကိုလည်း တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးမှာရှိတဲ့ တပ်မတော်ဆေးရုံတွေ၊ နယ်မြေခံသင်တန်းကျောင်းတွေ၊ စစ်ကြောရေးနဲ့တည်းခိုရေးစခန်းတွေမှာ စဉ်ဆက်မပြတ် ကြိုတင်ပြင်ဆင်တာ၊ လက်ခံထားရှိတာတွေကို လုပ်ဆောင်ခဲ့ပါတယ်။

ထို့အတူ ကျန်းမာရေးဝန်ကြီးဌာနကနေ ဩဂုတ်လ ၂ ရက်မှာ ပြည်သူသို့ အသိပေး ပြန်ကြားချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပါတယ်။ Stay at Home ကာလ စည်းကမ်းမလိုက်နာသူတွေကို အနယ်နယ်အရပ်ရပ်မှာ အရေးယူတာ၊ အသိပညာပေးတာတွေကို လုပ်ဆောင်လျက်ရှိပါတယ်။ အိမ်သုံးဆေးဝါးတွေနဲ့ ကျန်းမာရေးသုံးပစ္စည်းတွေကို သိုလှောင်တာ၊ အမြတ်တင်ရောင်းချနေတာတွေကိုလည်း ဖော်ထုတ်အရေးယူခြင်းများကို ဩဂုတ်လအတွင်း လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ထို့အတူနိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ကာလ တိုးမြှင့်တာ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီက အသိပေးကြေညာချက်တွေ ထုတ်ပြန်တာတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေကိုလည်း ယခုလအတွင်း အများပြည်သူများရဲ့ လှူဒါန်းမှုမြင့်တက်လာခဲ့တာကို ဝမ်းမြောက်ဖွယ်သိရှိရပါတယ်။ ရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီရဲ့ အသိပေးကြေညာချက်တွေအရ လှူဒါန်းရရှိမှုနဲ့ ကာကွယ်ဆေးဝယ်ယူမှု အခြေအနေတွေကိုလည်း ပွင့်လင်းမြင်သာစွာသိရှိခွင့် ရခဲ့ပါတယ်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများအတွက် နောက်ဆက်တွဲလိုအပ်ချက်တစ်ခုဖြစ်တဲ့ အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ပြည်သူ့ဆေးရုံတွေနဲ့ တပ်မတော်ဆေးရုံတွေမှာ အောက်ဆီဂျင်ထုတ်လုပ်တဲ့ စက်ရုံများ တည်ဆောက်လျက်ရှိရာ ဩဂုတ်လအတွင်း ပြီးစီးသွားသည့် စက်ရုံများစွာ ထွက်ပေါ်လာခဲ့ပြီ ဖြစ်ပါတယ်။ ထို့အတူ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ပြည်သူတွေအားလုံး သတ်မှတ်အုပ်စုများအလိုက် ကာကွယ်ဆေးထိုးနှံပေးနိုင်ဖို့အတွက် ကာကွယ်ဆေးတွေကို မြေပြင်အအေးလမ်းကြောင်း မော်တော်ယာဉ်တွေနဲ့ ဖြန့်ဖြူးပေးလျက်ရှိသလို၊ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များနဲ့လည်း ဖြည့်ဆည်း ဖြန့်ဖြူးပေးနေတာကို မြင်တွေ့ရပါတယ်။

ဩဂုတ်လ ၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေ ဝယ်ယူထားတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်သန်းရောက်ရှိလာခဲ့သလို တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်နဲ့ ပေကျင်းမြို့မှာရှိတဲ့ မြန်မာသံရုံး၊ စစ်သံရုံးတို့က လှူဒါန်းတဲ့ ကာကွယ်ဆေးများနဲ့ ဆေးဘက်ဆိုင်ရာအထောက်အကူပစ္စည်းများ ဩဂုတ်လ ၂၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်းကောင်း၊ တရုတ်နိုင်ငံမှ ဝယ်ယူထားတဲ့ ကာကွယ်ဆေး ၂ သန်းမှာ ဩဂုတ် ၂၈ ရက်က လည်းကောင်း ရောက်ရှိလာခဲ့ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန ကနေ ကိုဗစ်- ၁၉ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းတွေကို ပိုမိုထိရောက်စေဖို့အတွက် ဩဂုတ်လအတွင်း မြင်းခြံမြို့နယ်၊ ဘီးလင်းမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ နေပြည်တော် တပ်ကုန်းမြို့နယ်၊ ထားဝယ်မြို့နယ်၊ မြိတ်မြို့နယ်၊ မိုးညှင်းမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ လွိုင်ကော်မြို့နယ်၊ ကျွန်းလှမြို့နယ်၊ ချောင်းဆုံမြို့နယ် စတဲ့ မြို့နယ်တွေကို Stay at Home မြို့နယ်များအဖြစ် သတ်မှတ်ခဲ့ပါတယ်။

### သတင်းမှန်စီးဆင်းမှု မြန်ဆန်စေရေး ကြိုးပမ်းလျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ကို ဩဂုတ်လအတွင်း ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများထံက ဆက်သွယ်မေးမြန်းမှုများရှိခဲ့ပြီး သတင်းမှန်ရရှိရေးအတွက် အချိန်နဲ့တစ်ပြေးညီ ပြန်လည်ဖြေကြားပေးလျက်ရှိတာကိုလည်း မြင်တွေ့ရပါတယ်။ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့အမည်ကို အလွဲသုံး၍ သတင်းမှားလွှင့်တင်ခြင်းကို ဩဂုတ်လ ၁၁ ရက်က ပြန်လည်ရှင်းလင်းထုတ်ပြန်ခဲ့ပါတယ်။

မီဒီယာကဏ္ဍ တိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များကို ရွေးချယ်တင်မြှောက်ခဲ့ပြီး အသစ်ပြန်လည်ဖွဲ့စည်းမှုတွေကို ဩဂုတ်လအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က နိုင်ငံခြားသံရုံး ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများနှင့်တွေ့ဆုံကာ(၈/၂၀၂၁) သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၂၇ ရက်က ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးနည်းလမ်းများနဲ့အညီ ပြုလုပ်ခဲ့ပါတယ်။ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာမှာ နိုင်ငံတော်အစိုးရရဲ့ နိုင်ငံရေး၊ လူမှုရေးနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော်နေမှုဆိုင်ရာများနဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး စတဲ့ကိစ္စရပ်တွေကို ဗီဒီယိုဖိုင်များနဲ့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ထို့နောက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရွေးကောက်ပွဲဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ ပယ်ဖျက်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့မှုနဲ့ ကော်မရှင်ရဲ့ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူတွေရဲ့ မေးမြန်းမှုတွေကို သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်နဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်တို့က ပြန်လည်ဖြေကြားပေးခဲ့ပါတယ်။


နိဂုံးချုပ်တင်ပြရလျှင် နိုင်ငံတော်အစိုးရဆိုတာ နိုင်ငံနဲ့ ပြည်သူတွေကို အကျိုးစီးပွားဖြစ်ထွန်းစေဖို့၊ တည်ငြိမ်အေးချမ်းစေဖို့နဲ့ အခက်အခဲ၊ အကျပ်အတည်းတွေနဲ့ မှားယွင်းတိမ်းချော်မှုတွေကို ပြန်လည်တည့်မတ်စေဖို့ ပေါ်ထွက်ခဲ့ရသူများဖြစ်ပါတယ်။ ပြည်သူနဲ့အစိုးရအကြား အပြန်အလှန် ချစ်ခင်ရင်းနှီးစွာ၊ ယုံကြည်လေးစားစွာ ပူးပေါင်းဆောင်ရွက်ကြခြင်းရဲ့ ရလဒ်အဖြစ် ကိုဗစ်တတိယလှိုင်းကို လျော့နည်းကျဆင်းအောင် ကြိုးပမ်းခဲ့တဲ့ ဩဂုတ်လက သက်သေတည်နေပြီဖြစ်ပါတယ်။ ရှေ့အနာဂတ် ကာလများမှာလည်း ယခုထက်ပိုမိုတဲ့ သွေးစည်းညီညွတ်မှုကို အရင်းခံပြီး ဒီမိုကရေစီနိုင်ငံတော် သမိုင်းသစ်ကို အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ အတူတကွ ထုဆစ်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။ ။

- **စက်မှုဇုန်များက အာမခံအလုပ်သမားများအပါအဝင် ယခုလအတွင်းမှာ လူမှုဖူလုံရေး အကျုံးဝင်အာမခံအလုပ်သမား ၈၉၃၇၇၂ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့**
- **အိမ်သုံးဆေးဝါးတွေနဲ့ ကျန်းမာရေးသုံးပစ္စည်းတွေကို သိုလှောင်တာ၊ အမြတ်တင်ရောင်းချနေတာတွေကိုလည်း ဖော်ထုတ်အရေးယူခြင်းများကို ဩဂုတ်လအတွင်း လုပ်ဆောင်နိုင်ခဲ့**

# အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် တရုတ်၊ ကိုရီးယား၊ ဆွစ်ဇာလန်၊ အပေါင်းသုံး စီးပွားရေးဝန်ကြီးများ အစည်းအဝေးများနှင့် မဲခေါင် – ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

အကြိမ် (၂၀) မြောက် အာဆီယံ – တရုတ် စီးပွားရေးဝန်ကြီးများအစည်းအဝေး၊ (၁၈) ကြိမ်မြောက် အာဆီယံ –ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၃) ကြိမ်မြောက် မဲခေါင် – ဂျပန် စီးပွားရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံ–ဆွစ်ဇာလန် Troika စီးပွားရေး ဝန်ကြီးများအစည်းအဝေး၊ (၂၄) ကြိမ်မြောက် အာဆီယံ–အပေါင်းသုံး စီးပွားရေးဝန်ကြီးများအစည်းအဝေးတို့ကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံးမှ ပါဝင်တက်ရောက်သည်။ (ယာပုံ)




### ပူးတွဲကြေညာချက် အတည်ပြု

နံနက် ၇ နာရီတွင် အကြိမ်(၂၀)မြောက် အာဆီယံ–တရုတ် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို စတင်ကျင်းပခဲ့ရာ ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah နှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Mr. Wang Wentao တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ကိုဗစ်–၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးသက်ရောက်မှုများကို ကုစားနိုင်ရန်အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်၊ အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှု၊ အာဆီယံ–တရုတ် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် အာဆီယံ–တရုတ် ထိပ်သီးအစည်းအဝေးအတွက် ပြင်ဆင်မှုများကို ညှိနှိုင်းဆွေးနွေးကြကာ နှစ် (၃၀) ပြည့် အာဆီယံ–တရုတ် ဆွေးနွေးဖက် ဆက်ဆံရေးအထိမ်းအမှတ်အဖြစ် အာဆီယံနှင့် တရုတ်စီးပွားရေးဝန်ကြီးများ ပူးတွဲကြေညာချက်နှင့် အကြိမ်(၂၀)မြောက် အာဆီယံ–တရုတ် စီးပွားရေးဝန်ကြီးများအစည်းအဝေး ပူးတွဲကြေညာချက်တို့ကို အတည်ပြုခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် ကိုဗစ်–၁၉ ကာကွယ်ဆေးနှင့် ဆေးကိရိယာများ လှူဒါန်းမှုကို ကျေးဇူးတင်ရှိကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်များ ပိုမိုခိုင်မာစေရေးအတွက် မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်မှုအား ပုံမှန်ပြန်လည်ဖွင့်လှစ်ပေးရေး အထူးသဖြင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် အဓိကကျသည့် ရွှေလီနှင့် မူဆယ်ဂိတ်များ ဖွင့်လှစ်ခြင်းကို စဉ်းစားပေးရန် တရုတ်နိုင်ငံအား မေတ္တာရပ်ခံလိုကြောင်း၊ အာဆီယံနှင့် တရုတ်နိုင်ငံအကြား ကာလကြာရှည်စွာ ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည့်အတွက် အာဆီယံ–တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ထပ်မံအဆင့်မြှင့်တင်ရေးအတွက် အလားအလာရှိသည့် နယ်ပယ်များ သတ်မှတ်နိုင်ရန် ပူးတွဲဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှု ဆောင်ရွက်မည့် ကိစ္စအပေါ် ထောက်ခံပါကြောင်း ပြောကြားသည်။

### ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်

ထို့နောက် (၁၈) ကြိမ်မြောက် အာဆီယံ–ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပရာ ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah နှင့် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Yeo Han–koo တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုများကို ပြန်လည်တုံ့ပြန်မှုများနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်ရန် နယ်ပယ်များ၊ အာဆီယံ–ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် အကောင်အထည်ဖော်မှု၊ အာဆီယံ–ကိုရီးယား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ တိုးတက်မှု အခြေအနေတို့ကို ဆွေးနွေးကြ၍ (၁၈) ကြိမ်မြောက် အာဆီယံ–ကိုရီးယား စီးပွားရေးဝန်ကြီးများအစည်းအဝေး ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့သည်။

### အလေးပေးပြောကြား

ယင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားမှု အခြေအနေများ၊ ထိန်းချုပ်မှုလုပ်ငန်းစဉ်များ၊ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု အခြေအနေကိုမျှဝေခဲ့ပြီး ကိုဗစ်–၁၉ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၊ အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်နှင့် ဂျီအမ်အက်စ် လုပ်ငန်းအစီအစဉ်များနှင့်အညီ မြန်မာနိုင်ငံ စီးပွားရေးပြန်လည်ဦးမော့စေရေး စီမံချက်ကို ရေးဆွဲဆောင်ရွက်လျက်ရှိမှုတို့အပြင် ကိုဗစ်–၁၉ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပထမဦးစွာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံစုံကုန်သွယ်ရေးစနစ် ကျင့်သုံးဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေခြင်းနှင့် ဖြေလျှော့မှုများ မြှင့်တင်ခြင်းဖြင့် ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်ရန်၊ ဒုတိယအနေဖြင့် စီးပွားရေးနှင့် လူမှုရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် ပတ်ဝန်းကျင်တစ်ခုဖန်တီးရန်အတွက် အားလုံးပါဝင်ဆောင်ရွက်ရန်၊ တတိယအနေဖြင့် ဒစ်ဂျစ်တယ်နှင့် နည်းပညာတီထွင်ဆန်းသစ်မှု အခွင့်အလမ်းများကို ရှာဖွေရန်လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

### အမြင်ချင်းဖလှယ် ဆွေးနွေး

မွန်းလွဲပိုင်းတွင် (၁၃) ကြိမ်မြောက် မဲခေါင်–ဂျပန် စီးပွားရေးဝန်ကြီးများအစည်းအဝေးကို ကျင်းပရာ လာအိုနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Khampheng Saysompheng နှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Hiroshi Kajiyama တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ၂၀၂၀ ပြည့်နှစ်၌ ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် မဲခေါင်–ဂျပန် ထိပ်သီးအစည်းအဝေးနှင့် (၁၂) ကြိမ်မြောက် မဲခေါင်–ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ဆွေးနွေးမှုရလဒ်များ၊ မဲခေါင် စက်မှုဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက် ၂.၀ လုပ်ငန်းအစီအစဉ်အောက်မှ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေနှင့် ဂျပန်နိုင်ငံက အဆိုပြုလာသည့် စီမံကိန်းများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မဲခေါင်ဒေသနိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံ၏ ကူညီပံ့ပိုးပေးမှုအပေါ် များစွာ ကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်–၁၉ ကာလအလွန် စီးပွားရေးပြန်လည်ထူထောင်ရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ညီမျှစေရန်အတွက် မဲခေါင် စက်မှုဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက် ၂.၀ သည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသဖြင့် ယင်းလုပ်ငန်းအစီအစဉ်အောက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်း၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် ကြိုဆိုပါကြောင်း၊ ဂျပန်နိုင်ငံမှ အဆိုပြုထားသည့် ဒစ်ဂျစ်တယ် တီထွင်ဆန်းသစ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းများကို ကြိုဆိုပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အရှေ့–အနောက် စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းများအပေါ် ဆက်လက်ပံ့ပိုးပေးစေလိုကြောင်းနှင့် ဒစ်ဂျစ်တယ်အခြေပြု ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ မဟာဗျူဟာနှင့် စပ်လျဉ်း၍ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များကို ပံ့ပိုးပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အာဆီယံ–ဆွစ်ဇာလန် Troika စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah နှင့် ဆွစ်ဇာလန်နိုင်ငံ စီးပွားရေးရာ၊ ပညာရေးနှင့် သုတေသနဌာန အကြီးအကဲနှင့် Swiss Confederation ၏ ဥက္ကဋ္ဌ H.E. Guy Parmelin တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံနှင့် ဥရောပ လွတ်လပ်သော ကုန်သွယ်မှုအဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက် (မူကြမ်း) နှင့် အာဆီယံနှင့် ဆွစ်ဇာလန်နိုင်ငံတို့အကြား လက်တွေ့ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ (၂၀၂၂–၂၀၂၆)အောက်ရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့သည်။

### ဆွေးနွေးအတည်ပြု

ဆက်လက်၍ (၂၄) ကြိမ်မြောက် အာဆီယံ အပေါင်းသုံး စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပရာ ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah ၊ တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Wentao Wang၊ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Hiroshi Kajiyama နှင့် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင် ဒုတိယဝန်ကြီး H.E. Dr. Yoonjong Chun တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံ အပေါင်းသုံး စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (၂၀၂၁–၂၀၂၂) အပေါ် ဝန်ကြီးများက ဆွေးနွေးအတည်ပြုကြ၍ ကိုဗစ်–၁၉ ကူးစက်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများ လျော့နည်းစေရေး အာဆီယံအပေါင်းသုံး လုပ်ငန်းစီမံချက်၏ ဖြစ်ပေါ်တိုးတက်မှုများကို မှတ်တမ်းတင်ခဲ့သည်။

**သတင်းစဉ်**

---

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၂ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသား ကိုးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၈ ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်–၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မျက်မှောက်ခေတ်နိုင်ငံရေးနှင့် ပထဝီနိုင်ငံရေးအမြင်

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

**မြန်မာနိုင်ငံ၏ တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေနှင့် လူနေအစိပ်အကျဲအခြေအနေကို အာရှတိုက်ရှိ အခြား ၁၁ နိုင်ငံနှင့် နှိုင်းယှဉ်သိမြင်ထားပါက ပထဝီနိုင်ငံရေးနောက်ခံကားကို တွေးဆနိုင်ကြပါလိမ့်မည်။**

**အာရှတိုက် ၁၁ နိုင်ငံနှင့် မိမိတို့နှိုင်းယှဉ်ချက်**

| စဉ် | နိုင်ငံအမည် | လူဦးရေ | အကျယ်အဝန်း (စတုရန်းမိုင်) | Population Density | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | မြန်မာ | ၅၅ သန်း | ၂၆၁၂၂၈ မိုင် | ၂၀၈ ဦး | |
| ၂ | တရုတ် | ၁၄၀၇ သန်း | ၃၇၂၂၃၄၂ မိုင် | ၃၇၈ ဦး | |
| ၃ | လာအို | ၆.၅ သန်း | ၉၁၄၂၉ မိုင် | ၇၁ ဦး | |
| ၄ | ထိုင်း | ၆၇ သန်း | ၁၉၈၁၁၇ မိုင် | ၃၃၆ ဦး | |
| ၅ | ဘင်္ဂလားဒေ့ရှ် | ၁၇၀ သန်း | ၅၅၅၉၈ မိုင် | ၃၀၆၉ ဦး | ၁:၁၅ |
| ၆ | အိန္ဒိယ | ၁၃၅၃ သန်း | ၁၂၆၉၂၁၉ မိုင် | ၁၀၆၆ ဦး | |
| ၇ | မလေးရှား | ၃၃ သန်း | ၁၂၇၇၂၄ မိုင် | ၂၅၇ ဦး | |
| ၈ | စင်ကာပူ | ၅.၇ သန်း | ၂၇၉ မိုင် | ၂၀၄၄၆ ဦး | |
| ၉ | ဘရူနိုင်း | ၀.၄ သန်း | ၂၂၂၆ မိုင် | ၁၈၉ ဦး | |
| ၁၀ | အင်ဒိုနီးရှား | ၂၇၀ သန်း | ၇၃၅၃၅၈ မိုင် | ၃၆၇ ဦး | |
| ၁၁ | ဖိလစ်ပိုင် | ၁၁၀ သန်း | ၁၁၅၈၃၁ မိုင် | ၉၅၁ ဦး | |
| ၁၂ | ဂျပန် | ၁၂၆ သန်း | ၁၄၅၉၃၇ မိုင် | ၈၆၃ ဦး | |

မှတ်ချက် ။ https//en.wikipedia.org/wiki/list_of_countries_and_dependencies_by_population_density မှ အချက်အလက်များ ဖြစ်ပါသည်။

**အချက်အလက်အခြေခံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂ သန်းကျော်ရှိလေသည်။ နယ်မြေအကျယ်အဝန်းမှာ စတုရန်းမိုင် ၂.၆ သိန်းကျော် ရှိပေသည်။ ထို့ကြောင့် ပျမ်းမျှအလျား ၁ မိုင် x အနံ ၁ မိုင် (တစ်စတုရန်းမိုင်အကျယ်) ဧရိယာအတွင်း လူဦးရေ ၂၀၀ နှုန်း နေထိုင်ကြသည်ဆိုရမည်။ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ မန္တလေးတိုင်းတို့တွင် လူဦးရေသိပ်သည်းသဖြင့် ပြည်နယ်နှင့် နယ်စပ်ဒေသများ၌မူ အမှန်တကယ် လူဦးရေသည် တစ်မိုင်အတွင်း လူ ၁၀၀ ပင် မရှိကြပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် လာအိုနှင့် ဘရူနိုင်းလို နယ်မြေကျဉ်းပြီး လူဦးရေနည်းသော နိုင်ငံလေး(၂)နိုင်ငံမှအပ လူဦးရေ ကျဲပါးလှကြောင်း တွေ့ရမည်။

လူဦးရေသန်း ၂၀၀ ကျော်လည်း မြေနေရာ၊ အစားအစာ လုံလောက်ပါသေးသည်။တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စသောနယ်နိမိတ်ချင်း ဆက်စပ်နေသည့် အိမ်နီးချင်း တိုင်းပြည်များသည် လူဦးရေ အလွန်ထူထပ်သည်။ မြန်မာနိုင်ငံသားများထက် အဆများစွာ များပြားသည်။

**အိမ်နီးချင်း**

တရုတ်ပြည်သည် အဏုမြူလက်နက်ပိုင်ဆိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုလည်း အရှိန်အဟုန်ကောင်းနေသည့် တိုင်းပြည်တစ်ခုဖြစ်၏။ အိန္ဒိယသည်လည်း အဏုမြူလက်နက်ပိုင်ဆိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုရှိသော တိုင်းပြည်ပင်ဖြစ်၏။ ထိုနိုင်ငံကြီးများသည် ရှေးနှစ်ပေါင်း ၃၀၀၀ ကျော်ကပင် ယဉ်ကျေးမှုထွန်းကားခဲ့ကြသဖြင့် သြဇာလည်း ရှိကြ၏။

မြန်မာလူမျိုးများသည် မြန်မာနိုင်ငံကို ထိုပတ်ဝန်းကျင်အနေအထား၌ နှစ်ပေါင်းထောင်နှင့်ချီ၍ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးဟု ရပ်တည်ခိုင်မာနေနိုင်လာခြင်းသည် သာမန်မျှသော အရည်အချင်းမဟုတ်။ သွေးထဲမှာရှိသော ဇာတိမာန်ကြောင့်လည်း မှန်သည်။ သတ္တိရဲရဲနီသော အမျိုးကိုချစ်သည့်စိတ်နှင့်အတူ စစ်ပညာကို သူ့ခေတ်သူ့အခါနှင့် လျော်ညီစွာ တတ်မြောက်ကျွမ်းကျင်ခဲ့ကြသဖြင့်လည်း ဖြစ်ပြန်၏။

**ကိုယ့်နိုင်ငံကိုယ့်လူမျိုး**

သင်ကြားပေးလိုက်သည့် ဓားသိုင်း၊ တုတ်သိုင်း၊ လက်ဝှေ့ အတတ်ပညာများကို မြို့သားရော၊ တောသူတောင်သားပါ ငယ်စဉ်အခါကပင် တတ်မြောက်ကြသည်။ ဗေဒင်၊ ဆေးဝါး၊ မန္တရား၊ ဆန်း၊ အလင်္ကာ၊ နှုတ်မှုပညာ စသည်တို့အပြင် သေနင်္ဗျူဟာ စစ်အတတ်ပညာကိုလည်း သာမန်အားဖြင့် လေ့လာလိုက်စားတတ်ကြသည်။ ရှေးအခါက မြန်မာနိုင်ငံတွင် အမြဲတမ်း တပ်မတော်ဟူ၍မရှိ။ စိုက်ပျိုးရေး အဓိကလုပ်ကိုင်ကြသဖြင့် တောင်သူယာသမား ကျေးလက်နေပြည်သူများသာ ဖြစ်၏။ လူဦးရေကလည်း နည်းပါး၏။ နိုင်ငံ၏ ဓနငွေကြေးကလည်း မကြွယ်ဝ။

မြန်မာနိုင်ငံ၏ အကျယ်အဝန်းမှာ ဂျာမနီထက်လည်း ကျယ်၏။ ပြင်သစ်ထက်လည်း ပို၍ကြီး၏။ အင်္ဂလန်၏ နှစ်ဆနီးပါးရှိ၏။ ဂျပန်နိုင်ငံထက်လည်း ပိုမိုကျယ်ဝန်းပါသေးသည်။

သို့သော် လူဦးရေက နည်းသည်။ ကျဲသည်။ လယ်သမား၊ ယာသမားများသည်။ ထို့ကြောင့် ကျယ်ဝန်းသောနိုင်ငံတော်ကို အနည်းငယ်သော ပြည်သူတို့က **“ပြည်သူ့စစ်မဟာဗျူဟာ”** ဖြင့် မိမိတို့အခြေအနေနှင့် လိုက်လျောညီထွေစွာ ကာကွယ်ခဲ့ကြရလေ၏။ အမြဲတမ်း စစ်တပ်ကြီး မထားရှိ။

ယိုးဒယားစသော နိုင်ငံများက မခန့်လေးစားစော်ကားရန်စလာခဲ့လျှင် ရာပြုမြို့၊ ထောင်ပြုမြို့က အရပ်သားများသည် စစ်သားဝင်လုပ်ကြ၏။ သောက္ကတဲ၊ ဇင်းမယ်၊ အယုဒ္ဓယစသည့် ဒေသသို့ အကြိမ်ကြိမ်စစ်ချီခဲ့ကြ၏။ သျှောင်ထုံးနှင့် ပေါင်မှာထိုးကွင်းနှင့် ညိုညိုထွားထွား မြန်မာစစ်သည်တော်ကြီးများသည် တောင်သူယာသမားများဖြစ်ကြသည်နှင့်အညီ ရန်သူနှင့်တိုက်ရင်းခိုက်ရင်း စပါးစိုက်ကာ ယာထွန်ကာဖြင့် ထိုဒေသမှာ ကိုယ့်ရိက္ခာကို ကိုယ်ရှာ၍ စားတတ်ကြလေ၏။

**အင်အားခိုင်မာ**

မြောက်ဘက်က မွန်ဂိုတပ်တွေ ဝင်လာသည်။ တာတာတပ်တွေ ကျူးကျော်လာသည်ဆိုပါကလည်း ပြည်သူပြည်သားများထဲက လူငယ်လူရွယ်အားလုံး **“စစ်သား”** အဖြစ် စာရင်းသွင်းကာ မြင်းစီး၊ ဆင်ကိုစီးလျက် နယ်စပ်အထိ နိုင်ငံ၏တပ်တော်ကြီးနှင့် ဓားလှံထမ်းကာ ပျော်ပျော်ရွှင်ရွှင် လိုက်ပါကြ၏။ ကာကွယ်တိုက်ခိုက်ကြ၏။ မြန်မာကို လာမထိနှင့်။ ဒါမျိုးဟေ့ – ကြည့်။

သမိုင်းအစဉ်အလာတွင် မြန်မာနှင့် စစ်ပညာ၊ စစ်ပညာနှင့် မြန်မာပြည်သား၊ ခွဲခြား၍ မရနိုင်ချေ။ ဗြိတိသျှနယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်ကို ပြည်သူလူထုညီညာမှုဖြင့် တွန်းလှန်နိုင်ခဲ့ခြင်းက ပြည်သူတို့၏ နိုင်ငံရေးအမြင် အဓိကအရေးကြီးကြောင်း သင်ခန်းစာရခဲ့လေသည်။

သို့သော် – ၁၈၂၄ မှ ၁၈၈၅ ကာလ (ဆယ့်ကိုးရာစု) အချိန်တွင်ကား စစ်ရေးအင်အား သာလွန်ရုံမျှမက စက်မှုစွမ်းပကားကြောင့် စီးပွားရေးအင်အားပါ အဆများစွာသာလွန်သော နယ်ချဲ့တို့၏ အကြိမ်ကြိမ်ကျူးကျော်သိမ်းပိုက်တိုက်ခိုက်ခြင်းကို ခံကြရ၏။ ၁၈၈၅ မှ ၁၉၄၈ အထိ ဗြိတိသျှကိုလိုနီ၏လက်အောက်သို့ရောက်ခဲ့ရ၏။ ထီးနန်းပျောက်ခဲ့၏။ လက်နက်စွမ်းပကားနှင့် စက်မှုအတတ်ပညာတို့တွင် ခေတ်နောက်ကျခဲ့သဖြင့် မယှဉ်နိုင်ခဲ့။

**သမိုင်းသင်ခန်းစာ**

လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၅၀ သည်လည်း အမျိုးသားနိုင်ငံတော်ကို ကိုယ့်မင်းကိုယ့်ချင်း ထူထောင်နိုင်ပါသော်လည်း နိုင်ငံရေးခေါင်းဆောင်ချင်း စည်းလုံးညီညွတ်မှုပြိုကွဲကာ လက်နက်ကိုင် တိုက်ပွဲများ၏ စစ်မီးလျှံအတွင်း၌ ထိရောက်စွာ မတိုးတက်လာနိုင်။

မကြာမီသော ဆယ်စုနှစ်မှာမှ နိုင်ငံတော်သည် စစ်ဘေးစစ်ဒဏ်ဆူပူမှုများကင်းဝေး၍ အေးချမ်းတည်ငြိမ်မှုကို ရခဲ့၏။ ငြိမ်းချမ်းရေးကာလ၌ တည်ဆောက်ရေးတွေ ဖောက်ချလုပ်ကြ၏။ ဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက်နေကြ၏။ သို့ရာတွင် ကမ္ဘာ့နိုင်ငံတကာ မိုးရိပ်လေရိပ်မှာ သတိပြုစရာတွေ မြင်ရသည်။ ပြည်သူလူထုအများစု၏ အမျိုးသားနိုင်ငံရေးအမြင် ခေါင်းပါးနိမ့်ကျနေ၍ မဖြစ်ပေ။ စစ်တွေဝေးပြီဟု သွေးမအေးသင့်ချေ။ အမျိုးဂုဏ် ဇာတိဂုဏ်ကို ဖျက်ဆီးခံနေခဲ့ရပြီ။

နှစ်ပေါင်းထောင်နှင့်ချီ၍ စစ်ပညာ စစ်အတတ်ကို အလေးထား ဆည်းပူးတတ်မြောက်ခဲ့ကြသော မိမိတို့ မြန်မာများသည် အနီးမှဖြစ်စေ၊ အဝေးမှဖြစ်စေ ဖျက်လိုဖျက်ဆီး သိမ်းပိုက်ခြယ်လှယ်ချင်သော ရန်စွယ်အန္တရာယ်ကြီးတွေကို ကြိုတင်တွက်ဆတတ်ရပေလိမ့်မည်။ ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲ တတ်သော **“ပြည်သူ့စစ်မဟာဗျူဟာ”** ကို အစဉ်တစိုက် ကျင့်သုံးခဲ့သော နိုင်ငံသားများအနေဖြင့် စစ်ရေးသတိရှိအပ်လှပါသည်။ ဒေါ်လာ၊ လက်နက်၊ သင်တန်း၊ အတွေးအယူအမှားများ သွတ်သွင်းကာ ငါးအရိုးနှင့် ငါးကိုထိုးနေပေပြီ။ ငါးကြင်းဆီနှင့် ငါးကြင်းကိုကြော်ရန် ပြောင်းပြန်လှန်၍ နယ်ချဲ့က အိမ်ရှင်ကို ဒုက္ခပေးချင်နေတော့သည်။ မြင်ကွင်းကျယ် ရှုမြင်တတ်ပါစေ။

**အန္တရာယ်**

- စီးပွားရေးအရ ပိတ်ဆို့ခြင်း
- သံတမန်ရေးအရ ဝိုင်းပယ်ခြင်း
- နိုင်ငံရေးအရ ဖိအားပေးခြင်း
- အဖျက်လုပ်ငန်းများ အားပေးခြင်း
- လုပ်ကြံဝါဒဖြန့် သိက္ခာချစော်ကားသော ရေဒီယို၊ ရုပ်သံ၊ စာနယ်ဇင်းတို့ဖြင့် ထိုးနှက်ပုတ်ခတ်ခြင်း၊ သွေးခွဲခြင်း၊ အမှန်အမှားရောမွှေ၍ စိတ်လှုပ်ရှားအောင် ဆွခြင်း
- သူလျှိုဒလန်မွေးမြူလျက် အဖျက်အမှောင့်လုပ်ငန်းများ ထိုးဖောက် လုပ်ဆောင်ရန် ကြိုးစားခြင်း
- စစ်ရေးအရ အနှောင့်အယှက်ပေးခြင်း
- ကုန်သွယ်ရေးအရ တားမြစ်ပိတ်ပင်ခြင်း

အစရှိသဖြင့် မိမိနိုင်ငံတော်၏ အကျိုးစီးပွားကို ပျက်ပြားအောင် ထိပါးနှောင့်ယှက်ဟန့်တားသူမှန်သမျှကို ထိထိမိမိ ပြင်းပြင်းထန်ထန် တုံ့ပြန်ချေမှုန်းနိုင်စွမ်း ရှိရပါလိမ့်မည်။ အဆိပ်မရှိသော ယုန်၊ သမင်စသည်တို့ကို အလွယ်တကူ ဖမ်းဆီးသတ်ဖြတ်စားသောက်ကြသော်လည်း အဆိပ်ရှိသော မြွေပွေး၊ မြွေဟောက်ကိုမူ လူတွေက ကြောက်ကြသည်။ ချက်စားရင် ကောင်းမှာပဲဟု သွားရည်ကျချင်သော်လည်း သူ၏အဆိပ်ကိုမူ ကြောက်လန့်သည်။ ဝေးဝေးက ရှောင်ကြသည်။

စာမျက်နှာ ၁၁ သို့

**“နှစ်ပေါင်းထောင်နှင့်ချီ၍ စစ်ပညာ စစ်အတတ်ကို အလေးထား ဆည်းပူး တတ်မြောက်ခဲ့ကြသော မိမိတို့ မြန်မာများသည် အနီးမှဖြစ်စေ၊ အဝေးမှ ဖြစ်စေ ဖျက်လိုဖျက်ဆီး သိမ်းပိုက်ခြယ်လှယ်ချင်သော ရန်စွယ်အန္တရာယ် ကြီးတွေကို ကြိုတင်တွက်ဆတတ်ရပေလိမ့်မည်။ ပြည်သူတစ်ရပ်လုံး ပါဝင် ဆင်နွှဲတတ်သော “ပြည်သူ့စစ်မဟာဗျူဟာ” ကို အစဉ်တစိုက် ကျင့်သုံးခဲ့ သော နိုင်ငံသားများအနေဖြင့် စစ်ရေးသတိရှိအပ်လှပါသည်။ ဒေါ်လာ၊ လက်နက်၊ သင်တန်း၊ အတွေးအယူအမှားများ သွတ်သွင်းကာ ငါးအရိုးနှင့် ငါးကိုထိုးနေပေပြီ။ ငါးကြင်းဆီနှင့် ငါးကြင်းကိုကြော်ရန် ပြောင်းပြန်လှန်၍ နယ်ချဲ့က အိမ်ရှင်ကို ဒုက္ခပေးချင်နေတော့သည်။ မြင်ကွင်းကျယ် ရှုမြင် တတ်ပါစေ”**

# သတင်းတုနှင့် လုပ်ကြံသတင်းများ၏ သားကောင်

မျိုးငြိမ်းငယ်

**သတင်း**

သတင်းဆိုတဲ့ စကားရပ်ဟာ အများပြည်သူကို ကောင်းကျိုးပြုပြီး မှန်ကန်ကြောင်း တိုက်ဆိုင်စစ်ဆေးနိုင်တဲ့ အချက်အလက်လို့ အဓိပ္ပာယ်ရကြောင်း ယူနက်စကိုက ဆိုထားပါတယ်။ ဒါပေမယ့် သတင်းတွေကို အန္တရာယ်ဖြစ်စေလိုတဲ့ ရည်ရွယ်ချက်၊ ကိုယ်ကျိုးစီးပွားရည်ရွယ်ချက်အတွက် အသုံးပြုလာတဲ့အခါ သတင်းရဲ့အဓိပ္ပာယ်၊ ရည်ရွယ်ချက်နဲ့ အကျိုးဆက်များလည်း ပြောင်းလဲလာပါတယ်။ အဲဒီလို ပြောင်းလဲလာတဲ့ သတင်းတွေထဲမှာ သတင်းတုနဲ့ လုပ်ကြံသတင်း (Misinformation and Disinformation) တွေ ပါဝင်ပါတယ်။ သတင်းတုနဲ့ လုပ်ကြံသတင်းတွေဟာ အများကောင်းကျိုးကို မရည်ရွယ်ဘဲ အကျိုးစီးပွား တစ်ခုခုအတွက် ရည်ရွယ်ပြီး မသမာတဲ့နည်းလမ်းနဲ့ သတင်းတွေကို ထိန်းချုပ်ဖန်တီးဖြန့်ဝေကြတာပဲ ဖြစ်ပါတယ်။

လုပ်ကြံသတင်းတွေဟာ လူထုရဲ့အမြင်၊ သဘောထား၊ စိတ်ခံစားမှုကို ထိန်းချုပ်လွှမ်းမိုးပြီး လူတွေရဲ့ ကြောင်းကျိုးဆီလျော် စဉ်းစားနိုင်စွမ်း အားနည်းအောင်ပြုလုပ်ခြင်း၊ လူထုရဲ့ စိတ်ခံစားချက်ကို နှိုးဆွပေးခြင်းဖြင့် လုပ်ကြံဖန်တီးသူတို့ လိုလားတဲ့လမ်းကြောင်းအတွင်းသို့ ရောက်ရှိစေပါတယ်။ အထူးသဖြင့် လူထုရဲ့စိတ်ခံစားချက် မြင့်မားနေတဲ့ အခြေအနေ၊ ခွဲခြားဆုံးဖြတ်ဖို့ ခက်ခဲနေတဲ့ အခြေအနေတွေမှာ သတင်းတုနဲ့ လုပ်ကြံသတင်းများရဲ့ အန္တရာယ်ဟာ ပိုမိုကြီးမားကျယ်ပြန့်စေပါတယ်။


**အခွင့်ကောင်းယူလာ**

သတင်းတုနဲ့ လုပ်ကြံသတင်းတွေဟာ အခုမှ ဖြစ်လာတဲ့ ဖြစ်စဉ်တစ်ခုတော့ မဟုတ်ပါဘူး။ ရှေးယခင်ကလည်း အလားတူတွေ ရှိခဲ့ပါတယ်။ အတင်းအဖျင်း၊ ကောလာဟလ၊ လူပြောသူပြော၊ ဝါဒဖြန့်ခြင်းဆိုတာတွေပါပဲ။ ဒါပေမယ့် ဒီကနေ့ ဖြစ်နေတဲ့ သတင်းတုနဲ့ လုပ်ကြံသတင်းတွေကတော့ အသွင်ပုံစံပြောင်းလဲလာသလို အကျိုးသက်ရောက်မှုကလည်း ယခင်ကနဲ့မတူတော့ပါဘူး။ ဒစ်ဂျစ်တယ်သတင်းအချက်အလက် ဂေဟစနစ် တိုးတက်ပြောင်းလဲလာမှု၊ ကျယ်ကျယ်ပြန့်ပြန့် အသုံးချလာမှုနဲ့ ကိုင်တွယ်အသုံးချတဲ့ နည်းလမ်းတွေကြောင့် လုပ်ကြံသတင်းနဲ့ သတင်းမှားတွေရဲ့ ကျယ်ပြန့်မှုပမာဏ၊ လျင်မြန်မှုနဲ့ အကျိုးသက်ရောက်မှုပမာဏဟာ ယခင်ကနဲ့ များစွာကွာခြားသွားပါပြီ။ အထူးသဖြင့် လူမှုမီဒီယာတွေဟာ လူထုအတွင်း သတင်းနဲ့အချက်အလက်တွေ လျင်လျင်မြန်မြန် ရောက်ရှိစေဖို့နဲ့ တစ်ဦးချင်း အကြိုက်အလိုက်ဖြစ်စေဖို့ ဦးတည် ဒီဇိုင်းရေးဆွဲထားတာကြောင့် ပျံ့နှံ့မှု ပိုမိုမြန်ဆန်လာပါတယ်။

လူမှုကွန်ရက် အသုံးပြုသူတိုင်းဟာ သတင်းစားသုံးသူများဖြစ်သလို တစ်ချိန်တည်းမှာပဲ ကိုယ်တိုင်က သတင်းဖြန့်ဝေသူတွေ ဖြစ်လာနေပါတယ်။ သတင်းတင်ပြမှု၊ လက်ခံမှုနဲ့ ဖြန့်ဝေမှုတွေမှာ သတင်းဌာနတွေ၊ သတင်းသမားတွေတင်မကတော့ဘဲ လူတစ်ဦးချင်းစီရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါနေပါပြီ။ ဒီလိုပြောင်းလဲလာတဲ့ အခြေအနေမှာ လုပ်ကြံသတင်း ဖြန့်လိုသူတွေဟာ တစ်ဦးချင်းရဲ့အရေးပါမှုနဲ့ နည်းပညာရဲ့ထိရောက်မှုကို အခွင့်ကောင်းယူပြီး လုပ်ကြံသတင်းတွေ လူထုထဲ မြန်မြန်နဲ့ များများရောက်ဖို့ အသုံးချကြပါတယ်။

**ပျံ့နှံ့ပုံ**

လုပ်ကြံသတင်းနဲ့ သတင်းတုတွေကို ကိုယ်နဲ့ အနီးဆုံးရှိတဲ့ သူတွေဆီကို ဖြန့်ဝေနိုင်ခြေပိုများကြောင်း စိတ်ပညာရှင်များက တွေ့ရှိခဲ့ပါတယ်။




Source ၊ Journalism, 'Fake News' Disinformation. UNESCO. 2018

ဒါပေမယ့် အများစုကတော့ သိလျက်နဲ့ သတင်းတုနဲ့ လုပ်ကြံသတင်းတွေကို ဖြန့်ဝေခြင်း မဟုတ်ပါဘူး။ အများအားဖြင့်တော့ နိုင်ငံရေးသမားတွေနဲ့ သူတို့ကို ထောက်ခံသူတွေဟာ သူတို့အာဏာရရှိဖို့နဲ့ ကျင့်ဝတ်နဲ့မညီတဲ့ ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေဟာ ငွေရရှိဖို့အတွက် ဒီနည်းလမ်းကို အသုံးပြုတတ်ကြပါတယ်။ ဒီနည်းလမ်းလိုပဲ ခေတ်မီနည်းပညာတွေ၊ သတင်းအတတ်ပညာတွေ မထွန်းကားသေးတဲ့ ရှေးဟောင်းရောမခေတ်ကတည်းက သတင်းအချက်အလက်တွေကို ဆော်ဩရယူခြင်းနဲ့ ခြယ်လှယ်ပြုပြင်ခြင်းတွေ လုပ်ဆောင်ခဲ့ကြတာပါ။ ဒီနေ့ခေတ်မှာတော့ သတင်းအချက်အလက်တွေကို လက်နက်အဖြစ်အသုံးပြုလာတာဟာ ယခင်ကမရှိဖူးခဲ့တဲ့ ပမာဏနဲ့ မြင့်မားလာနေပါတယ်။ အထူးသဖြင့် တိုးတက်လာတဲ့ နည်းပညာတွေကို အသုံးပြုလာသောကြောင့် လျင်မြန်မှု၊ ထိရောက်မှုနှင့် ကျယ်ပြန့်မှုလည်း ကြီးမားလာပါတယ်။

ယူနက်စကိုကထုတ်ဝေတဲ့ သတင်းအတတ်ပညာဆိုင်ရာ ပညာပေးနှင့် လေ့ကျင့်သင်ကြားရေး လက်စွဲစာအုပ်ပါ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် လှုပ်ရှားဆောင်ရွက်ခြင်းဆိုင်ရာ အခြေခံစွမ်းရည်သုံးချက်အနက် ဒုတိယအချက်ဖြစ်တဲ့ လုပ်ကြံသတင်းဆိုသည်မှာ အခြားအရာများနှင့် ချိတ်ဆက်မှုမရှိသော ဘေးပွဲတစ်ခု မဟုတ်ကြောင်းနှင့် လုပ်ကြံသတင်းကို တိုက်ဖျက်ခြင်းမှာ သတင်းမီဒီယာအနေနှင့် အထူးဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း သိနားလည်မှုလို့ ဆိုထားပေမယ့် သတင်းတုနဲ့ လုပ်ကြံသတင်း ပျံ့နှံ့မှု၊ ထိုးဖောက်မှုနဲ့ အန္တရာယ်ပေးနိုင်စွမ်းကတော့ တစ်နေ့တခြား မြင့်မားလာနေပါတယ်။

သတင်းတုနဲ့ လုပ်ကြံသတင်းတွေပျံ့နှံ့ဖို့ စနစ်တကျ အကွက်ချတွက်ချက်ဖြန့်ဝေတဲ့ ဝါဒဖြန့်မှု၊ အကောင့်တုတွေ၊ ထရိုး (Troll) တွေနှင့် အယောင်ဆောင်အသုံးပြုသူတွေဟာ သတင်းတုတွေနဲ့ လုပ်ကြံသတင်းတွေ ဖြန့်ဝေဖို့ အကောင်းဆုံးရေခံမြေခံများ ဖြစ်ပါတယ်။ လူမှုကွန်ရက်တွေ ကျယ်ကျယ်ပြန့်ပြန့် အသုံးချလာနိုင်တဲ့အချိန်မှာ လုပ်ကြံသတင်းတွေကို သတင်းဌာနတွေ၊ သတင်းသမားတွေသာမကဘဲ တစ်ဦးချင်းအလိုက်ကလည်း သတင်းတင်လာကြ၊ ဖြန့်ဝေလာကြပါတယ်။ အချို့က ကိုယ့်ရဲ့ကျော်ကြားမှုကို အသုံးပြုပြီး သတင်းတုတွေ ဖန်တီးဖြန့်ဝေမှုကလည်း လူထုဆီကို နက်နက်ရှိုင်းရှိုင်းထိုးဖောက်စေတာ တွေ့ရပါတယ်။ နည်းပညာဘက်မှာဆိုရင် အွန်လိုင်းတွေမှာ အယ်ဂိုရစ်သန် Algorithm တွေကြောင့် တစ်ဦးချင်းစီရဲ့အကြိုက်အလိုက် သတင်းတွေ၊ ပို့စ်တွေ၊ ကြော်ငြာတွေ ဖော်ပြပေးတာကြောင့် လုပ်ကြံသတင်းပျံ့နှံ့မှုကို လွယ်ကူစေပါတယ်။

**ရည်ရွယ်ချက်အမျိုးမျိုး**

သတင်းတုနဲ့ လုပ်ကြံသတင်းတွေကို ရည်ရွယ်ချက်အမျိုးမျိုးနဲ့ အသုံးပြုတတ်ကြပြီး ဖြစ်လာနိုင်တဲ့အကျိုးဆက်ကလည်း ကဏ္ဍအလိုက် များပြားပါတယ်။ အထူးသဖြင့် နိုင်ငံရေးဆိုင်ရာတွေ၊ လူမျိုးရေး ဘာသာရေး ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှုတွေဟာ ဆူပူအုံကြွမှုတွေ၊ အကြမ်းဖက် တိုက်ခိုက်မှုတွေ၊ အလွဲသုံးစားမှုတွေ၊ အချင်းချင်းသွေးကွဲမှုတွေဆီကို ဦးတည်စေပါတယ်။ သတင်းတုနဲ့ လုပ်ကြံသတင်းတွေကို လူတွေစိတ်ပြင်းထန်နေတဲ့ အချိန်၊ စိုးရိမ်ပူပန်မှုများနေချိန်နဲ့ မသေချာမရေရာမှုတွေများနေချိန်မှာ အများဆုံး ဖြန့်ဝေအသုံးချလေ့ရှိတာကြောင့် ပျံ့နှံ့မှုပမာဏနဲ့ အကျိုးသက်ရောက်မှုပမာဏလည်း များပြားပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ အခြေအနေနဲ့ ချိန်ထိုးကြည့်ရင် ပိုမိုသိသာနိုင်ပါတယ်။

နေ့စဉ်လိုလို အွန်လိုင်းတွေမှာ လူတွေရဲ့ စိတ်ခံစားချက်အလိုက် လုပ်ကြံသတင်းတွေ တင်ပေးနေတာဟာ လူထုဆီသတင်းအချက်အလက် ပေးလိုတာထက် ကိုယ်လုပ်စေချင်တဲ့အတိုင်း လူထုကို ဆွဲဆောင်လိုတဲ့ ရည်ရွယ်ချက်ပဲဖြစ်ပါတယ်။

**ဆိုးကျိုးဆီဦးတည်နေ**

သတင်းဌာနကြီးတွေအနေနဲ့ သတင်းပိုင်းဆိုင်ရာ ကျင့်ဝတ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ တာဝန်ယူမှု တာဝန်ခံမှုတွေကို လိုက်နာကြပေမယ့် မလိုက်နာတဲ့သတင်းဌာနတွေ၊ ပုဂ္ဂိုလ်တွေလည်း ရှိနေပါတယ်။ အဲဒီလို သတင်းဌာနတွေ၊ ပုဂ္ဂိုလ်တွေဟာ နိုင်ငံရေး၊ စီးပွားရေး စတဲ့ဆိုင်ရာဆိုင်ရာ ကိုယ်ကျိုးစီးပွားအတွက် သတင်းတုနဲ့ လုပ်ကြံသတင်းတွေကို ဖြန့်ဝေကြပါတယ်။

သတင်းတု၊ လုပ်ကြံသတင်းတွေနဲ့ ဖြစ်နေဆဲ အခြေအနေကို မီးလောင်ရာလေပင့်ပြီး အမြတ်ထုတ်ဖို့ စာ၊ အသံ၊ အရုပ်နှင့် ရုပ်သံတွေကို နည်းပညာအကူအညီနဲ့ လုပ်ကြံသတင်းတွေကို လုပ်ဆောင်လာတာ တွေ့ရပါတယ်။ လုပ်ကြံသတင်းပြဿနာဟာ ကမ္ဘာ့အဝန်းဖြစ်နေပေမယ့် နိုင်ငံတွေအလိုက် အကျိုးသက်ရောက်မှုကတော့ မတူညီကြပါဘူး။ နိုင်ငံတိုင်းက ကိုယ့်အခြေအနေနဲ့အညီ ကိုင်တွယ်ဖြေရှင်းနေကြပါတယ်။ ဒါပေမယ့် လုပ်ကြံသတင်းတွေနဲ့ သတင်းတုပြဿနာကို ကမ္ဘာ့နိုင်ငံကြီးတွေမှာတောင် ကိုင်တွယ်ဖြေရှင်းဖို့ ခက်ခဲနေဆဲပါ။ သတင်းတုတွေ၊ လုပ်ကြံသတင်းတွေနဲ့ ပတ်သက်လို့ ဥရောပသမဂ္ဂကတောင် အွန်လိုင်းမှာ လုပ်ကြံသတင်း ပျံ့နှံ့လာမှုနဲ့ ပတ်သက်လို့ ဘက်ပေါင်းစုံက ချဉ်းကပ်ဖြေရှင်းနိုင်ဖို့ အဆင့်မြင့်အဖွဲ့တွေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဒါဟာဘာကို ဖော်ပြသလဲဆိုရင် သတင်းတုနဲ့ လုပ်ကြံသတင်းတွေဟာ ကမ္ဘာမှာ တစ်နေ့ထက်တစ်နေ့ အန္တရာယ်များလာတယ်ဆိုတာပဲ ဖြစ်ပါတယ်။

လုပ်ကြံသတင်းတွေ၊ သတင်းတုတွေရဲ့ ဆိုးကျိုးတွေကို မြန်မာနိုင်ငံမှာ ဒီကနေ့ လက်တွေ့ရင်ဆိုင်ခံစားနေရတာ မျက်မြင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လုပ်ကြံသတင်းနဲ့ သတင်းတုပြဿနာဟာ တစ်နေ့တခြား ပိုမိုများပြားလာနေတာကြောင့် အဲဒီရဲ့အကျိုးဆက်ကို လူထုရဲ့နေ့စဉ်ဘဝတွေကို ထိခိုက်နေတာ တွေ့ရပါတယ်။ လုပ်ကြံသတင်းတွေကို ဖတ်လိုက်ရချိန်၊ ကြားလိုက်ရချိန်၊ သိလိုက်ရချိန်မှာ စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်၊ အမုန်းတရားတွေခံစားရပေမယ့် လုပ်ကြံသတင်းမှန်း သိလိုက်ရတဲ့အချိန်မှာ အချိန်နှောင်းသွားခဲ့ပါပြီ။ လုပ်ကြံသတင်းရဲ့ သတင်းသဘောကိုက ရည်ရွယ်ချက်ရှိရှိနဲ့ ဖန်တီးလုပ်ဆောင်တာဖြစ်တဲ့အတွက် ကောင်းတဲ့ရည်ရွယ်ချက်မပါသလို ကောင်းတဲ့ အကျိုးဆက်လည်း မမျှော်မှန်းနိုင်ပါဘူး။

*စာမျက်နှာ ၁၁ သို့*

❑ သတင်းတုနဲ့ လုပ်ကြံသတင်းတွေကို လူတွေစိတ်ပြင်းထန်နေတဲ့ အချိန်၊ စိုးရိမ်ပူပန်မှုများနေချိန်နဲ့ မသေချာမရေရာမှုတွေ များနေချိန်မှာ အများဆုံးဖြန့်ဝေအသုံးချလေ့ရှိတာကြောင့် ပျံ့နှံ့မှုပမာဏနဲ့ အကျိုးသက်ရောက်မှုပမာဏလည်း များပြားပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ အခြေအနေနဲ့ ချိန်ထိုးကြည့်ရင် ပိုမိုသိသာနိုင်ပါတယ်

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ အသား၊ ငါးများနှင့် စားသောက်ကုန်များ ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့် အစီအစဉ် တိုးချဲ့ဆောင်ရွက်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက် လမ်းထောင့်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ယနေ့တွင် ဆောင်ရွက်ရာ ဆေးနှင့်ဆေးပစ္စည်းဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ ၁၁ ခုမှ အိမ်သုံးဆေးဝါး ၁၃၈ မျိုးကို ရောင်းချပေးလျက်ရှိပြီး ၁၀ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ရောင်းချခဲ့သည်။ **(အပေါ်ပုံ)**

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက်၊ အမှတ်(၁၀၄/၁၀၈)နေရာ၌လည်း ၂၁ ရက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ၈ သိန်းကျော် တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွှေ့လျားဈေးကားဖြင့် အသား၊ ငါးများနှင့် စားသောက်ကုန်များကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝေန်မြစ်ရေ သာပေါင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

** ကျောဖုံးမှ*

၂။ အဆိုပါ ရေပိုက်ပေါက်ပြုပြင်စဉ်ကာလတွင် ဂျိုးဖြူရေပို့ပိုက်မကြီးနှင့် ရေကူးရေတွန်းစက်ရုံမှတစ်ဆင့် ရေပေးဝေလျက်ရှိသော မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ မရမ်းကုန်း၊ ရန်ကင်း၊ ဗဟန်းနှင့် ကမာရွတ်မြို့နယ်များနှင့် ကုက္ကိုင်းရေလှောင်ကန်မှတစ်ဆင့် ရေပေးဝေလျက်ရှိသော စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ တာမွေမြို့နယ်များတွင် ရေအားလျော့နည်းခြင်း၊ ရေပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရေကြိုတင် စုဆောင်းထားနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို**
**စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

*စာမျက်နှာ ၉ မှ*

**လက်ရှိအခြေအနေ**

အလုံးစုံသော သေနင်္ဂဗျူဟာ အတတ်ပညာဟူသမျှ အားလုံးတို့သည် **"လှည့်စားခြင်း"** အပေါ် အခြေခံသည်ဟူသော သဘောတရားနှင့်အညီ ရန်သူသည် လှည့်စားဖြားယောင်းခြင်းအမျိုးမျိုးဖြင့် မိမိတို့နိုင်ငံသားများကို ဖြိုခွဲလျက်ရှိနေ၏။ ကောင်းစေလိုဟန်ဆောင်လျက် ပျက်ပြားအောင် ဖျက်ဆီးနေ၏။ နိမ့်ကျအောင် ဖိနှိပ်နေကြ၏။ ကြောက်လန့်အောင် ခြိမ်းခြောက်နေ၏။ စစ်သဘောတရားကို နားမလည်သူ အချို့တို့က မသိ။ အငိုက်မိကာ ရန်သူ့အလိုအကြိုက်သို့ လိုက်ပါမိတတ်၏။ စစ်ပရိယာယ်ကို နားလည်အပ်ပါသည်။ ငါးကြင်းဆီနှင့် ငါးကြင်းအကြော်ခံမလား။လှည့်စားမခံရအောင် သတိပြုပါလေ။

မြန်မာနိုင်ငံသား လူငယ်များသည် လူဦးရေနည်းပါးပြီး အတန်အသင့်ကျယ်ဝန်းကာ သယံဇာတကြွယ်ဝသည့် အမိနိုင်ငံတော်ကို အစွန့်ရှည်စွာ ခိုင်မာတည်တံ့ရေးအတွက် ရှေးရှေးသော မြန်မာလူငယ်များကဲ့သို့ပင် သေနင်္ဂဗျူဟာ အတတ်ပညာကို စိတ်ပါဝင်စားသင့်ပါကြောင်း တိုက်တွန်းအကြံပြုလိုပေသည်။

လက်ရှိနိုင်ငံတကာအခြေအနေတွင် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး အင်အားအကြီးမားဆုံးသော အနောက်နိုင်ငံကြီးတစ်ခု၏ ဩဇာလျော့ကျချိန်၊ မိမိတို့ အိမ်နီးနားချင်းနိုင်ငံကြီးတစ်ခု၏ အရှိန်အဟုန်ဖြင့် နိုင်ငံတကာကို ကျယ်ပြန့်စွာဖြန့်ကြက်ဆက်သွယ်ကာ ကုန်းလမ်း၊ ရေလမ်းများ တိုးချဲ့လမ်းဖွင့်နေချိန်၊ မြန်မာနိုင်ငံသည် သမုဒ္ဒရာထွက်ပေါက်၊ သူအလိုအပ်ဆုံးလမ်းကြောင်းတည့်တည့် (အနောက်ဘက် ထွက်ပေါက်) မဟာဗျူဟာမြောက်နိုင်ငံဖြစ်နေသည်။

ကံကောင်းသည်လည်း ဖြစ်နိုင်၏။

ကံဆိုးသည်လည်း ဖြစ်နိုင်၏။

ရွှေနိုင်ငံလည်း ဖြစ်နိုင်၏။

သွေးပင်လယ်ဝေ၊ အရိုးတောင်လိုပုံကာ ပြာပုံဖြစ်မည့် အခြေအနေအထိလည်း ဖြစ်နိုင်၏။

ဘယ်အရာအပေါ် မူတည်သနည်း။ အမျိုးသားရေးအကျိုးစီးပွားကို ဦးစားပေး စဉ်းစားတတ်ရမည်။

**နိဂုံး**

နိုင်ငံသူ နိုင်ငံသားတစ်ဦးချင်းစီ၏ ပထဝီနိုင်ငံရေးမြင်ကွင်းကျယ်မြင်နိုင်စွမ်းနှင့် မိမိတို့လူမျိုး၊ မိမိတို့နိုင်ငံကောင်းကျိုးကိုသာ ကိုယ်ကျိုးစွန့်လွှတ်ကာ အကျိုးရှိအောင် ဖော်ဆောင်နိုင်သော လက်ရုံးရည်နှလုံးရည်ရှိသူများ ဖြစ်ကြစေလိုသည်။ အမြော်အမြင်နည်းပါးစွာ ကိုယ်ကျိုးကြည့်ကာ အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ ငါတစ်ကိုယ်စာကောင်းစားလျှင် အခွင့်သာခိုက်နှိုက်မှာပဲ၊ လုမှာပဲ၊ အုပ်မယ်ခုပ်မယ်ဆိုပါက အဆိုးဘက်သို့ ရွေ့လျော ဖရိုဖရဲ ပြိုကွဲနိုင်သည့် အခြေအနေအထိ အန္တရာယ်မျိုးတွေ ရှိနေပါပြီ။ အမြင်ကျယ်စွာမြင်ကွင်းကျယ် ရှုမြင်သုံးသပ်နိုင်စွမ်းရှိပြီး ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ဖော်ဆောင်နိုင်ကြပါစေ။ နိုင်ငံတော်အတွက် အနာဂတ်ကိုသာ ဖန်တီးတတ်ပါစေ။ အခွင့်ကောင်းကို ယူတတ်ကြပါစေ။

*စာမျက်နှာ ၁၀ မှ*

ဘယ်လိုပဲဖြစ်ဖြစ် သတင်းတုတွေ၊ လုပ်ကြံသတင်းတွေဆိုတာ လူထုအတွက် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ဖြစ်စေပါတယ်။ လုပ်ကြံသတင်းတွေ ကျယ်ပြန့်လာတာနဲ့အမျှ လူထုအတွင်းမှာ ကြောက်ရွံ့မှု၊ စိုးရိမ်မှု၊ သံသယ၊ အမုန်းတရားတွေကို ပွားများစေပါတယ်။ လတ်တလော အကျိုးစီးပွားအတွက် လုပ်ကြံသတင်းတွေ၊ သတင်းတုတွေ ဖြန့်ဝေကြပေမယ့် ဖြစ်လာမယ့်အကျိုးဆက်ကတော့ နောင်ရေရှည်အတွက်ပါ မကောင်းနိုင်ပါဘူး။ ပဋိပက္ခများပြားနေတဲ့ လူမှုဝန်းကျင်ကို ပိုလို့ဆိုးရွားစေမှာပါ။ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးတွေကို အကွဲအပြဲဖြစ်အောင် ခွဲဖို့လွယ်သလောက် ပြေငြိမ်းအောင်လုပ်ဖို့ဆိုတာ ခက်ခဲပါတယ်။ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး အကွဲအပြဲတွေ၊ ပဋိပက္ခတွေရှိနေတဲ့ လူမှုအသိုက်အဝန်းဟာ လုပ်ကြံသတင်းတွေကြောင့် အခုချိန်မှာ မငြိမ်းချမ်းသလို ရေရှည်ငြိမ်းချမ်းဖို့လည်း ခက်ခဲပါတယ်။

ဒါ့အပြင် သတိပြုရမှာက လုပ်ကြံသတင်းတွေနဲ့ သတင်းတုတွေဟာ ဆန့်ကျင်ဘက် အကျိုးသက်ရောက်နိုင်မှုပါပဲ။ လတ်တလောအားဖြင့် လူထုအတွင်း သွေးခွဲတဲ့ လုပ်ကြံသတင်းတွေ၊ သတင်းတုတွေကို နည်းလမ်းတစ်ရပ်အနေနဲ့ဖြစ်ဖြစ်၊ လက်နက်တစ်ခုအနေနဲ့ဖြစ်ဖြစ် ရည်ရွယ်ချက်ရှိရှိအသုံးချနေခြင်းဟာ နောင်တစ်ချိန်မှာ ကိုယ့်လက်နက်နဲ့ကိုယ် ဒုက္ခရောက်နိုင်တယ်ဆိုတာ သတိပြုကြရမှာပါ။ သတင်းဌာနတစ်ခု ဒါမှမဟုတ် လူပုဂ္ဂိုလ်တစ်ဦးဟာ လုပ်ကြံသတင်းတွေ၊ သတင်းတုတွေကို ဖြန့်ဝေတာများလာရင် ယခင်က အဲဒီသတင်းဌာနအပေါ်၊ လူပုဂ္ဂိုလ်အပေါ် ဘယ်လောက်ပဲ ယုံကြည်ခဲ့ ယုံကြည်ခဲ့ အချိန်ကြာလာတာနဲ့အမျှ လူထုယုံကြည်မှုနဲ့ အားကိုးမှု လျော့ကျစေနိုင်တာကို ဆင်ခြင်ဖို့လိုပါတယ်။

**သတင်းတုနှင့် လုပ်ကြံသတင်းများ၏သားကောင်**

လုပ်ကြံသတင်းပြဿနာတွေ ကိုင်တွယ်ဖြေရှင်းရာမှာ နိုင်ငံရေးနဲ့ဆက်စပ်နေသူတွေ၊ သတင်းမီဒီယာတွေ၊ လူမှုအဖွဲ့အစည်းတွေနဲ့ ဒစ်ဂျစ်တယ်မီဒီယာများဟာ အရေးပါပါတယ်။ ဒါပေမယ့် ဒစ်ဂျစ်တယ်မီဒီယာကို အသုံးပြုရာမှာ မှန်ကန်မှု၊ အမီအခိုကင်းလွတ်လပ်မှု၊ တရားမျှတမှု၊ လျှို့ဝှက်ထိန်းသိမ်းမှု၊ လူသားဆန်မှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့လို ကျင့်ဝတ်ဆိုင်ရာ မူဘောင်တွေကို ကျော်လွန်ပြီး လုပ်ကြံသတင်းတွေနဲ့ ဘက်လိုက်မှု၊ ငွေကြေး အကျိုးစီးပွားရှာမှုတွေကြောင့် လူထုဟာ သတင်းတုနဲ့ လုပ်ကြံသတင်းတွေရဲ့ အသုံးချခံ သို့မဟုတ် သားကောင်ဖြစ်လာတာကို တွေ့လာရပါတယ်။

လုပ်ကြံသတင်းတွေ၊ သတင်းတုတွေကို ဦးတည်ပစ်မှတ်အတွက် ရည်ရွယ်ဖြန့်ဝေပေမယ့် ဖြစ်လာတဲ့ ဆိုးကျိုးဂယက် ရိုက်ခတ်မှုကတော့ လူမှုပတ်ဝန်းကျင်တစ်ခုလုံးအပေါ် ကျရောက်လာပါတယ်။ လူတစ်ဦးချင်းအနေနဲ့ကြည့်မယ်ဆိုရင် လုပ်ကြံသတင်းတွေကို လက်ခံလိုက်၊ ယုံကြည်လိုက်၊ ပြန်ဝေမျှလိုက်၊ ခံစားလိုက်နဲ့ ကိုယ်ကိုယ်တိုင်ဟာ သတင်းတုတွေ၊ လုပ်ကြံသတင်းတွေရဲ့ သားကောင်အဖြစ်ရောက်ရှိသွားကြတာပါပဲ။ ဒီတော့ သတင်းတုတွေ၊ လုပ်ကြံသတင်းတွေရဲ့ သားကောင်မဖြစ်ဖို့ဆိုရင် ကိုယ်ကိုယ်တိုင်က အဲဒီသတင်းတွေကို လက်မခံသူ၊ တားဆီးသူ၊ ကာကွယ်သူဖြစ်မှ ကိုယ်ကိုယ်တိုင်ကို ကာကွယ်နိုင်မှာဖြစ်သလို မိမိဝန်းကျင်ကိုလည်း ကာကွယ်ပေးသူ ဖြစ်ပါလိမ့်မယ်။

**ကိုးကား**


၁။ 10 THINGS TO KNOW ABOUT MISINFORMATION AND DISINFORMATION

၂။ Journalism, 'Fake News' Disinformation. UNESCO. 2018

၃။ သတင်းအတတ်ပညာ၊ သတင်းတုနှင့် လုပ်ကြံသတင်းများ၊ ယူနက်စကို

# အိုင်အေအီးအေမှ စောင့်ကြည့်ကင်မရာများကို အီရန်နိုင်ငံမှ ခွင့်ပြုပေး

တီဟီရန် စက်တင်ဘာ ၁၃

**အီရန်နိုင်ငံသည် နိုင်ငံအတွင်းရှိ နျူကလီးယားစက်ရုံများတွင် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ စောင့်ကြည့်ကင်မရာများ တပ်ဆင်ရန် ခွင့်ပြုပေးလိုက်သည်ဟု သိရသည်။**

အိုင်အေအီးအေမှ အကြီးအကဲဖြစ်သူ ရာဖယ် ဂရော့စီနှင့် အီရန်နိုင်ငံ၏ အဏုမြူစွမ်းအင်အဖွဲ့အစည်းမှ အကြီးအကဲဖြစ်သူ မိုဟာမက် အက်စ်လာမီတို့ တွေ့ဆုံခဲ့ပြီးနောက် ယခုလိုသဘောတူညီမှုကို ကြေညာခဲ့ခြင်းဖြစ်သည်။

အီရန်သမ္မတ အီဘရာဟင် ရိုင်စီ သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်သည့် အချိန်မှစတင်ကာ အိုင်အေအီးအေမှအကြီးအကဲသည် အီရန်သို့ ပထမအကြိမ်အဖြစ် လာရောက်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံသည် ကုလသမဂ္ဂ နျူကလီးယား စောင့်ကြည့်ရေးအဖွဲ့အစည်းနှင့် ဖေဖော်ဝါရီလအတွင်းမှစတင်ကာ စောင့်ကြည့်ရေး မှတ်တမ်းများကို ထိန်းသိမ်းသွားရန် သဘောတူခဲ့သည်။ သို့သော်လည်း အိုင်အေအီးအေ၏အစီရင်ခံစာအရ ပစ္စည်းကိရိယာများကို စောင့်ကြည့်ရန် ဝင်ခွင့်မရဟု သိရသည်။

ယခုပူးတွဲထုတ်ပြန်သည့် ကြေညာချက်အရ အိုင်အေအီးအေမှ စုံစမ်းစစ်ဆေးသူများကို ပစ္စည်းကိရိယာများ ဝန်ဆောင်မှုပေးရန်နှင့် သိမ်းဆည်းထားသည့်ပစ္စည်းများကို အစားထိုးရန် ခွင့်ပြုပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**



အီရန်နိုင်ငံ၏ အဏုမြူစွမ်းအင်အဖွဲ့အစည်းမှ အကြီးအကဲဖြစ်သူ မိုဟာမက် အက်စ်လာမီ မိန့်ခွန်းပြောနေစဉ်။



အိုက်ချီခရိုင်တွင် ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေး အပြည့်ထိုးပြီးသူ ၅၀ ရာခိုင်နှုန်းကျော်ရှိ

**တိုကျို စက်တင်ဘာ ၁၃**

ဂျပန်နိုင်ငံတွင် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ကို ကိုဗစ် -၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပေးပြီးပြီဟု သိရသည်။

ဂျပန်နိုင်ငံ၏ ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးပေးနိုင်သည့်နှုန်းမှာ မကြာမီအချိန်အတွင်း ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့ကို မီတော့မည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ကြီးကြပ်ရေးဆိုင်ရာဝန်ကြီးက စက်တင်ဘာ ၁၂ ရက်တွင် ပြောသည်။ လက်ရှိနှုန်းထားဖြင့်သာ ကာကွယ်ဆေး ထိုးနှံမှုလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ပါက ယခုလကုန်ပိုင်းတွင် ၆၀ ရာခိုင်နှုန်းကျော် ရှိလာမည်ဟုလည်း ယာဆူတိုရှိ နစ်ရှီမူရ က တီဗွီ အစီအစဉ်တွင် ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ကနဦးတွင် ကာကွယ်ဆေး ထိုးပေးရာ၌ အခြားသော စီးပွားရေးအင်အားကြီးနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နောက်ကျ ကျန်ရစ်ခဲ့ရသည်။ သို့သော် နောက်ပိုင်းတွင် အရှိန်မြင့်လာနိုင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် ၅၃ ရာခိုင်နှုန်း အပြည့် ကာကွယ်ဆေးထိုးပေးပြီး ဖြစ်သည်။

စင်ကာပူနိုင်ငံတွင်မူ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းကို နှစ်ကြိမ် ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်။ ဂျပန်နိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးခြင်းကို ဖေဖော်ဝါရီလအတွင်းက စတင်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများကို ဦးစွာ ကာကွယ်ဆေးထိုးပေးခဲ့သည်။ ထို့နောက် အသက် ၆၅ နှစ်နှင့်အထက်များကို ဧပြီလတွင် ကာကွယ်ဆေးထိုးပေးခဲ့သည်။

ဂျပန်နိုင်ငံတွင် ကူးစက်မြန် ဒယ်လ်တာကြောင့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်မှာ အကျပ်အတည်းအောက်တွင် ရှိနေဆဲဖြစ်သည်။

တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်-၁၉ ကူးစက်မှုမှာလည်း စက်တင်ဘာ ၁၂ ရက်တွင် ၇၂၀၀ ရှိသည်ဟု သိရသည်။

**ကျိုဒို**

# တက္ကသိုလ်များတွင် အမျိုးသားအမျိုးသမီး သီးခြားစီခွဲ၍ စာသင်ကြားမှုကို ခွင့်ပြုမည်ဟု တာလီဘန်များပြော

**ကဘူးလ် စက်တင်ဘာ ၁၃**

အာဖဂန်နစ္စတန်တွင် အမျိုးသမီးများ တက္ကသိုလ်၌ ဆက်လက် ပညာ သင်ကြားနိုင်သော်လည်း စာသင်ခန်းအတွင်း သင်ယူသည့်အခါ အမျိုးသားအမျိုးသမီး ခွဲခြား၍ သင်ကြားသွားမည်ဟု တာလီဘန်အစိုးရအဖွဲ့ ခေတ္တအဆင့်မြင့် ပညာရေးဝန်ကြီးက ပြောသည်။

စက်တင်ဘာ ၁၂ ရက် ကဘူးလ်မြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ခေတ္တအဆင့်မြင့်ပညာရေးဝန်ကြီးအဗ္ဗဒူဘာကီ ဟတ်ကာနီက ပြောသည်။ ပညာရေးနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို ချပြခဲ့သည်။ ယခုလက်ရှိတွင် တည်ရှိနေသည့် အရာများအတိုင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း အာဖဂန်ယဉ်ကျေးမှုနှင့် ဆန့်ကျင်သည့် အရာများကိုမူ ပြောင်းလဲသွားမည်ဟု ၎င်းက ဆက်ပြောသည်။

အမျိုးသားများသည် အခြားသော အဆောက်အအုံတွင် ပညာသင်ကြားရမည် ဖြစ်ပြီး စာသင်ခန်းများကိုလည်း အမျိုးသား အမျိုးသမီးခွဲခြားထားမည်ဖြစ်သည်။ အမျိုးသမီးကို အမျိုးသမီး ဆရာမများက သင်ကြားပေးရမည်ဖြစ်ပြီး အမျိုးသားများကိုလည်း အမျိုးသား ဆရာများကသာ သင်ကြားပေးရမည်ဖြစ်သည်။

အမျိုးသားတက္ကသိုလ်များကို ပြန်လည်ဖွင့်လှစ်ရန် ရည်ရွယ်ထားသည့်အတွက် ဆရာများ လုပ်ငန်းခွင်ပြန်ဝင်ရန် တောင်းဆိုခဲ့သည်။

ကဘူးလ် တက္ကသိုလ်မှ အမျိုးသမီးကျောင်းသူတစ်ဦးကမူ သူသိသမျှသော ဆရာများမှာ အလုပ်မှ ထွက်ကုန်ပြီး ကျောင်းသား ကျောင်းသူများမှာလည်း အာဖဂန်နစ္စတန်မှ ထွက်သွားကြပြီ ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသို့ ပြောသည်။

၎င်းသည်လည်း အာဖဂန်နစ္စတန်တွင် အနာဂတ်မျှော်လင့်ချက်မရှိတော့သည့်အတွက် နိုင်ငံခြားသို့ ထွက်သွားလိုကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**



# တရုတ်နိုင်ငံမှ လှူဒါန်းသော ဆီနိုဖမ်းကာကွယ်ဆေး ဒုတိယအသုတ် ဘရူနိုင်းနိုင်ငံ လက်ခံရရှိ

**ဘန်ဒါဆီရီဘီဂါဝမ် စက်တင်ဘာ ၁၃**

တရုတ်နိုင်ငံအစိုးရက ပေးပို့သော ဆီနိုဖမ်းကိုဗစ်- ၁၉ ကာကွယ်ဆေးအလုံးရေ ၁၀၀၀၀၀ မှာ ဘရူနိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၁၂ ရက် ညပိုင်းက ရောက်ရှိခဲ့သည်ဟု သိရသည်။

လွန်ခဲ့သည့်နှစ်မှစတင်ကာ ကိုဗစ်- ၁၉ ကပ်ရောဂါကို ရင်ဆိုင်တိုက်ဖျက်ရာ၌ တရုတ်နိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့သည် အတူတကွ လက်တွဲလုပ်ဆောင်ခဲ့သည်ဟု ဘရူနိုင်းနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Yu Hong က ပြောသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းကလည်း တရုတ်နိုင်ငံထုတ် ဆီနိုဖမ်းကာကွယ်ဆေးအလုံးရေ ၅၂၀၀၀ ကို ဘရူနိုင်းနိုင်ငံက လက်ခံရရှိခဲ့ပြီး ယခုတစ်ကြိမ်မှာ ဒုတိယအကြိမ် လက်ခံရရှိခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံအတွက် နောက်ထပ်လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများ နယူးဇီလန် ထောက်ပံ့

**ဝယ်လင်တန် စက်တင်ဘာ ၁၃**

နယူးဇီလန်နိုင်ငံသည် အာဖဂန်နစ္စတန်တွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန် နယူးဇီလန်ဒေါ်လာသုံးသန်း ထောက်ပံ့ပေးခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီး နနာရာမဟူဒါက ပြောသည်။

အာဖဂန်နစ္စတန်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ အမှန်တကယ် လိုအပ်နေကြောင်း၊ အမျိုးသမီးများနှင့် မိန်းကလေးများ ထိခိုက်ခံစားနေရကြောင်း ၎င်းက ဆက်ပြောသည်။

ကုလသမဂ္ဂ၏ ခန့်မှန်းမှုအရ ရွှေ့ပြောင်းနေထိုင်သူ တစ်သန်းအနက် ၈၀ ရာခိုင်နှုန်းမှာ အမျိုးသမီးနှင့်ကလေးများဖြစ်သည်ဟု သိရသည်။

နယူးဇီလန်နိုင်ငံသည် ယူနီဆက်ဖ်နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ထံ ကူညီထောက်ပံ့မှုများ ပြုလုပ်လျက်ရှိသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၀၇၄၅ ဦးတိုးလာပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၂၄၈၀၇၁ ဦးအထိရောက်ရှိလာ

**မနီလာ စက်တင်ဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံတွင် စက်တင်ဘာ ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၀၇၄၅ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၂၄၈၀၇၁ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၁၆၃ ဦး ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၅၃၀၇ ဦး အထိ ရှိလာခဲ့ကြောင်းနှင့် စနေနေ့က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနေ့တစ်နေ့ ဖြစ်ခဲ့ပြီး ကူးစက်ဖြစ်ပွားသူ ၂၆၃၀၃ ဦး ရှိခဲ့သည်ဟု ဒီအိုအိတ်ချ်က ဖော်ပြသည်။

လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၁၈ သန်း ကျော်ရှိလာပြီဖြစ်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ လွဲပြောင်းမှုများကို အဓိကလက်ခံရာ ဖိလစ်ပိုင် ပြည်သူ့ဆေးရုံကြီးတွင် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရသည်။

"ကျန်းမာရေးဝန်ထမ်းတွေ နေမကောင်းဖြစ်နေကြပြီ။ သူတို့တွေလည်း ပင်ပန်းနေပြီ။ ကျွန်တော်တို့မှာ လူ့အရင်းအမြစ်အခက်အခဲတွေ ဖြစ်နေတယ်" ဟု ဆေးရုံ၏ပြောရေးဆိုခွင့်ရှိသူ ဂျိုနက်ဒဲရိုဆာရီယိုက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူပေါင်း ၃၈ ဒသမ ၇ သန်းကျော်ရောက်ရှိလာပြီဖြစ်သည်။ ယခုအချိန်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသူပေါင်း ၁၆ ဒသမ ၇ သန်း ရှိပြီဖြစ်သည်။

ဆင်ဟွာ



ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တစ်နေရာတွင် အစားအစာဝေနေသည်ကို စောင့်ဆိုင်းနေသူများ။



ဘန်ကောက်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန် စောင့်ဆိုင်းနေကြစဉ်။

# ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၄၀ ကျော်ထိုးနှံပြီးဖြစ်

**ဘန်ကောက် စက်တင်ဘာ ၁၃**

ထိုင်းနိုင်ငံတွင် ယနေ့အချိန်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၄၀ ကျော် ထိုးနှံပြီးပြီဖြစ်ကြောင်း စက်တင်ဘာ ၁၃ ရက်က ထုတ်ပြန်သော တရားဝင် ကိန်းဂဏန်းအချက်အလက်များတွင် ဖော်ပြသည်။

သန်း ၇၀ နီးပါးရှိသည့် ထိုင်းနိုင်ငံလူဦးရေ၏ ၁၈ ရာခိုင်နှုန်းခန့်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးပြီဖြစ်ကာ နိုင်ငံ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းနီးပါးမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးပြီဖြစ်သည်။

ယခုနှစ်ကုန်တွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး လွှမ်းခြုံထိုးပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၅၈၃ ဦး ရှိလာပြီး ၁၃၂ ဦး ထပ်မံသေဆုံးကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးစင်တာ (စီစီအက်စ်အေ) ၏ ဖော်ပြချက်အရ သိရသည်။ လွန်ခဲ့သော ၂၄ နာရီကျော်က ထိုင်းနိုင်ငံ၏ မြို့တော် ဘန်ကောက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၃၂၉ ဦးရှိကြောင်း မှတ်တမ်းတင် ဖော်ပြခဲ့သည်။ အဆိုပါ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် ပမာဏသည် နိုင်ငံအတွင်းရှိ တခြားပြည်နယ်များထက် ပိုများသည်။

နိုင်ငံအတွင်းရှိ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့်အရေအတွက်သည် ၁ ဒသမ ၃၉ သန်းအထိ ရောက်ရှိလာပြီဖြစ်သည်။ ထို့အတူ သေဆုံးသူပေါင်းမှာလည်း ၁၄၄၈၅ ဦးအထိ ရောက်ရှိလာသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူပေါင်း လေးသန်းကျော်လာ

**ဂျကာတာ စက်တင်ဘာ ၁၃**

အင်ဒိုနီးရှားနိုင်ငံတွင် စက်တင်ဘာ ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၅၇၇ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၁၇၀၀၈၈ ဦး အထိ ရှိလာခဲ့သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၂၇၆ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၃၉၁၆၅ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၁၂၄၇၄ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၃၉၃၁၂၂၇ ဦးအထိ ရှိလာသည်။

စက်တင်ဘာ ၁၃ ရက်အထိ လူပေါင်းအနည်းဆုံး ၄၂ ဒသမ ၁၀ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်းသိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၇၃ ဒသမ ၃၁ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အင်ဒိုနီးရှားအစိုးရသည် အမျိုးသားကာကွယ်ဆေးထိုးလိုအပ်ချက်ကို ပြည့်မီရန် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ပိုမိုရရှိနိုင်ရေး ဆက်လက်ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၁၇၂ ဦးထပ်တိုးလာ

**ဟနွိုင်း စက်တင်ဘာ ၁၃**

ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာ ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၁၇၂ ဦး ရှိလာကြောင်းဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ လေးဦးနှင့် ပြည်တွင်း ကူးစက်ဖြစ်ပွားသူ ၁၁၁၆၈ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၆၂၄၅၇၄ ဦးအထိရောက်ရှိလာပြီး ၁၅၆၆၀ သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန က ဆက်လက် သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ အစုလိုက် ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှ ဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းစီးတီးမှ ၅၄၄၆ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၃၆၅၁ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၇၆၈ ဦးတို့ဖြစ်ကြသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၃၈၅၇၇၈ ဦးရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူပေါင်းမှာလည်း ၂၉ ဒသမ ၃ သန်းကျော်လွန်လာပြီဖြစ်သည်။ စက်တင်ဘာ ၁၃ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၆၂၀၁၆၅ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၀၇၁၁ ဦးရှိလာ

**ကွာလာလမ်ပူ စက်တင်ဘာ ၁၃**

မလေးရှားနိုင်ငံတွင် စက်တင်ဘာ ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၉၁၉၈ ဦး တိုးလာကြောင်း အတည်ပြုဖော်ပြပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၉၇၉၆၉၈ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ငါးဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၁၉၁၉၃ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ဖော်ပြထားသည်။

နောက်ထပ် ၂၉၂ ဦး ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၀၇၁၁ ဦးရှိလာခဲ့ပြီ ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာပြီး ဆေးရုံမှ ဆင်းလာသူ ၂၀၉၈၀ အပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၁၇၂၁၇၁၀ ရှိလာပြီဖြစ်သည်။




မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ်နမူနာ ရယူနေစဉ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၃၇၂၇၇ ဦးအနက် ၁၃၃၈ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှု ခံယူလျက်ရှိပြီး ၎င်းတို့အနက် ၇၂၁ ဦးမှာ အသက်ရှူအထောက်အကူ လိုအပ်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် တနင်္ဂနွေနေ့တစ်နေ့တည်း ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ခါထိုးပမာဏ ၂၂၇၄၇၆ ခန့်ကို ထိုးပေးခဲ့သည်။ လူဦးရေ၏ ၆၅ ဒသမ ၄ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံမှု ခံယူပြီးပြီဖြစ်ကာ ၅၂ ဒသမ ၆ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# အကျပ်အတည်းစီမံခန့်ခွဲမှုနဲ့အတူ တိုးတက်ကောင်းမွန်လာမယ့် အင်ဒိုနီးရှားနိုင်ငံရဲ့ ခရီးသွားကဏ္ဍ

•••••• ထွန်းကျော် ••••••

အင်ဒိုနီးရှားနိုင်ငံမှာ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု အလားအလာ မကြာသေးမီက ကျဆင်းလာသလို ပီပီကေအမ်လို့ခေါ်တဲ့ ပြည်သူ့လှုပ်ရှားဆောင်ရွက်ချက်တွေအပေါ် ကန့်သတ်ချက်တွေ ဖြေလျှော့ပေးလိုက်ခြင်းက အင်ဒိုနီးရှားနိုင်ငံသားတွေအတွက် အသက်ရှူချောင်စေပါတယ်။

**စိတ်အားထက်သန်စွာစောင့်ဆိုင်း**

မိမိတို့ရဲ့ သုတေသနကို အခြေခံပြီး သိလိုက်ရတာက အင်ဒိုနီးရှားနိုင်ငံသားတွေဟာ နိုင်ငံခြားခရီးသွားတွေ လာရောက်လည်ပတ်လေ့ရှိတဲ့ အထင်ကရနေရာတွေ ပြန်လည်ဖွင့်လှစ်ဖို့ကို စိတ်အားထက်သန်စွာနဲ့ စောင့်နေကြတယ်။ သူတို့ခရီးတွေထွက်ဖို့ ဆန္ဒပြင်းပြနေတယ်လို့ အင်ဒိုနီးရှားခရီးသွားလာရေးလုပ်ငန်းရဲ့ အတွင်းရေးမှူးချုပ် နူနမ်ရက်စ်မီရာတီက ပြောကြားလိုက်ပါတယ်။

ဒယ်လ်တာကူးစက်မြန် ပြင်းထန် ကိုဗစ်- ၁၉ ဗီဇပြောင်းမျိုးစိတ်သစ်ကြောင့် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုတွေ မြင့်လာပြီးတဲ့နောက်မှာ အင်ဒိုနီးရှားအစိုးရဟာ ပီပီကေအမ်ဆိုတဲ့ မူဝါဒကို ဇူလိုင်လအစောပိုင်းက ချမှတ်အကောင်အထည်ဖော်ခဲ့ပါတယ်။

**အကောင်းဘက်ကို လက္ခဏာတွေစတင်ပြလာ**

ဩဂုတ်လထဲ ရောက်လာတဲ့အခါမှာတော့ အကောင်းဘက်ကို လက္ခဏာတွေ စတင်ပြလာပါတော့တယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှုန်းတွေ ကျဆင်းလာပြီး ကာကွယ်ဆေးထိုးနှုန်းတွေ မြင့်လာတာနဲ့အတူ ဂျာဗားနဲ့ဘာလီမှာရှိတဲ့ နေရာအတော်များများကို ကိုဗစ်-၁၉ အတင်းကျပ်ဆုံး အဆင့် ၄ ကနေပြီး လျှော့ချလိုက်ပါတယ်။

ကိုဗစ်-၁၉ အဆင့် ၃ ပြဋ္ဌာန်းထားတဲ့ မြို့တော်တွေရဲ့ တချို့ခရီးသွားဆွဲဆောင်ရာနေရာတွေကို ကာကွယ်ဆေးထိုးထားတဲ့ ကန့်သတ်လူဦးရေနဲ့အတူ ပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက်ပါတယ်။ တစ်မြို့မှ တစ်မြို့ အပန်းဖြေခရီးသွားလာမှုတွေကိုလည်း ခွင့်ပြုထားပါတယ်။

**ခရီးသွားကဏ္ဍကို အသင့်ပြင်ဖို့လို**

စိုးရိမ်မှုတွေရှိနေသော်လည်း ဒါဟာ တကယ်တော့ စိတ်လှုပ်ရှားစရာကောင်းလှပါတယ်။

ခရီးသွားလာရေးနဲ့ စီးပွားရေးဖန်တီးမှုဆိုင်ရာ ဝန်ကြီး ဆန်ဒီယာဂါ ယူနိုက ရပ်ဆိုင်းထားတဲ့ ခရီးသွားလာမှုတွေ ပြန်လည်နိုးထလာမှုနဲ့ အတူလာမယ့် ခရီးသွားကြွေးပြန်ဆပ်မယ့်ရာသီမှာ ခရီးသွားလာရေးကဏ္ဍကို အဆင်သင့်ပြင်ဆင်ထားဖို့လိုတယ်လို့ ပြောခဲ့ပါတယ်။ အထူးသဖြင့်ကတော့ ဂျကာတာ အနီးဝန်းကျင်ဒေသတွေ ဖြစ်ပါတယ်လို့ သူက ပြောပါတယ်။



အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗား ဘန်ဒန်းရှိ လမ်းတစ်ခုပေါ်တွင် ဘောလုံးများသယ်ဆောင်ထားသည့် ဈေးသည်တစ်ဦးကို တွေ့ရစဉ်။

**သတိလက်လွတ်မဖြစ်ဖို့လို**

ဂျာဗားနဲ့ ဘာလီတို့ရဲ့ နေရာအတော်များများမှာ ပီပီကေအမ်ကို ဖြေလျှော့ပေးလိုက်တာကို မိမိတို့အနေနဲ့ ကြိုဆိုပါတယ်။ သို့သော်လည်း မိမိတို့အနေနဲ့ သတိလက်လွတ်မဖြစ်ဖို့တော့ လိုပါတယ်။ ပြီးတော့လည်း တင်းကျပ်တဲ့ စည်းကမ်းတကျရှိတဲ့ ကျန်းမာရေး လုပ်ထုံးလုပ်နည်းတွေကိုတော့ လုပ်ဆောင်ရမယ်လို့ ယူနိုက ပြောပါတယ်။

ကိုဗစ်- ၁၉ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်နဲ့အတူ စိုးရိမ်စိတ်တွေလည်း ကြီးထွားလာတယ်လို့ ခရီးသွားလာရေး အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ အက်ဒီယာမင်က ပြောပါတယ်။

**ကိုဗစ်-၁၉ စစ်ဆေးမှုတွေ ဈေးကြီး**

ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားနိုင်ခြေဆက်လက်မြင့်နေသေးတယ်လို့ ကျွန်တော်ထင်တယ်။ ကပ်ရောဂါဖြစ်နေချိန်မှာ ခရီးသွားလာခြင်းက ကုန်ကျစရိတ်ပိုများပါတယ်။ လေယာဉ်စီးဖို့ဆိုရင် မိမိတို့တွေ ပီစီအာရ် သို့မဟုတ် အန်တီဂျန် စစ်ဆေးမှုတွေကို ပထမဆုံး ပြုလုပ်ရမယ်။ အဲဒီကုန်ကျစရိတ်ဟာ ဂျာဗားအပြင်ဘက်မှာဆိုရင် အတော်လေးဈေးကြီးတယ်လို့ ယာမင်က ပြောပါတယ်။

ယာမင်က လွန်ခဲ့တဲ့နှစ်ဇူလိုင်မှာ နူဆာတန်ဂါရာကျွန်းကို သွားခဲ့တဲ့ သူ့ရဲ့ခရီးစဉ်နောက်ဆုံးအခေါက်ကို ပြန်ပြောပြပါတယ်။ ကျွန်တော်နဲ့ကျွန်တော့်သူငယ်ချင်း ဂျကာတာကနေကျန်းမာရေးကောင်းကောင်းနဲ့ ထွက်ခဲ့တယ်။ ဒါပေမယ့်အိမ်ပြန်ချိန်ရောက်တော့ ကျွန်တော်တို့အများကြီး ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားကြောင်းစစ်ဆေးတွေ့ရှိခဲ့ပြီး အဲဒီမှာအချိန်အတော်ကြာသောင်တင်နေခဲ့တယ်လို့ သူက ပြောပါတယ်။

**ခံစားမှုရသတွေ ရောပြွမ်းခံစားရ**

စပိန်နဲ့အီတလီမှာ လွန်ခဲ့တဲ့ နွေရာသီမှာဖြစ်ခဲ့သလို ခရီးသွားလာခြင်းကနေ ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုတွေအများကြီးဖြစ်ခဲ့တယ်။ခရီးသည်တွေဟာ အပန်းဖြေပြန်လာရင်းနဲ့ ဗိုင်းရပ်စ်ပါသယ်ဆောင်လာခဲ့တယ်လို့ ဂရာဖစ်ဖ်တက္ကသိုလ်ရဲ့ ကူးစက်ရောဂါပြန့်ပွားခြင်းနဲ့ ကာကွယ်ခြင်းဆိုင်ရာ ပညာရှင် ဒစ်ကီဘူဒီမန်က ပြောပါတယ်။

ခရီးသွားလာရေးကဏ္ဍနဲ့သက်ဆိုင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ ရသတွေရောပြွမ်းပြီးခံစားရပါတယ်လို့ သူကပြောပါတယ်။

**အဖြစ်မခံနိုင်**

အစိုးရက ကန့်သတ်ချက်တွေ လျှော့ပေါ့ပေးလိုက်တာကို ဝမ်းသာပါတယ်။ စွန့်ဦးတီထွင်စီးပွားရေးသမားတွေအနေနဲ့ ဒီအခွင့်အရေးကို အမိအရ ဖမ်းဆုပ်ရမယ်။ သို့သော်လည်း တစ်ခါတစ်ရံမှာတော့ ခရီးသွားတွေက သူတို့ကိုယ်သူတို့ ဂရုစိုက်ရတာကို ပျော်နေတဲ့အပေါ် ကျွန်တော်တို့ စိုးရိမ်မိတယ်လို့ ဘာလီမှာရှိတဲ့ ခရီးသွားလုပ်ငန်းပိုင်ရှင်တစ်ဦးဖြစ်တဲ့ အာစ်နဝီဘာဟာက ပြောပါတယ်။ အစုလိုက်ကူးစက်မှုဖြစ်ရင် ကျွန်တော်တို့ကို ပြည်သူတွေက အပြစ်မြင်ကြမယ်။ အဲဒီလိုမျိုးတော့ အဖြစ်မခံနိုင်ဘူးလို့ သူကဆက်ပြောပါတယ်။

ပျော်ပျော်ပါးပါးခရီးစဉ်ဖြစ်အောင် ခရီးသွားအဖွဲ့တွေက အဓိက ပြင်ဆင်ဖြည့်ဆည်းနေပါတယ်။ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုအန္တရာယ်ကို အနည်းဆုံး ဖြစ်ဖို့ဆိုရင် နိုင်ငံခြားခရီးသွားတွေကို အနီးကပ်စောင့်ကြည့်ရမယ်လို့ အင်ဒိုနီးရှား ခရီးသွားလာရေးလုပ်ငန်းရဲ့ အတွင်းရေးမှူးချုပ် နူနမ်ရက်စ်မီရာတီက ပြောကြားလိုက်ပါတယ်။

**ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ ချမှတ်**

မိမိတို့ဟာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေကို တင်းကျပ်တဲ့ ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ ချမှတ်ခိုင်းရမယ်။ ခရီးသွားမိသားစုဦးရေကိုလည်း ဂရုစိုက်ဖို့လိုသလို ခရီးသွားအုပ်စုတွေဆိုရင်လည်း ၂၅ ဦးထက်မပိုအောင် ဂရုစိုက်ရမယ်။ ပြီးတော့လည်း ကိုဗစ်- ၁၉ ခြေရာခံမှုတွေကို အလျင်အမြန်လုပ်ဆောင်နိုင်အောင် သက်ဆိုင်ရာလေကြောင်းလိုင်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်ရမယ်လို့ သူက ဆက်ပြောပါတယ်။

ဒစ်ဂျစ်တယ်ကို အခြေခံတဲ့ကျန်းမာရေးလုပ်ထုံးလုပ်နည်းတွေ အကောင်အထည်ဖော်ခြင်းဟာ ကိုဗစ်-၁၉ ကာလမှာတွေ့ကြုံနိုင်တဲ့ အခက်အခဲတွေကို ကျော်ဖြတ်တဲ့နေရာမှာ အဓိက အရေးပါလာမှာပါ။

နိုင်ငံတိုင်းမှာ ပြန်လည်ကုစားရေးအတွက် လမ်းပြမြေပုံရှိပါတယ်။ ကပ်ရောဂါက ကျွန်တော်တို့ကို စီမံတာကို စောင့်နေဖို့မလိုဘူး။ လာမယ့်အနာဂတ်မှာ ခရီးသွားလာရေးကဏ္ဍဟာ အကျပ်အတည်းစီမံခန့်ခွဲမှုနဲ့အတူ အကောင်းဆုံးဖြစ်လာမှာဖြစ်ပါတယ်။ ကူးစက်ရောဂါနဲ့ သဘာဝဘေးဒုက္ခဆိုင်ရာ အကျပ်အတည်းလိုမျိုး အနာဂတ်ခြိမ်းခြောက်မှုတွေကို လျင်လျင်မြန်မြန် တုံ့ပြန်နိုင်တဲ့ စနစ်တစ်ခုကို တည်ဆောက်ဖို့လိုပါတယ်။ အဲဒီလိုလုပ်ဆောင်နိုင်မယ်ဆိုရင် အနာဂတ်ခရီးသွားကဏ္ဍဟာ ပိုမိုတိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ။

ကိုးကား-ဆင်ဟွာ

❒ **အစိုးရက ကန့်သတ်ချက်တွေ လျှော့ပေါ့ပေးလိုက်တာကို ဝမ်းသာပါတယ်။ စွန့်ဦးတီထွင်စီးပွားရေးသမားတွေအနေနဲ့ ဒီအခွင့်အရေးကို အမိအရ ဖမ်းဆုပ်ရမယ်။ သို့သော်လည်း တစ်ခါတစ်ရံမှာတော့ ခရီးသွားတွေက သူတို့ကိုယ်သူတို့ ဂရုစိုက်ရတာကို ပျော်နေတဲ့အပေါ် ကျွန်တော်တို့ စိုးရိမ်မိတယ်လို့ ဘာလီမှာရှိတဲ့ ခရီးသွားလုပ်ငန်းပိုင်ရှင်တစ်ဦးဖြစ်တဲ့ အာစ်နဝီဘာဟာက ပြောပါတယ်။ အစုလိုက်ကူးစက်မှုဖြစ်ရင် ကျွန်တော်တို့ကို ပြည်သူတွေက အပြစ်မြင်ကြမယ်။ အဲဒီလိုမျိုးတော့ အဖြစ်မခံနိုင်ဘူးလို့ သူက ဆက်ပြောပါတယ်**

## စက်တင်ဘာ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂၇၃ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၈၇ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၆၆၁၇ ဦး ရှိ

(၁၃-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေစနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၂-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၃-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၃,၄၂၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၂၇၃)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၇၈,၀၂၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၃၄,၁၀၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၉၆၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၈၃,၄၄၀)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၈၇) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၆,၆၁၇)ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၃-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၈၉)ခု | (၁၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၅)ခု | (၈)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၄၂)ခု | (၂၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၈၃)ခု | (၂၁၁)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင်၁၀၀) | (၁၂)ခု | (၂)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၅၇)ခု | (၇၆)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၂၃)ခု | (၁၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၁၄)ခု | (၂၀၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၀,၄၄၉)ခု | (၁,၇၁၅)ဦး |
| စုစုပေါင်း | (၂၃,၄၂၄)ခု | (၂,၂၇၃)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၁၃-၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၁၈၅၃၃၆၂ | ၃၁၈၇၁၈၆၈ | ၆၇၇၉၈၈ |
| ၂။ | အိန္ဒိယ | ၃၃၂၆၄၁၇၅ | ၃၂၄၄၇၀၃၂ | ၄၄၂၉၀၇ |
| ၃။ | ဘရာဇီး | ၂၀၉၉၉၇၇၉ | ၂၀၀၅၀၄၇၁ | ၅၈၆၈၈၂ |
| ၄။ | ဗြိတိန် | ၇၂၂၆၂၇၆ | ၅၇၈၈၉၁၈ | ၁၃၄၂၀၀ |
| ၅။ | ရုရှား | ၇၁၅၈၂၄၈ | ၆၄၀၂၁၂၆ | ၁၉၃၄၆၈ |
| ၆။ | ပြင်သစ် | ၆၉၀၅၀၇၁ | ၆၅၀၉၂၆၀ | ၁၁၅၅၁၇ |
| ၇။ | တူရကီ | ၆၆၅၈၂၅၁ | ၆၁၄၆၆၆၂ | ၅၉၈၈၆ |
| ၈။ | အီရန် | ၅၃၁၈၃၂၇ | ၄၅၉၇၂၁၅ | ၁၁၄၇၅၉ |
| ၉။ | အာဂျင်တီးနား | ၅၂၂၄၅၃၄ | ၅၀၇၅၀၇၅ | ၁၁၃၄၀၂ |
| ၁၀။ | ကိုလံဘီယာ | ၄၉၃၀၂၄၉ | ၄၇၆၇၅၇၄ | ၁၂၅၆၄၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်


၁၃- ၉ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၇၀၀၈၈ | ၃၉၃၁၂၂၇ | ၁၃၉၁၆၅ |
| ဖိလစ်ပိုင် | ၂၂၄၈၀၇၁ | ၂၀၃၂၄၇၁ | ၃၅၃၀၇ |
| မလေးရှား | ၁၉၇၉၆၉၈ | ၁၇၂၁၇၁၀ | ၂၀၇၁၁ |
| ထိုင်း | ၁၃၉၄၇၅၆ | ၁၂၄၈၁၅၈ | ၁၄၄၈၅ |
| ဗီယက်နမ် | ၆၂၄၅၄၇ | ၃၈၅၇၇၈ | ၁၅၆၆၀ |
| မြန်မာ | ၄၃၄၁၀၆ | ၃၈၃၄၄၀ | ၁၆၆၁၇ |
| ကမ္ဘောဒီးယား | ၁၀၀၁၃၃ | ၉၄၃၂၆ | ၂၀၄၉ |
| စင်ကာပူ | ၇၁၆၈၇ | ၆၈၁၈၈ | ၅၈ |
| လာအို | ၁၇၅၅၅ | ၅၅၆၈ | ၁၆ |
| ဘရူနိုင်း | ၄၁၆၃ | ၂၆၄၇ | ၂၁ |

# (၇)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၃

**အာဆီယံ – တရုတ် ပိုးမွှားရောဂါကင်းစင်ရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်(၇)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် Video Conference ဖြင့် ကျင်းပရာ အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေစီမံအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**



အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေစီမံအုပ်ချုပ်မှုအာဏာပိုင် အဖွဲ့ ဒုတိယဝန်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီကျွမ့် ကိုယ်ပိုင် အုပ်ချုပ်ရေးနယ်မြေ၏ ဒုတိယ ဥက္ကဋ္ဌနှင့် အာဆီယံလယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အလှည့်ကျသဘာပတိဖြစ်သူ ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးတို့က အဖွင့်အမှာ စကား ပြောကြားကြသည်။

အစည်းအဝေးတွင် (၂၃)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးနှင့် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ပူးပေါင်း ဆောင်ရွက်မှု နှစ်(၃၀)ပြည့် အခမ်းအနားအထိမ်း အမှတ်အဖြစ် ကျင်းပခဲ့သည့် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးမှ ထွက်ပေါ်လာသော လမ်းညွှန်ချက်များအနက် ပိုးမွှား ရောဂါကင်းစင်ရေးနှင့် သက်ဆိုင်သည့် အရေးကြီး သောအချက်များကို တင်ပြဆွေးနွေးခြင်း၊ ၂၀၂၁ ခုနှစ် ဇူလိုင်လအတွင်းကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှား ရောဂါကင်းစင်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များ အစည်းအဝေးမှရလဒ်များ၊ အာဆီယံ-တရုတ် ပိုးမွှားရောဂါ ကင်းစင်ရေးဆိုင်ရာလုပ်ငန်း အစီအစဉ် (၂၀၁၉-၂၀၂၀)၏ ဆောင်ရွက်ပြီးစီး မှုအခြေအနေများ၏ ဆွေးနွေးတင်ပြချက်များ အပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် လမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊ (၂၀၂၂-၂၀၂၃) တွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်အသစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း လက်မှတ်ရေးထိုးမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပိုးမွှား ရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင် ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် အစည်းအဝေး ၏ ပူးတွဲကြေညာချက်အား လက်ခံအတည်ပြုခြင်း တို့ကို ဆွေးနွေးသဘောတူညီခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း တည်ဆောက်ခဲ့သော ဖောဓိကမ်းတံတားကြီး ရာနှုန်းပြည့်ပြီးစီး

**ထားဝယ် စက်တင်ဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် တနင်္သာရီ - သဲဖြူလမ်းပေါ်ရှိ တနင်္သာရီမြစ်ကိုပေါင်းဆုံစီးဆင်းသည့် မြစ်လက်တက်တစ်ခုပေါ်မှ ဖြတ်သန်း၍ တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအထူးအဖွဲ့(၄)မှ တာဝန်ယူတည်ဆောက်ခဲ့သော ဖောဓိကမ်းတံတားကြီးမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါတံတားမှာ တံတားအရှည် ၇၈၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ၊ ရေလမ်းကင်းလွတ်အကျယ် ၆၆ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ခုနစ်ပေ၊ ခွင့်ပြုယာဉ်အလေးချိန် AASHTO HS 25-44 နှင့် စီမံကိန်းခန့်မှန်းတန်ဖိုးမှာ ငွေကျပ်သိန်း ၃၄၀၀ ဖြစ်ကြောင်း သိရသည်။

တံတား၏ ချဉ်းကပ်လမ်းကို လမ်းဦးစီးဌာန မြိတ်ခရိုင်က တာဝန်ယူပြီး စီမံကိန်းတန်ဖိုး ငွေကျပ် သန်း ၁၆၀၀ ဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ မြေသားတာပေါင်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ချဉ်းကပ်လမ်းနှစ်ဖက်ကို Wellgraded ခင်းခြင်း၊ ACခင်းခြင်းနှင့် တံတားပေါ် AC ခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ချဉ်းကပ်လမ်းအရှည်မှာ တနင်္သာရီဘက်ကမ်း ပေ ၃၉၇၀ ၊ ဖောဓိကမ်းဘက်ကမ်း ၁၂၂၇ ပေ စုစုပေါင်း ၅၁၉၇ ပေရှိသည်။ ယခုအခါ ချဉ်းကပ်လမ်း တစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်သည်။



### လွယ်ကူလျင်မြန်စွာ ရောက်ရှိမည်

ယခင်က တနင်္သာရီမြို့မှ ဖောဓိကမ်းဘက်ကမ်းရှိ ကျေးရွာများသို့ သွားမည်ဆိုပါက ဇက်ဖြင့်ကူး၍ အချိန်စောင့်ဆိုင်းပြီး ခက်ခဲစွာဖြင့် သွားကြရသည်။ ဖောဓိကမ်းတံတားနှင့် ချဉ်းကပ်လမ်း တည်ဆောက်ပြီးစီးပါက တနင်္သာရီမြို့မှ ဖောဓိကမ်းဘက်ကမ်းရှိကျေးရွာများဖြစ်သည့် ဖောဓိကမ်းရွာ၊ ဘန်လောရွာ၊ ခြောက်မိုင်ရွာ၊ ထုံထော်ရွာ၊ ညောင်ပင်ကွင်းရွာ၊ ထုံမခါရွာ၊ သဘောလိပ်၊ ကြိမ်ချောင်းရွာများကို ဖြတ်သန်း ၍ သဲဖြူရွာသို့ လွယ်ကူလျင်မြန်စွာ ရောက်ရှိမည်ဖြစ်သည်။ သဲဖြူရွာ လမ်းဆုံရောက်ရှိပြီးနောက် ထုံခါ-သဲဖြူ-မော်တောင်လမ်းသို့ ချိတ်ဆက်၍ ထိုမှတစ်ဆင့် မော်တောင်မြို့သို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

### ပဲခူး၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်

**ပဲခူး စက်တင်ဘာ ၁၃**

ပဲခူးမြို့နယ်အတွင်းရှိ ပြည်သူအားလုံး အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၂ ရက်က ကမာနက်ကျေးရွာအုပ်စုအတွင်းရှိ အသက် ၁၆ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူ ၁၆၅ ဦးကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးရာသို့ မြို့နယ်စီမံခန့်ခွဲရေး အဖွဲ့ဝင် ဗိုလ်မှူး ဇင်ဝင်းထွန်းနှင့် တာဝန်ရှိသူများ ကြည့်ရှု အားပေးသည်။

**ငွေငွေကြည်(ပြန်/ဆက်)**

### မောင်တောမြို့၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိ

**မောင်တော စက်တင်ဘာ ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းအောင်ဦးဆောင်ကြီးကြပ်၍ ခရိုင်/ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက စက်တင်ဘာ ၁၂ ရက်တွင် ပန်းခင်းစီမံချက်ဖြင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မောင်တောခရိုင်/ မြို့နယ် ရုံးများရှိ ဝန်ထမ်းများက အမှတ်(၅)နယ်ခြားစောင့် ရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်၊ မိသားစုဝင်များ လူဦးရေ ၄၁ ဦးနှင့် အမှတ်(၂)နယ်ခြားစောင့် ရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်၊ မိသားစုဝင်များ လူဦးရေ ၂၆ ဦး စုစုပေါင်းလူဦးရေ ၆၇ ဦးအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် အသက် ၁၀ နှစ်ပြည့်၊ အသက် ၁၈ နှစ် ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ မှတ်ပုံတင်



လဲလှယ်ပေးခြင်း၊ ပျောက်ဆုံး/ ပျက်စီးသူများကို မိတ္တူပြုလုပ်ပေးခြင်း၊ ကျန်ရှိမှု မရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းကာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးစည်းကမ်းချက်များနှင့်အညီ ကွင်းဆင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မောင်တောမြို့နယ်အတွင်းရှိ လူဦးရေ ၁၀၄၉ ဦး နှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ လူဦးရေ ၂၆၃၄ ဦး၊ မောင်တောခရိုင်အတွင်း စုစုပေါင်း လူဦးရေ ၃၆၈၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြားများကိုလည်း ဆက်လက်ပြုလုပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ကိုဗစ်တတိယလှိုင်းနှင့် လေကြောင်းစီးပွားရေး

၂၀၁၉ ခုနှစ် နှောင်းပိုင်းကစတင်လာခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါသည် မြန်မာနိုင်ငံသို့ ၂၀၂၀ ပြည့်နှစ် မတ်လတွင် စတင်ပျံ့နှံ့ရောက်ရှိလာရာ ယခုဆိုလျှင် တစ်နှစ်ခွဲတိုင်ကြာရှည်လာခဲ့ပြီဖြစ်ပါသည်။ ကိုဗစ်က ဗီဇမျိုးကွဲများဖြင့် တစ်လှိုင်းပြီး တစ်လှိုင်း ဝင်လာလိုက်၊ ထိန်းချုပ်သွားနိုင်လိုက်နှင့် မြန်မာပြည်သို့ တတိယလှိုင်း ရိုက်ခတ်ခဲ့သည်မှာပင် သုံးလခန့်ရှိပြီ ဖြစ်သည် ။




ကိုဗစ်လှိုင်းတွေက ရပ်တန့်မသွားနိုင်သေးဟု ခန့်မှန်းကြပြီး ပုံမှန်အခြေအနေသို့ အစောဆုံး ၂၀၂၃ ခုနှစ်လောက်ကျမှ ရောက်ရှိလာနိုင်မည်ဟု ခန့်မှန်းကြသည်။ တစ်ကမ္ဘာလုံးတွင် ကိုဗစ်ကပ်ရောဂါကြောင့် စီးပွားရေးရိုက်ခတ်မှုဒဏ်ကို လုပ်ငန်းအများစုက ခံစားကြရသည်။ သို့ရာတွင် စီးပွားရေး ရိုက်ခတ်မှုဒဏ်ခံရသည့်လုပ်ငန်းများအနက် လေကြောင်း စီးပွားရေးက အထိခိုက်ဆုံး ဖြစ်ပါမည် ။ ထိုအချက်က ကမ္ဘာ့နာမည်ကြီး ၊ အင်အားကြီး လေကြောင်းလိုင်းကြီးများမျက်စိရှေ့တွင် ရုတ်ခြည်းပြိုပျက်သွားကြ ၊ ဒေဝါလီခံသွားကြရသည့် ဖြစ်ရပ်များက သက်သေဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုကြီးမား**

လေကြောင်းစီးပွားရေးသည် အရင်းအနှီးများပြားပြီး စွန့်စားရသည့် စီးပွားရေးလုပ်ငန်းဖြစ်သဖြင့် နည်းနည်းမှ အတိမ်းအစောင်းမခံနိုင်သည့် သဘောဖြစ်ရာ စီမံခန့်ခွဲမှု ကောင်းမွန်နေစေသည့်တိုင်စေ ကိုဗစ်ကပ်ရောဂါမျိုးကဲ့သို့ မမျှော်မှန်းနိုင်သော ဖြစ်ရပ်များကြောင့်လည်း ထိခိုက်ဆုံးရှုံးမှုကြီးကြီးမားမား ဖြစ်ကြရပါသည် ။ စင်းရေ ရာဂဏန်းချီပြီး ရင်းနှီးမြှုပ်နှံမှုကြီးမားလေလေ ဆုံးရှုံးမှုကြီးလေလေ ဖြစ်ပါသည် ။

မြန်မာနိုင်ငံရှိ လေကြောင်းလိုင်းများမှာ ပမာဏသေးငယ်သော လေကြောင်းလိုင်းများ ဖြစ်ကြပါသည်။ လွန်ခဲ့သော နှစ်ကာလများက မြန်မာနိုင်ငံတွင် လေကြောင်းလိုင်း (၁၀) လိုင်းခန့်ရှိခဲ့ပြီး ကိုဗစ်မတိုင်မီကာလမှာပင် လေကြောင်းလိုင်း ခြောက်ခုခန့်သာကျန်ရှိတော့သည်ကို တွေ့ရသည်။ ထိုအထဲတွင် ပြည်ပပျံသန်းသောလေကြောင်းများမှာ မြန်မာအမျိုးသားလေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း နှစ်လိုင်းသာရှိသည်။ ကျန်လေကြောင်းလိုင်းများမှာ ပြည်တွင်းတွင်သာ ပျံသန်းပြေးဆွဲကြသည်။ ကိုဗစ်မတိုင်မီကာလ မြန်မာ့လေပိုင်နက် ကောင်းကင်ယံထက်တွင် မြန်မာနိုင်ငံရှိလေကြောင်းလိုင်းများမှ လေယာဉ်များ ၊ နိုင်ငံတကာလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် လှပပြည့်စုံနေခဲ့သော်လည်း ယခုအခါတွင်မူ မမြင်တွေ့ရသလောက် နည်းပါးသွားပြီဖြစ်သည်။ ယခင်ကာလများဆီက ပြည်တွင်းပျံသန်းသည့်လေယာဉ်အများစုမှာ ပြင်သစ်နိုင်ငံလုပ် အေတီအာရ် လေယာဉ်များဖြစ်ပြီး စင်းရေ သုံးဆယ်ကျော်ရှိသည်ဟု မှတ်သားမိသည်။

**တတိယမြောက်တည်ဆောက်သည့် လေကြောင်းလိုင်း**

တစ်ကမ္ဘာလုံးတွင် လေကြောင်းစီးပွားရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးသည့် သတင်းများကြားသိရသည့်အခါ မြန်မာနိုင်ငံလေကြောင်းလိုင်းများ ဆက်လက်ရှင်သန်ဖွံ့ဖြိုးရေးအတွက် စိတ်ပူစရာ ဖြစ်ပါသည်။ မြန်မာနိုင်ငံလေကြောင်းလိုင်းများထဲတွင်မှ မြန်မာအမျိုးသားလေကြောင်းလိုင်းသည် တစ်ခုတည်းသော နိုင်ငံတော်ပိုင်လေကြောင်း၊ အာရှပစိဖိတ်ဒေသတွင် တတိယမြောက်တည်ထောင်သည့် လေကြောင်းလိုင်း၊ သက်တမ်း (၇၃) နှစ်ရှိပြီဖြစ်သည့် လေကြောင်းလိုင်း၊ ၂၀၁၃ ခုနှစ်မှစ၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှထွက်ပြီး မိမိခြေထောက်ပေါ် မိမိရပ်တည်နေသည့် လေကြောင်းလိုင်းဖြစ်သဖြင့် ကိုဗစ်အခက်အခဲကြားတွင် ရပ်တည်ရှင်သန်နေနိုင်မှုအပေါ် စိတ်ဝင်စားစရာ၊ မေးခွန်းများ ထုတ်စရာ ဖြစ်လာခဲ့ပါသည်။

ကိုဗစ်ရိုက်ခတ်မှုဒဏ်ကြောင့် မြန်မာအမျိုးသားလေကြောင်းလိုင်းအပါအဝင် မြန်မာနိုင်ငံရှိလေကြောင်းလိုင်းများအားလုံး အရှုံးပေါ်ကြပါသည်။ လက်ရှိအချိန်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ မကြုံစဖူးမြင့်တက်လာရာ ထိုငွေလဲနှုန်းကြောင့် တစ်ဒေါ်လာတိုင်းတွင် ကျပ်လေးငါးရာခန့် နေရင်းထိုင်ရင်း ရှုံးနေမည်ဖြစ်ရာ အရှုံးတွင် အရှုံးဆင့်ဖြစ်နေကြပါသည်။ မြန်မာအမျိုးသားလေကြောင်းသည် ပြည်တွင်းလေကြောင်းများအနက် လေယာဉ်အင်အား အများဆုံးဖြင့် ပြည်တွင်း ပြည်ပ ပြေးဆွဲနေသည့် လေကြောင်းလိုင်းဖြစ်သကဲ့သို့ အခြားသောပုဂ္ဂလိက လေကြောင်းများကဲ့သို့ သီးခြားနောက်ခံအင်အားမရှိသည့်အတွက် ပို၍စိုးရိမ်ဖွယ်ရာ ဖြစ်ပါသည် ။

စုံစမ်းသိရှိရသမျှ မြန်မာအမျိုးသားလေကြောင်းသည် ကိုဗစ်ကာလမတိုင်ခင်အထိ ခရီးသည်နှင့် ဝင်ငွေအကောင်းဆုံးရရှိနေပြီး မြတ်စွန်းမည်မှာ သေချာသောအနေအထားဖြစ်ပါသည် ။ သို့သော် ကိုဗစ်ကာလတွင် ဝင်ငွေမှာ (၈၅) ရာနှုန်းခန့်အထိ ကျဆင်းသွားခဲ့ကြောင်းနှင့် ထို့အတွက် အသုံးစရိတ်လျှော့ချရေးဆောင်ရွက်ရာတွင် (၅၃) ရာခိုင်နှုန်းခန့်သာ ကျဆင်းသည့်အတွက် အရှုံးကြီးမားနေခဲ့ကြောင်း၊ အသုံးစရိတ်တွင် အကြီးမားဆုံးမှာ လေယာဉ်များငှားရမ်းခပေးချေစရိတ်နှင့် ဝန်ထမ်းလစာစရိတ်ဖြစ်သဖြင့် လေကြောင်းအားလေယာဉ် (၁၀) စင်းအထိ လျှော့ချပြီး မူလဝန်ထမ်း အင်အား ၂၀၀၀ ကျော်အား အချိုးကျလျှော့ချရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည် ။ ကိုဗစ်ကြောင့် ဝင်ငွေကျဆင်းသွားသည့်ကာလမှာ နှစ်ချီလာပြီဖြစ်ရာ ဆက်လက်ရပ်တည်နိုင်ရေးအတွက် လေယာဉ်နှင့် ဝန်ထမ်းအင်အား လျှော့ချကာ အသုံးစရိတ်လျော့ကျလာအောင် ဆက်လက်ဆောင်ရွက်နေသကဲ့သို့ ဝင်ငွေတိုးတက်ရရှိရေးအတွက် ပြည်ပနိုင်ငံများသို့ ကယ်ဆယ်ရေးခရီးစဉ်များ၊ ကုန်တင်နှင့် စင်းလုံးငှားခရီးစဉ်များ ကြိုးပမ်းရှာဖွေပြေးဆွဲခြင်းဖြင့် ဝင်ငွေရှာလျက်ရှိကြောင်း ၊ တစ်ချိန်တည်းမှာပင် ဖြစ်ပေါ်လာသည့် ငွေကြေးအခက်အခဲများပြေလည်စေရန် နိုင်ငံတော်မှ ချေးငွေရယူရေး ဆောင်ရွက်နေသကဲ့သို့ အစုရှယ်ယာများ ထုတ်ရောင်းရန်ကိုလည်း စီမံလျက်ရှိနေကြောင်း သိရှိရပါသည်။

မြန်မာအမျိုးသားလေကြောင်းသည် ၂၀၂၁ ခုနှစ် စက်တင်ဘာ (၁၅) ရက်တွင် သက် တမ်း (၇၃) နှစ်အထိ ရပ်တည်နိုင်ခဲ့သည့် လေကြောင်းဖြစ်ပြီး နိုင်ငံတော်ပိုင် နိုင်ငံ့ပုံရိပ်လည်း ဖြစ်သဖြင့် ဆက်လက်ရှင်သန်တည်တံ့နိုင်ရန် နိုင်ငံတော်မှလည်းကူညီပေးနေသကဲ့သို့လေကြောင်းလိုင်းကိုယ်တိုင်လည်း ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာအမျိုးသားလေကြောင်းအပါအဝင် မြန်မာနိုင်ငံရှိ လေကြောင်းလိုင်းများအားလုံးသည်လည်း ကိုဗစ်စီးပွားကပ်ကို ကျော်လွှားလွန်မြောက်နိုင်ရန် အသီးသီးအားထုတ်ကြိုးပမ်းလျက်ရှိနေကြမည်မှာသေချာလှပါသည်။ ယခုအထိတော့ရှိနေသည့် လေကြောင်းလိုင်းများအားလုံးသည် ကိုဗစ်ကိုအန်တုပြီး ကြံ့ကြံ့ခံရပ်တည်နေကြကြောင်း တွေ့ရှိရပါသည်။

**သက်မောင်(စက်မှု)**

- **မြန်မာအမျိုးသားလေကြောင်းသည် ၂၀၂၁ ခုနှစ် စက်တင်ဘာ (၁၅) ရက်တွင် သက်တမ်း (၇၃)နှစ်အထိ ရပ်တည်နိုင်ခဲ့သည့် လေကြောင်းဖြစ်ပြီး နိုင်ငံတော်ပိုင် နိုင်ငံ့ပုံရိပ်လည်းဖြစ်သဖြင့် ဆက်လက်ရှင်သန်တည်တံ့နိုင်ရန် နိုင်ငံတော်မှလည်း ကူညီပေးနေသကဲ့သို့ လေကြောင်းလိုင်းကိုယ်တိုင်လည်း ကြိုးပမ်းအားထုတ်လျက်ရှိ**

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၃**

တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လှူဒါန်းပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အုန်းတောကျောင်းတိုက်၊ ဓမ္မာစရိယကျောင်းတိုက်၊ ဘုံမြင့်ကျောင်းတိုက်၊ သုခဝိဟာရသာမဏေကျော်ကျောင်းတိုက်၊ ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်းတိုက်၊ ဥတ္တရသီရိမြို့နယ် ဝဇီရာနန္ဒဓမ္မစင်တာ၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရှမ်းစုရပ်ကွက်ရှိ ဓမ္မိကာရာမကျောင်းတိုက်၊ သန်လျင်မြို့နယ် ကုလားဝဲကျေးရွာရှိ ကွင်းကျောင်း ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြောင်းမြကျောင်း ပရိယတ္တိစာသင်တိုက်၊ ဟိုင်းကြီးကျွန်းမြို့ ဒက္ခိဏာရုံကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ မဟာဂန္ဓာရုံအေးရိပ်သာကျောင်းတိုက်၊ မဟာဂန္ဓာရုံတပ်ဦးကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အောင်မင်္ဂလာရွာဦးကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြသည်။

၎င်းအပြင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ စက္ကူပါလပရိယတ္တိစာသင်တိုက်၊ ဓမ္မသစ္စာကျောင်းတိုက်၊ ရွှေပြည်ငြိမ်းချမ်းဆုတောင်းပြည့်ကျောင်းတိုက်နှင့် သုခဝိဟာရကျောင်းတိုက်များရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးအဖွဲ့များက မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အသိပေးကြေညာချက်

၁။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် လေဆိပ်(ကုန်လှောင်ရုံ)/ ဆိပ်ကမ်းမှတစ်ဆင့် ရေကြောင်း/လေကြောင်းတို့မှ တင်သွင်းလာသော COVID-19 ကာကွယ်/ ထိန်းချုပ်/ ကုသရေးပစ္စည်းများနှင့် ဆေးဝါးများအား တင်သွင်းသူများထံ ထုတ်ပေးနိုင်ရေးအတွက် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဆေးနှင့်ဆေးပစ္စည်းများ လျင်မြန်စွာထုတ်ယူနိုင်ရေး အတွက် (၁၇-၇-၂၀၂၁) ရက်နေ့မှစ၍ ကိုယ်တိုင်တာဝန်ခံမှုဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

၂။ ထိုသို့ခွင့်ပြုခဲ့သည့် COVID-19 ဆေးနှင့်ဆေးပစ္စည်းများအား (၁၇-၇-၂၀၂၁) ရက်နေ့မှ (၁၂-၉-၂၀၂၁) ရက်နေ့အထိ ဖိုင်အရေအတွက် (၁၆၃၅) စောင်အားနှစ်ပတ် အတွင်း အပြီးသတ်ရှင်းလင်းပေးရန် ကတိခံဝန်ချက်ဖြင့် ကြိုတင်ထုတ်ပေးခဲ့ပါသည်။ ယင်းဖိုင်များအနက် (၁၂-၉-၂၀၂၁) ရက်နေ့အထိ(၁၀၆၁)ဖိုင် အပြီးသတ်ရှင်းလင်းခဲ့ပြီး (၅၇၄) ဖိုင်စာရင်းရှင်းလင်းရန် ကျန်ရှိနေပါသည်။

၃။ ထုတ်ယူပြီး အပြီးသတ်ရှင်းလင်းရန် ကျန်ရှိနေသော သက်ဆိုင်ရာကုမ္ပဏီများသည် (၃၀-၉-၂၀၂၁)ရက်နေ့ နောက်ဆုံးထား၍ အပြီးသတ်ရှင်းလင်းပေးရမည် ဖြစ်ပါသည်။

၄။ ထို့အပြင် လေဆိပ်(ကုန်လှောင်ရုံ)တွင် လေကြောင်းလိုင်းအသီးသီးမှ ရောက်ရှိနေသော ဆေးနှင့်ဆေးပစ္စည်းများအား အမြန်ဆုံးလာရောက်ရှင်းလင်းထုတ်ယူကြရမည်ဖြစ်ပါသည်။ လေဆိပ် (ကုန်လှောင်ရုံ) တွင်ရောက်ရှိနေသော ဆေးနှင့်ဆေးပစ္စည်းများ၊ အမြန်လာရောက် ထုတ်ယူကြရန် ကိုယ်တိုင်တာဝန်ခံမှုဖြင့် ထုတ်ယူပြီး အပြီးသတ်ရှင်းလင်းရန်ကျန်သောဖိုင်များအား လာရောက်ရှင်းလင်းကြရန်နှင့် လာရောက်ထုတ်ယူခြင်း၊ စာရင်း ရှင်းလင်းခြင်းမပြု သော သက်ဆိုင်ရာကုမ္ပဏီများအား အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၃**
တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ(ယာပုံ)၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၅၉၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်မှ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၃၃၉၇ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ သံဃာတော်များ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၅၀၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၈၆၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၀၅၂၇ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၀၈၀ တို့အား တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့



ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၁၃**
ကိုဗစ်–၁၉ ရောဂါ ခံတက်ခွဲအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိတိုးချဲ့ကာကွယ်ဆေး သိုလှောင်ခန်းတွင် ထားရှိသည့်ကိုဗစ်ရောဂါကာကွယ်ဆေးများကို စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။



ထိုသို့ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးအလုံးပေါင်း ၃၀၀၀၀၀၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ဆေးအလုံးပေါင်း ၂၃၀၀၀၀၊ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ဆေးအလုံးပေါင်း ၁၁၈၀၀၀၊ ကရင်ပြည်နယ် ဘားအံမြို့သို့ ဆေးအလုံးပေါင်း ၅၀၀၀၀၊ မကွေးတိုင်းဒေသကြီးသို့ ဆေးအလုံးပေါင်း ၁၅၀၀၀၀ နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ ဆေးအလုံးပေါင်း ၈၀၀၀၀ တို့ကို မြေပြင်ခရီးလမ်းကြောင်းမှ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ဆက်လက်ပို့ဆောင်ပေးသည်။

ယင်းသို့ ပေးပို့ဖြန့်ဖြူးပေးသော ကိုဗစ်–၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စုလူဦးရေ ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံး ထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ဝေးလံခက်ခဲသော ဒေသများသို့ တပ်မတော်(လေ) ပို့ဆောင်ရေးလေယာဉ်များနှင့် မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ လေကြောင်းခရီးဖြင့်လည်း ဆက်လက်ဖြန့်ဖြူးပေးလျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**
ကိုဗစ်–၁၉ ရောဂါအတည်ပြု လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်–၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအချိန်ထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၆၆ ဦးနှင့် အမျိုးသမီး ၈၃ ဦး စုစုပေါင်း ၂၄၉ ဦးအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခံတက်ခွဲအတည်ပြုလူနာ အမျိုးသား ၂၄ ဦးနှင့် အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၃၅ ဦး အားလည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခံတက်ခွဲအတည်ပြု လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၃**
ကိုဗစ်–၁၉ ရောဂါခံတက်ခွဲအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၂ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့ ပြည်သူ့ဆေးရုံကြီး၌ တည်ဆောက်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၅၀ ကို တာဝန်ရှိသူများကလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးသို့ အောက်ဆီဂျင်အိုး အလုံး ၅၀၊ နယ်မြေခံ တပ်မတော်ဆေးရုံသို့ အောက်ဆီဂျင်အိုး အလုံး ၅၀၊ ကျန်းမာရေးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများကလည်းကောင်း သွားရောက်ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင်လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ စက်တင်ဘာ ၁၂ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့ ပြည်သူ့ဆေးရုံကြီး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက စုပေါင်းလှူဒါန်းသည့် Boly စက်အမျိုးအစား အောက်ဆီဂျင်စက်ရုံ စမ်းသပ်လည်ပတ်မှုများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၃**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ လှူဒါန်းလျက်ရှိသည်။



ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် အဖွဲ့ဝင်များက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၃** - မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၉ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၁၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၂၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၁၆၀/၁၁၇၀ ကျပ် | ၁၁၆၅/၁၂၃၀ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၁၆၅/၁၁၈၀ ကျပ် | ၁၁၈၀/၁၂၄၅ကျပ် |
| အောက်တိန်း ၉၂ | ၁၁၆၅/၁၁၇၅ ကျပ် | ၁၂၂၀/၁၂၆၀ကျပ် |
| အောက်တိန်း ၉၅ | ၁၁၉၀ /၁၂၁၅ ကျပ် | ၁၃၀၀/၁၃၃၅ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၆၃ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၃ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၁၈၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၈၉ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၁ . ၇၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၁ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၆၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၄၃၀ | ၁၂၇၂၇၀၀၀ |
| MTSH | ၃၁၀၀ | ၃၀၅၀ | ၆၅၆၄ | ၂၀၃၄၀၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၆ | ၁၅၉၀၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၇ | ၂၁၇၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၉-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌာနသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၀၉:၃၀** ကုလသမဂ္ဂအပ္ပံအစည်း၏စွမ်းဆောင်ရည်နှင့် နိုင်ငံရေးပရိယာယ်(အပိုင်း-၁)
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လေ့လာစရာသုတစုံလင် အမျိုးသားပရဆေးဥယျာဉ် (နေပြည်တော်)(အပိုင်း-၂)
**၁၂:၃၀** ကုလသမဂ္ဂအပ္ပံအစည်း၏စွမ်းဆောင်ရည်နှင့် နိုင်ငံရေးပရိယာယ်(အပိုင်း-၂)
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
**၁၇:၀၅** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
**၁၇:၃၀** မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင်ဗဟုသုတပြိုင်ပွဲ (သုတစံပြမောင်၊ စံပြမယ်ဆုရ)(ပွဲစဉ်-၂)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါင်းဆောင်ရာ' (အပိုင်း-၆၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၃၈)(ဇာတ်သိမ်းပိုင်း)

**mitv**

**07:01** News
**07:27** Evergreen Classic: Suvanna Sama (Hnin Yee Thant)
**07:35** Travelogue: "Anyar Myay" or Upcountry (Part-1)
**08:01** Discovering Tribes: "Ta'ang (Palaung): their life and customs"
**08:48** Farming: Duck Breeder
**09:01** Five Treasures in the Ancient City Of Mrauk U
**09:17** Egg Shell
**09:27** Myanmar Orchestra (Thichinkhant)
**09:31** The Rising Glory Of Myanmar Arts
**10:01** Myanmar Masterclass: Fantastic Art
**10:07** International Dances in Myanmar
**10:26** Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
**10:40** Star Bean Production
**11:01** Ecotourism: The Tourist Attractions of Mingun, Sagaing

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
သွားကိုက်ပျောက်စေတဲ့နည်း
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကရင်ရိုးရာဝတ်စုံလက်ရက်ကန်းလုပ်ငန်း
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ရောဝတီရဲ့အရှိန်းဆန်တဲ့အလှငေါ်ရန်ဂျီ (အပိုင်း-၃)
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ကန်ပေါင်ဟင်းလျာ
**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ချင်းဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
မောပီတောင်
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
သွားလည်ကြမယ်ဇင်းကျိုက်ရေတံခွန်ဆီ
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းမုန့်တီချက်နည်း
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဗိုင်ဝါးစကားပြောကြရအောင်

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** အတွေးအမြင်(အပိုင်း-၂)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကျောင်းမှန်မှန်တက်စာမသက်'
**၁၁:၃၀** အတွေးအမြင်(အပိုင်း-၂)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ (၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သော အကြမ်းဖက်သမားများကို ခိုလှုံခွင့် (သို့မဟုတ်) ယာယီနေထိုင်ခွင့်ပေးထားသည့် အဆောက်အဦများနှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်နေမှုအပေါ်တွင် မလိုလားသော အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ ယင်းကဖွဲ့စည်းထားသော NUG ၊ ယင်းကဖွဲ့စည်းသည့် PDF နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက နိုင်ငံတစ်ဝန်း ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ထိုသို့လုပ်ဆောင်ရာတွင် တိမ်းရှောင်၊ ပုန်းခိုနေထိုင်ရန်အတွက် နေအိမ်၊ တိုက်ခန်းများကို ငှားရမ်းသုံးစွဲခဲ့ကြပြီး အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။**

ထိုသို့ ဆောင်ရွက်ရာတွင် သာဓကအားဖြင့် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွေးစုအနောက်ကျေးရွာရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော နေအိမ်တစ်ထပ်တိုက်အတွင်းမှ လက်နက်မျိုးစုံ ၂၅ လက်၊ လက်ပစ်ဗုံး ၇၂ လုံး၊ ဖျူ့စ် ၇၁ ခု၊ ကျည်ဘောက်မျိုးစုံ ၁၄ ခု၊ TNT ယမ်း ၁၅၆ တောင့်၊ ဒီတိုနေတာ ၅၄၀ ချောင်း၊ ကျည်ခါးပတ် ၂ ခုအပါ ၄ ဘူး၊ ၁၂ ဘိုကျည်(ယမ်းမပါ) ၂၇ တောင့်၊ (ယမ်းပါ) ၂၅ တောင့်၊ စက်လတ်ကျည်ခါးပတ်တွဲ ၃ ခု၊ ကျည်မျိုးစုံ ၃၂၈၅ တောင့်တို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။ ထို့အတူ ဇွန်လ ၂၂ ရက်နေ့၊ နံနက် ၈ နာရီ၊ ၁၅ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ ၅၄ လမ်းနှင့် ၁၁၁(E)လမ်းရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော အိမ်အမှတ် ၁၁၆/ဖ-၁၉ ၌ အကြမ်းဖက်သောင်းကျန်းသူများ ရောက်ရှိခိုအောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးစဉ် အကြမ်းဖက်သောင်းကျန်းသူများမှ အဆိုပါတိုက်ခန်းအတွင်းမှနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမား ၆ ဦးသေဆုံးကာ အကြမ်းဖက်သမား ၈ ဦးအား လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းအများအပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အလားတူ ဩဂုတ်လ ၁၄ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် အင်းစိန်မြို့ပတ်ရထားသည် အလုံဘူတာနှင့် ပန်းလှိုင်ဘူတာကြားအရောက်၌ အဆိုပါရထားပေါ်တွင် လုံခြုံရေးလိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ သေနတ်ဖြင့်ပစ်ခတ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၅ ဦးကျဆုံးကာ တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သော လက်နက် ၄ လက်နှင့် ခဲယမ်းအချို့တို့ကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ယူဆောင်သွားခဲ့သည့်ဖြစ်စဉ်တွင် အကြမ်းဖက်တိုက်ခိုက်သော တရားခံများကို စိစစ်ဖော်ထုတ်ချက်များအရ ရန်ကုန်မြို့တွင်းရှိ နေအိမ်၊ တိုက်ခန်းများအား ကာလတို ငှားရမ်းပြီး ဖြန့်ခွဲနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် အကြမ်းဖက်မှုများကျူးလွန်နိုင်ရန်အတွက် ကြိုတင်ကြံစည်၍ နေအိမ်၊ တိုက်ခန်းများကို ကာလတို ငှားရမ်းနေထိုင်ခဲ့ကြောင်း စုံစမ်းဖော်ထုတ်သိရှိခဲ့ရသည့်အတွက် နေအိမ်၊ တိုက်ခန်းငှားရမ်းသူ အိမ်ရှင်များအနေဖြင့်လည်း မိမိတို့၏ နေအိမ်၊ တိုက်ခန်းများအား ငှားရမ်းမည်ဆိုပါက ငှားရမ်းနေထိုင်သည့်သူများနှင့် ပတ်သက်၍ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၇ အရ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားရန် တာဝန်ရှိသည့်အတွက် ငှားရမ်းနေထိုင်သူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထား ပြည့်စုံစွာဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများသို့ သတ်မှတ်ချက်များနှင့်အညီ ဧည့်စာရင်းတိုင်ကြားရန်နှင့် မိမိငှားရမ်းထားသောသူများသည် သံသယဖြစ်ဖွယ်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ တာဝန်ရှိသူများကို အချိန်မီသတင်းပို့အကြောင်းကြားခြင်းဖြင့် အိမ်ရှင်များမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ နေအိမ်၊ တိုက်ခန်း ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း ဖော်ထုတ်ရရှိပါက နေအိမ်၊ တိုက်ခန်းများငှားရမ်းစဉ် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက ငှားရမ်းသည့် ပိုင်ရှင်များတွင် တာဝန်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခံရမည့်အပြင် အဆိုပါငှားရမ်းထားသည့်နေအိမ်၊ တိုက်ခန်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူ ဆောင်ရွက်သည့်အမှုများနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

# ယင်းမာပင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့

**ယင်းမာပင် စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့က ယင်းမာပင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးက အမှာစကားပြောကြားကြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးက တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာသွင်းအားစုများ ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက တောင်သူများထံသို့ ကွန်ပေါင်းမြေဩဇာအိတ် ၅၀ ၊ ကျောက်မှုန့်မြေဩဇာအိတ် ၅၀၊ ရွက်ဖျန်းမြေဩဇာအထုပ် ၅၀၊ ဝါမျိုးစေ့ ၇၅ အိတ်၊ EM လီတာ ၁၀၀ ဘူး ၃၀ ၊ ဆေးဖျန်းပုံး ငါးပုံးတို့ကို ထောက်ပံ့ပေးအပ်ရာ တောင်သူများက လက်ခံယူပြီး ဒေသခံတောင်သူများကိုယ်စား လည်ငေါက်ကျေးရွာမှ တောင်သူ ဦးဆန်းဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယင်းမာပင်မြို့နယ် ငါးမောင်းကျေးရွာ တောင်သူ ဦးအောင်ဆွေ၏ လယ်ယာမြေတွင် တမန်းနှိုးခြင်းနှင့် မြေဩဇာ ကြဲပက်ခြင်းကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်



ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပုလဲနှင့် ဆားလင်းကြီးမြို့နယ်များတွင်လည်း ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ တစ်နေ့လျှင် လီတာ ၄၀ အောက်ဆီဂျင်အိုး ၆၀၀ ခန့် ထုတ်လုပ်ဖြည့်ဆည်းပေးလျက်ရှိ

မော်လမြိုင် စက်တင်ဘာ ၁၃

**မော်လမြိုင်မြို့ ရွှေနတ်တောင်ရေသန့်စင်စက်ရုံဝင်းအတွင်း တည်ဆောက်တပ်ဆင်ထားသော အောက်ဆီဂျင်စက်ရုံဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။**



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မော်လမြိုင် အောက်ဆီဂျင်စက်ရုံတွင် တန် ၂၀ ဆံ့ အောက်ဆီဂျင် (အရည်) ဖြည့်စက်တစ်လုံး၊ ရွေ့လျား အောက်ဆီဂျင်ထုတ်စက်နှစ်လုံး စုစုပေါင်းသုံးလုံးဖြင့် လည်ပတ်လျက်ရှိကြောင်း၊ ယခုအခါ မော်လမြိုင်အောက်ဆီဂျင်စက်ရုံမှ တစ်နေ့လျှင် လီတာ ၄၀ အောက်ဆီဂျင်အိုး ၆၀၀ ခန့် ထုတ်လုပ်ပေးနိုင်မည် ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း၊ စက်ရုံအသီးသီးမှ ထွက်ရှိလာသော အောက်ဆီဂျင်များကို ပြည်နယ်အတွင်း လိုအပ်သည့်နေရာများ၌ ဖြည့်ဆည်းပေးစေလိုကြောင်း၊ စက်ရုံကြီး ရေရှည်တည်တံ့ ခိုင်မြဲကောင်းမွန်စွာ ဖြစ်တည်နိုင်ရေး ဝိုင်းဝန်းထိန်းသိမ်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်ပြီး အောက်ဆီဂျင်စက်ရုံကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ရွှေဖူးကုမ္ပဏီလီမိတက်မှငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ အောက်ဆီဂျင်အိုးအလုံး ၅၀ လှူဒါန်းပေးရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး စက်ရုံအတွင်း အောက်ဆီဂျင်ထုတ်လုပ်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မော်လမြိုင်မြို့ ရွှေနတ်တောင်ရေသန့်စင် စက်ရုံဝင်းအတွင်း တည်ဆောက်တပ်ဆင်ထားသော အောက်ဆီဂျင်စက်ရုံကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောက်လုပ်ပြီး စုစုပေါင်းအောက်ဆီဂျင်ထုတ်စက်သုံးလုံးဖြင့် လည်ပတ်လျက်ရှိပြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၅၉၄ သန်းဖြင့် အကုန်ကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း**
**(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အဖွဲ့အား အကြမ်းဖက်သူများက ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်

နေပြည်တော် စက်တင်ဘာ ၁၃

**မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် NUG၊ CRPH နှင့် PDF အကြမ်းဖက်အဖွဲ့များသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ပျက်ပြားစေရန် အကြမ်းဖက်တိုက်ခိုက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ၁၉ လမ်း၊ ၅၆ လမ်းနှင့် ၅၇ လမ်းကြားရှိ ကိုဗစ်-၁၉ ရောဂါ နယ်ကျော်စစ်ဆေးရေးဂိတ်၌ အကြမ်းဖက်သူများက ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါ ကိုဗစ်-၁၉ ရောဂါ နယ်ကျော်စစ်ဆေးရေးဂိတ်၌ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်စဉ် စစ်ဆေးရေးနေရာ၏ အနောက်ဘက် အုတ်တံတိုင်းနှင့် သစ်ပင်အနီး ကြိုတင်စီစဉ်ထားသော ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးနှင့် စေတနာ့ဝန်ထမ်း ပြည်သူတစ်ဦး သေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ နှစ်ဦး၊ မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိသည်။

အဆိုပါ အကြမ်းဖက်ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် တရားခံများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပွင့်ဖြူမြို့နယ်၌ မိုးရွာသွန်းမှုကြောင့် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ၁ ဒသမ ၈ ပေ ရေကျော်ကျလျက်ရှိ

**ပွင့်ဖြူ စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုရက်ပိုင်း မိုးရွာသွန်းမှုများကြောင့် ဒေသခံတောင်သူများ စိုက်ပျိုးရေးအတွက် မှီခိုအားထားရသည့် ကြီးအုံကြီးဝတမံတွင် မိုးရေ ဝင်ရောက်မှုရှိသဖြင့် တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် တမံရေပိုလွှဲမှ ၁ ဒသမ ၈ ပေခန့် ရေကျော်ကျလျက် ရှိကြောင်း အဆိုပါ ကြီးအုံကြီးဝတမံမှ တာဝန်ခံ (AE) ဦးစိုးတင့်ထံမှ သိရသည်။



ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံသည် ပြီးခဲ့သည့် ဩဂုတ်လဆန်းပိုင်းကလည်း အထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုကြောင့် တမံအတွင်း မိုးရေဝင်ရောက်မှုများရှိခဲ့ပြီး တမံရေပြည့်မှတ်အထက်ရေပိုလွှဲမှ ရေကျော်ကျမှုရှိသဖြင့် ဒေသခံပြည်သူများ ကြိုတင်သိရှိနိုင်ရန် အစိမ်းရောင်အလံများ စိုက်ထူ၍ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ထားရှိခဲ့ကြောင်း၊ ယခု စက်တင်ဘာလတွင်လည်း ထပ်မံ၍ မိုးရွာသွန်းမှုများရှိကာ ယနေ့ မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ တမံရေပိုလွှဲမှ ၁ ဒသမ ၈ ပေ ရေကျော်ကျလျက်ရှိပြီး အဆိုပါ တမံရေပိုလွှဲမှ ရေကျော်ကျမှုမှာ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိကြောင်း အဆိုပါ ကြီးအုံကြီးဝတမံမှ တာဝန်ခံ (AE) ဦးစိုးတင့်က ပြောသည်။

ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံသည် မင်းဘူးခရိုင်အတွင်း ဆည်ရေအများဆုံး သိုလှောင်ထားနိုင်သည့် တမံတစ်ခုဖြစ်ကာ ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားထုတ်လွှတ်ပြီး ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကိုလည်း မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ပေးလျက်ရှိသည်။ ထို့အပြင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ (နွေ၊ မိုး၊ ဆောင်း) သီးနှံများ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလွှဲဆည်သို့ ရေများပို့လွှတ်ကာ ဆည်ရေသောက်ဧရိယာအတွင်းရှိ သီးနှံစိုက်ခင်းများကို စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အလုံအလောက်ရရှိအောင် ဖြန့်ဝေဆောင်ရွက်ပေးနေသဖြင့် ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေအဓိက မှီခိုအားထားရသည့် တမံတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့ ညနေအထိ ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

# မြင်းခြံမြို့ မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် ပါဝင်သည့် ကျေးရွာငါးရွာအား မြေယာလျော်ကြေးငွေ ပေးအပ်

**မြင်းခြံ စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသည့် ရပ်ကွက် နှစ်ရပ်ကွက်နှင့် ကျေးရွာသုံးရွာအား မြေယာလျော်ကြေးငွေ ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လှိုင်နှင့် မြေယာလျော်ကြေးပေးအပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်လမ်းဦးစီးဌာန ခရိုင်အင်ဂျင်နီယာမှူး ဦးသူရအောင်က မြို့ရှောင်လမ်းဖောက်လုပ်ရခြင်း၊ မြို့နယ်လယ်ယာမြေနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးမျိုးညွန့်က တောင်သူများ၏ မြေယာပိုင်ဆိုင်မှု ပုံစံ(၇) အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြင်းခြံမြို့ မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် ပါဝင်သည့် အမှတ် (၂၀) ရပ်ကွက်၊ အမှတ် (၁၉) ရပ်ကွက်၊ ကူရွာကျေးရွာ၊ ဆားခါးကျေးရွာ၊ ဂျုပ်ပင်ကျေးရွာများရှိ မြေယာဧရိယာ ၁၅၅ ဒသမ ၁၃ ဧက၊ တောင်သူ ၂၂၇ ဦးအတွက် မြေယာ တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ငွေကျပ် ၇၇၅၆၅၀၀၀၀ ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လှိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ တောင်သူများကိုယ်စား ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ကျော်စွာ(မြင်းခြံ)




# အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ ပြည်ထောင်စုလမ်းမကြီး ပျက်စီးမှုကို ပြန်လည်ပြုပြင်ပြီး

ထင်သာမြင်သာပြုပြင်စရာကဏ္ဍ



ဖော်ပြပါပုံသည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ ပေါက်ပြဲနေသော ရွှေဘို-မြစ်ကြီးနားသွား ပြည်ထောင်စုလမ်းမကြီးကို ပြန်လည်ပြုပြင်ထားသော ပုံဖြစ်သည်။

အဆိုပါနေရာသည် ၃-၉-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာပါ ပေါက်ပြဲနေသော အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ ရွှေဘို-မြစ်ကြီးနားသွား ပြည်ထောင်စုကားလမ်းမကြီးကို ၅-၉-၂၀၂၁ ရက်တွင် အင်းတော်မြို့ လမ်းဦးစီးဌာနမှ AE ဦးအောင်ကိုမင်းဦးစီးသော ဝန်ထမ်းများက သွားရောက်ပြုပြင်ခဲ့ရာ ပုံပါအတိုင်းလမ်းမှာ ပြန်လည်ကောင်းမွန်ပြီဖြစ်သည့်အတွက် အစုန်၊ အဆန် လူစီးမှန်လုံယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ကုန်တင်ယာဉ်များ၊ လောင်စာဆီတင်ဘောက်ဆာယာဉ်ကြီးများ ခရီးစဉ်ချောမွေ့စွာ သွားလာနေကြပြီဖြစ်ကြောင်း အင်းတော်မြို့နယ်လမ်းဦးစီးဌာန AE ဦးအောင်ကိုမင်းက ပြောသည်။

လူအောင်(ကသာ)

# ရေကြီးနစ်မြုပ်ပျက်စီးသွားသော မိုးစပါးစိုက်တောင်သူများအတွက် မြေဩဇာနှင့် ပိုးသတ်ဆေးများထောက်ပံ့

**ဘားအံ စက်တင်ဘာ ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ဘားအံမြို့နယ် ဖဲကတောကျေးရွာ တောင်သူဦးစိုးဝင်း၏ ဆင်းသုခ မိုးစပါးမျိုးစေ့ထုတ် ခြောက်ကေစိုက်ခင်း၌ ကျင်းပသည်။




### စိုက်ပျိုးသရုပ်ပြသ

ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်စု(၉)အုပ်စုမှ တောင်သူကိုယ်စားလှယ်များ လေ့လာခဲ့ကြပြီး ကူဘိုတာခြောက်တန်းသွား ကောက်စိုက်စက်နှစ်စီးဖြင့် စိုက်ပျိုးသရုပ်ပြသခြင်းအား ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကောက်စိုက်စက်တစ်စီးလျှင် လယ်တစ်ဧကကို တစ်နာရီခန့်သာ စိုက်ပျိုးချိန်ကြာမြင့်မည်ဖြစ်ပြီး လယ်ယာလုပ်ငန်းခွင်တွင် လုပ်သားရှားပါးခြင်းကို ဖြေလျှော့နိုင်သကဲ့သို့ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် တောင်သူများအနေဖြင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများဖြင့် ရင်းနှီးကျွမ်းဝင်အသုံးပြုတတ်လာစေမည်ဖြစ်ကြောင်းနှင့် ဒေသခံတောင်သူများအနေဖြင့် ကောက်စိုက်စက် ဝယ်ယူသုံးစွဲလိုပါက လက်ငင်းငွေကျပ် ၁၉၉ သိန်းကျသင့်မည်ဖြစ်ပြီး အရစ်ကျစနစ်ဖြင့်လည်း ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ကော့ဝွန်း(ဖဲကတော)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ရေကြီးနစ်မြုပ်ပျက်စီးသွားသော မိုးစပါးစိုက်တောင်သူများအတွက် မြေဩဇာနှင့် ပိုးသတ်ဆေးများကို ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က တစ်ဧကအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးလုပ်ကိုင်ကြရန်၊ သီးထပ်သီးညှပ် စိုက်ပျိုးလုပ်ကိုင်ကြရန်နှင့် ဈေးကွက်ရှိသည့်သီးနှံများကို ရွေးချယ်စိုက်ပျိုးကြရန် ပြောကြားပြီး ဘားအံခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးသက်ဆွေက ရေကြီးနစ်မြုပ် မိုးစပါးစိုက်တောင်သူများအား ထောက်ပံ့ပေးအပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်တို့က တောင်သူကုန်း၊ ဇာသပြင်အရှေ့၊ ဇာသပြင်အနောက်၊ ကော့သင်း၊ ကော့လမု၊ ကျုံဖဲ၊ ခရားအတွင်း အစရှိသည့် ကျေးရွာအုပ်စု(၉)အုပ်စုမှ တောင်သူဦးကြီးများ၏ ရေကြီးနစ်မြုပ်ပျက်စီး မိုးစပါးစိုက်ကေ ၆၀၈ ကေအတွက် မြေဩဇာနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ကြသည်။ (ဝဲပုံ)

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကော့ဝွန်းကျေးရွာသမစိတ္တကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(ဓမ္မဇောတိက)အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခြံကလေးတောင် ရတနာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလအား ဖူးမြော်ကြည်ညို၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ သာသနာတော်ဆိုင်ရာများအား လျှောက်ထားတင်ပြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရသေ့တောင်မြို့နယ်၌ နေရပ်စွန့်ခွာကယ်ဆယ်ရေးစခန်းများမှ အသက် ၄၅ နှစ်နှင့် အထက် ဒေသခံပြည်သူ ၂၄၁၃ ဦးတို့အား ကိုဗစ်- ၁၉ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံပြီးစီး

**ရသေ့တောင် စက်တင်ဘာ ၁၃**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ နေရပ်စွန့်ခွာကယ်ဆယ်ရေးစခန်းများတွင် နေရပ်စွန့်ခွာ ခိုလှုံနေကြသည့် အသက်၄၅ နှစ်နှင့်အထက် ဒေသခံပြည်သူများနှင့် ကျေးရွာများတွင် နေထိုင်ကြသည့် ပြည်သူများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ဆီနိုဗက်)အား စက်တင်ဘာ ၉ ရက်မှစ၍ သတ်မှတ်စုရပ်များတွင် စတင်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်း ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျန်းမာရေး ဝန်ထမ်းများက ကာကွယ်ဆေးမထိုးမီ သွေးပေါင်ချိန်တိုင်းပေးခြင်း၊ ကိုယ်ပူချိန်တိုင်းခြင်း၊ အောက်ဆီဂျင်တိုင်းခြင်း စသည့် ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ပြုလုပ်ပြီး ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသည့် သက်ကြီးရွယ်အိုများအား ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက လိုအပ်သည်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။





ရသေ့တောင်မြို့နယ်ရှိ နေရပ်စွန့်ခွာ ကယ်ဆယ်ရေးစခန်းများတွင် အနယ်နယ်အရပ်ရပ်မှ နေရပ်စွန့်ခွာ ခိုလှုံနေကြသည့် အသက် ၄၅ နှစ်နှင့်အထက် ဒေသခံပြည်သူ ၂၁၉၉ ဦးနှင့် ကျေးရွာများတွင် နေထိုင်ကြသည့် ပြည်သူ ၂၁၄ ဦး စုစုပေါင်း ၂၄၁၃ ဦးတို့အား ပထမအကြိမ် ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး ကျန်ရှိသည့် ပြည်သူများကိုလည်း ဆက်လက်ထိုးနှံပေးမည် ဖြစ်ကြောင်း သိရသည်။

**အောင်စံထွန်း (ပြန်/ဆက်)**

# ကျွန်းစုမြို့နယ်၌ အခြေခံလူတန်းစားများအား ဆန်အိတ် ၁၀၀၀ လှူဒါန်း

**ကျွန်းစု စက်တင်ဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာတွင် ယနေ့နံနက်ပိုင်းမှ စတင်ကာ အခြေခံစားသောက်ကုန်ဖြစ်သည့် ဆန်ရှစ်ပြည့်အိတ် ၁၀၀၀ ကို လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

လှူဒါန်းမှုတွင် ရေကန်တောင်ကျေးရွာနေ အလှူရှင် ဦးရွှေနိုင်နှင့် ဒေါ်ခင်နီဝင်း(ခ) ဒေါ်နီမိသားစုက ကိုဗစ်- ၁၉ ဖြစ်ပွားနေစဉ် ကာလအတွင်း ၎င်းတို့၏ ကျေးရွာ၌နေထိုင်သော လက်လုပ်လက်စား အခြေခံအိမ်ထောင်စုများအား စားသောက်ရေး အဆင်ပြေစေရန်အတွက် နေအိမ်တစ်အိမ်လျှင် ဆန်ရှစ်ပြည်အိတ် တစ်အိတ်နှုန်းဖြင့် အိတ် ၁၀၀၀ ကို လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကချင်ပြည်နယ်အတွင်း ကိုဗစ်- ၁၉ ကာကွယ်ရေးသုံးပစ္စည်းများနှင့် IDPs စခန်းများသို့ ရိက္ခာခြောက်များ ထောက်ပံ့ခြင်းတို့ ဆောင်ရွက်




**မြစ်ကြီးနား စက်တင်ဘာ ၁၃** ကချင်ပြည်နယ် ဝန်ကြီးချုပ်က မြစ်ကြီးနားမြို့ မင်းရပ်ဗဟိုဗလီ၌ အကျိုးဆောင်မွတ်စလင် လူငယ်ပရဟိတအသင်းအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် IDPs စခန်းများသို့ ရိက္ခာခြောက်များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က မြစ်ကြီးနားမြို့၌ ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ မင်းရပ်ရပ်ကွက်ရှိ မင်းရပ်ဗဟိုဗလီ၌ ဘာသာရေး ခေါင်းဆောင်များ၊ အကျိုးဆောင်မွတ်စလင်လူငယ်ပရဟိတအသင်းတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည့်အတွက် မှတ်တမ်းတင် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများကို အဆက်မပြတ် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းပြောကြားပြီး အသင်းအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ ဇီးအွန် IDPs စခန်း၌ နေရပ်စွန့်ခွာ အိမ်ထောင်စုများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး စခန်းနေမိသားစုများအတွက် နေထိုင်စားသောက်မှု အထောက်အကူဖြစ်စေရေး ခေါက်ဆွဲခြောက်ဖာများကို ထောက်ပံ့ပေးအပ်ကြောင်း၊ ထိုမှတစ်ဆင့် ဂျာမိုင်ကောင်း IDPs စခန်းသို့ ဆက်လက်သွားရောက်ခဲ့ပြီး စခန်းနေမိသားစုများအား အားပေးစကားများ ပြောကြားခဲ့ကာ စခန်းအတွက် ခေါက်ဆွဲခြောက်ဖာများကို ထောက်ပံ့ပေးအပ်ကြသည်။ **(ယာပုံ)**

ထို့နောက် စခန်းအတွင်းရှိ ပြည်သူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး၊ အမျိုးသားမှတ်ပုံတင်နှင့် အိမ်ထောင်စုဇယား ရရှိရေးတို့ကို ပြည်နယ်ဝန်ကြီးချုပ်က ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပန်းတနော်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း

**ပန်းတနော် စက်တင်ဘာ ၁၃** ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ အလှူရှင်များက ပန်းတနော်မြို့နယ်အတွင်းရှိ သီတင်းသုံးတော်မူကြသည့် ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီး ဆရာလေးများအား ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ လှူဖွယ်ဝတ္ထုပစ္စည်းများကို ယမန်နေ့က မြို့ပေါ် ရပ်ကွက်၊ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆက်ကပ်လှူဒါန်းသည်။

ပန်းတနော်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း စုစုပေါင်း ၃၇၆ ကျောင်းတွင် သီတင်းသုံးတော်မူကြသည့် ဆရာတော် သံဃာတော်များနှင့် သီလရှင် စုစုပေါင်း ၂၁၀၈ ပါးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆွမ်းဆန် ၂၀၆ အိတ်၊ ဆီ၂၉၇ ပိဿာ၊ ပဲပိဿာ ၆၆၀၊ ဆား ၇၃ ပိဿာ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၈၅၅၀၀၀ နှင့် ပန်းတနော်မြို့နယ်ဌာနဆိုင်ရာများက စုပေါင်းလှူဒါန်းသော ဆွမ်းဆန် ၂၅၄ အိတ်တန်ဖိုးငွေကျပ် ၇၁၁၂၀၀၀ တို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဗိုလ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့ပေါ်ကျောင်းတိုက်များသို့လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတို့ကျေးရွာအတွင်းရှိ ကျောင်းတိုက်များသို့လည်းကောင်း ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**မြို့နယ်(ပြန်/ ဆက်)**

## ကြို့ပင်ကောက်မြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**ကြို့ပင်ကောက် စက်တင်ဘာ ၁၃** ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့အတွင်းရှိ ဒေသခံပြည်သူများ အားလုံးတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ရပ်ကွက်ကျေးရွာများအထိ ကွင်းဆင်းကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးရာ အိမ်ထောင်စုလူဦးရေစာရင်း ၂၆၇ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ် ၄၂၇ ကတ်ကို ပြုလုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

အိမ်ထောင်စုလူဦးရေစာရင်း မရှိသေးသည့်အိမ်ထောင်စုများနှင့် အသက် ၁၆ နှစ်နှင့် ၁၈ နှစ် ကြား၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသူများကို ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၂ ရက်က စစ်ကုန်း(၁) ကျေးရွာအုပ်စု ငါးကျီးကျေးရွာရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ၂၃ ကတ်ကို ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် နေ့ချင်းပြီး ဆောင်ရွက်ပေးကြောင်းနှင့် ဆက်လက်ပြီး ကျေးရွာများအရောက် ကွင်းဆင်းကာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးဦးဦးခင်မောင်က ပြောသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လက်ရှိဒေသ၌ အမြဲနေထိုင်ပြီး အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများ၊ လက်ရှိဒေသသို့ တခြားဒေသမှ ပြောင်းရွှေ့နေထိုင်သူများတွင် မူလဒေသ၌အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသူများ၊ ပြောင်းရွှေ့နေထိုင်သူများအနက် မူလဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းမရှိ နိုင်ငံသားစိစစ်ရေးကတ်များလည်း မရှိသေးသူများအား ဥပဒေနှင့်အညီ ဖြေလျှော့မှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## တာမွေမြို့နယ်၌ သက်ကြီးဘိုးဘွားများနှင့် အလုပ်ရုံ / ဈေးဝယ်စင်တာများမှ ဝန်ထမ်းများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၃** ရန်ကုန် အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးရန် ကျန်ရှိနေသေးသည့် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် အလုပ်ရုံ/ ဈေးဝယ်စင်တာများမှ ဝန်ထမ်းများအား ဆီနိုဖမ်းအမျိုးအစား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို တာမွေမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတို့တွင် နှစ်နေရာခွဲ၍ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ထိုးနှံပေးရာတွင် လူစုလူဝေး မဖြစ်ပေါ်စေရေးနှင့် လာရောက်ထိုးနှံသူများအနေဖြင့် အဆင်ပြေချောမွေ့စွာထိုးနှံနိုင်စေရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ လူမှုကူညီရေး ပရဟိတအသင်းဝင်များနှင့် ရပ်မိရပ်ဖများက ကိုယ်ပူချိန် တိုင်းတာပေးခြင်း၊ လက်ကိုစနစ်တကျ ဆေးကြောစေခြင်းနှင့် တစ်ဦးနှင့်တစ်ဦးခြောက်ပေအကွာမှ တန်းစီစောင့်ဆိုင်းစေခြင်း အပါအဝင် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဩဂုတ် ၂ ရက်မှ စတင်ထိုးနှံပေးလျက်ရှိပြီး စက်တင်ဘာ ၈ ရက်အထိ တာမွေမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွား ၆၄၅၃ ဦးကိုလည်းကောင်း၊ အစိုးရ/ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်း ၁၃၉၃ ဦးကိုလည်းကောင်း၊ ပရဟိတအသင်းဝင် ၁၀၇၅ ဦးကိုလည်းကောင်း၊ ဘုန်းတော်ကြီးကျောင်း/ သီလရှင်ကျောင်းနှင့် ဘာသာရေးကျောင်းများမှ ၃၇၁ ဦးကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း ၁၁၄၅ ဦးကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းမိသားစု ၂၁၀ ကို လည်းကောင်း၊ ဟိုတယ်/ မိုတယ်နှင့်တည်းခိုခန်းများမှ ဝန်ထမ်း ၁၆ ဦးကိုလည်းကောင်း၊ ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်းမှ ဝန်ထမ်း ၁၇ ဦးကိုလည်းကောင်း၊ အလုပ်ရုံများနှင့် ဈေးဝယ်စင်တာများမှ ဝန်ထမ်း ၅၁၀ ကို လည်းကောင်း ထိုးနှံပေးနိုင်ခဲ့ကြောင်းနှင့် ယခုအခါ ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသေးသည့် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် အလုပ်ရုံ/ ဈေးဝယ်စင်တာများမှ ဝန်ထမ်းများအား စက်တင်ဘာ ၁၃ ရက်မှ ၁၈ ရက် အထိ နေ့စဉ် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီမှ သိရသည်။



**နိုင်လင်းအောင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကျောက်ဖြူခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

စစ်တွေ စက်တင်ဘာ ၁၃

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကျောက်ဖြူခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဖြူခရိုင် အမ်းမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ပြုလုပ်သော ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ အမ်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ထောက်ပံ့ငွေနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများလှူဒါန်းပွဲသို့တက်ရောက် အမှာစကားပြောကြားပြီး အမ်းမြို့နယ် ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေကျပ် သိန်း ၂၀ ကို လည်းကောင်း၊ အမ်းမြို့နယ်အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေးအတွက် ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပစ္စည်းများဖြစ်သည့် ပါးစပ်နှင့် နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များကိုလည်းကောင်း ပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်ကျော်မိုး၊ အောက်ဆီဂျင်စက်ရုံတည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမ်းမြို့ အေးရိပ်သုခ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အမ်းမြို့ အမှတ်(၂) တပ်မတော်ခုတင်(၃၀၀) ဆံ့ဆေးရုံ၌ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ဆေးပစ္စည်းများနှင့် ထောက်ပံ့ငွေကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ခုတင်(၃၀၀) ခေတ္တတပ်မှူး ဒုတိယဗိုလ်မှူးကြီး မင်းဦးက လက်ခံရယူသည်။ မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဖြူမြို့သို့ သွားရောက်ကြပြီး ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများသို့ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေကျပ် သိန်း ၂၀ ကို လည်းကောင်း၊ ပါးစပ်နှင့် နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များကို လည်းကောင်းပေးအပ်ရာ ခရိုင် ဆရာဝန်ကြီး ဒေါက်တာ ရဲလွင်မောင်က လက်ခံရယူသည်။




ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံကြီးအတွင်းရှိ အထူးကြပ်မတ်ကုသဆောင်နှင့် အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဖြူမြို့ ငလေပွေ့ဆိပ်ကမ်းအနီး ရမ္မာဝတီဆိပ်ကမ်းတည်ဆောက်နေမှုကို လည်းကောင်း၊ ကျောက်ဖြူမြို့နယ် ဂုံးချိန်အုပ်စု၊ ဂုံးချိန်ကျေးရွာတွင် လယ်ယာမြေအထူးအထွက်တိုးစပါး စမ်းသပ်စိုက်ခင်းကိုလည်းကောင်း **(အပေါ်ပုံ)**၊ Kyauk phyu Electric Power Co.,Ltd မှ ၁၃၅ ကေဗွီအေ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်နေမှု ကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# ရန်ကုန်စီးတီးတက္ကစီနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များမှတ်ပုံတင်ခြင်းလုပ်ငန်း စက်တင်ဘာ ၁၅ ရက်မှစ၍ တစ်ရက်လျှင် အစီးရေ ၁၀၀ နှုန်းဖြင့် ဆောင်ရွက်ပေးမည်

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC)မှ အငှားယာဉ် (Taxi)/ စီးတီးတက္ကစီ ယာဉ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ပြီးခဲ့သော ဇူလိုင် ၁၅ ရက်မှ စတင်ကာ ကိုဗစ်-၁၉ အခြေအနေတစ်ရပ်ကြောင့် ယာယီရပ်ဆိုင်းထားရာမှ စက်တင်ဘာ ၁၅ ရက်တွင် မှတ်ပုံတင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ပေးနိုင်တော့မည်ဖြစ်ကြောင်း YRTC ရုံးမှ သိရသည်။

**ယခုပြန်လည်ဖွင့်လှစ်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားသော စီးတီးတက္ကစီများ မှတ်ပုံတင်/ သက်တမ်းတိုးခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်မှစတင်ကာ ယာယီဆိုင်းငံ့ ရပ်နားထားခဲ့သည်။ အလားတူ ကုန်စည်ပို့ဆောင်ရေးယာဉ် မှတ်ပုံတင်ခြင်းလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ယာယီရပ်ဆိုင်းခဲ့ကြောင်း သိရသည်။ သို့သော် ပြီးခဲ့သော ဇူလိုင် ၁ ရက်မှစတင်ကာ အဆိုပါ စီးတီးတက္ကစီများ မှတ်ပုံတင်ခြင်းဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်စည်မှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို ကိုဗစ်-၁၉ ကပ်ရောဂါ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဝန်ဆောင်မှုပေးနိုင်ခဲ့သော်လည်း ကိုဗစ်-၁၉ တတိယလှိုင်းအခြေအနေတစ်ရပ်ကြောင့် ဇူလိုင် ၁၅ ရက်တွင် ပြန်လည် ယာယီရပ်ဆိုင်းခဲ့ရပြီး ယခုပြန်လည်ဖွင့်လှစ်မည့် စက်တင်ဘာ ၁၅ ရက်ဆိုလျှင် နှစ်လကြာမြင့်ခဲ့ပြီဖြစ်သည်။ ပြန်လည်ဖွင့်လှစ်ချိန်တွင် တက္ကစီယာဉ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းကို အမှတ် ၂၆ ပင်လုံလမ်း (၂၉) ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပြောင်းလဲဆောင်ရွက်ပေးမည်ဖြစ်ပြီး ကုန်စည်ပို့ဆောင်ရေးယာဉ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကမ်းနားလမ်းနှင့် ဝါးတန်းလမ်း ထိပ်ရှိ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံးအနီး ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝန်ဆောင်မှုပြန်လည်စမည့်ရက်**

"ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန)ရဲ့ ဝန်ဆောင်မှုလုပ်ငန်းနဲ့ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရဲ့ လုပ်ငန်းလိုင်စင် ဝန်ဆောင်မှုတွေကလည်း ရပ်ဆိုင်းသွားတော့ ဆက်စပ်နေတဲ့လုပ်ငန်းတွေဖြစ်တဲ့ YRTC ရဲ့ တက္ကစီမှတ်ပုံတင်ခြင်း လုပ်ငန်းရယ်၊ ကုန်စည်ယာဉ်များ ပို့ဆောင်ရေးယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းတွေကို ယာယီရပ်ဆိုင်းခဲ့ရတာဖြစ်တယ်။ အခုဆို ဝန်ဆောင်မှုလုပ်ငန်းတွေကို ယာယီ ရပ်ဆိုင်းတာကနေ အခု စက်တင်ဘာ ၁၅ ရက်မှာ ပြန်လည်ဖွင့်လှစ်လုပ်ဆောင်ပေးမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောကြားသည်။

**ဝန်ဆောင်မှုပေးနိုင်ခဲ့**

အဆိုပါ ရန်ကုန် စီးတီးတက္ကစီမှတ်ပုံတင်ခြင်းနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များ မှတ်ပုံတင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို ယခင် ကိုဗစ်-၁၉ ဒုတိယလှိုင်းကာလတွင်းမှာလည်း ယာယီရပ်ဆိုင်းထားရာမှ ဇူလိုင် ၁ ရက်တွင် ပြန်လည်စတင်ခဲ့ရာ ရက်သတ္တ နှစ်ပတ်မျှကာလအတွင်း စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းလုပ်ငန်းကို အစီးရေ ၈၂၅ စီး ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး ကုန်တင်ယာဉ် မှတ်ပုံတင်ခြင်း လုပ်ငန်းကိုလည်း အစီးရေ ၁၉၄၃ စီး ဝန်ဆောင်မှု ပေးနိုင်ခဲ့သည်။ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ယခုပြန်လည်ဝန်ဆောင်မှုပေးရာတွင် YRTC အနေဖြင့် တစ်ရက်လျှင် အစီးရေ ၁၀၀ နှုန်းဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အစီးရေ ၆၅၀၀၀ မှတ်ပုံတင်ထား**

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း အငှားယာဉ် စီးတီးတက္ကစီ မှတ်ပုံတင်ထားသည့် ယာဉ်အရေအတွက်စုစုပေါင်းမှာ အစီးရေ ၆၅၀၀၀ (ခြောက်သောင်းငါးထောင်) ကျော်ရှိပြီး အခြားတိုင်းဒေသကြီးနှင့် နယ်ပယ်အသီးသီးမှ အငှားယာဉ် နယ်လိုင်စင်စီးရေမှာ နှစ်သောင်းကျော်ရှိကြောင်းနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ် စုစုပေါင်းမှာ အစီးရေ ၅၀၀၀၀ ဝန်းကျင်ရှိကြောင်း YRTC မှ သိရသည်။

မြင့်မိုရ် ၊ ဓာတ်ပုံ - မိုးမခ




စီးတီးတက္ကစီ မှတ်ပုံတင်ထားသည့် အငှားယာဉ်တစ်စီးကို တွေ့ရစဉ်။

## မြိတ်မြို့၌ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို မှတ်ပုံတင် ပြန်လည်ဆောင်ရွက်ပေး

**မြိတ် စက်တင်ဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များကို One Stop Service စီမံချက်ဖြင့် တရားဝင်မှတ်ပုံတင်ပြုလုပ်ပေးခြင်း ရပ်နားထားခဲ့ရာမှ ယနေ့ နံနက်ပိုင်းမှ စတင်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဆောင်ရွက်ပေးလျက်ရှိသည်။

မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို ၂၀၁၄ ခုနှစ်အောက်မှ ၂၀၂၁ ခုနှစ်အထိ ထုတ်လုပ်သည့် နိုင်ငံအလိုက် အင်ဂျင်ပါဝါ (၁၁၀)စီစီနှင့် အောက်၊ ၁၁၁ စီစီမှ ၁၂၅ စီစီအထိ၊ ၁၂၆ စီစီမှ ၂၅၀ စီစီအထိ အမျိုးအစားများကို သက်ဆိုင်ရာဌာနများအလိုက် ပေးသွင်းရမည့် အခွန်ကျသင့်ငွေများကို ပွင့်လင်းမြင်သာစွာ ဗီနိုင်းချပ်များဖြင့် ကြေညာထားရှိပြီး သတ်မှတ်ကာလအထိ One Stop Service စီမံချက်ဖြင့် တရားဝင်မှတ်ပုံတင်ပြုလုပ်ပေးခြင်းကို ရုံးဖွင့်ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး (မြိတ်)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁၃**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# ဒလမြို့နယ်၌ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး



ရန်ကုန် စက်တင်ဘာ ၁၃

**ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးနှင့် တားဆီးကာကွယ်နိုင်ရေးအတွက် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ စက်မှုဇုန်ပြင်ပ စက်ရုံ၊ အလုပ်ရုံ အလုပ်သမားများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။** (ယာပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ စတိုးဆိုင်များ၊ သမ္မန်ဆိပ်များ၊ ငွေစု/ ငွေချေးလုပ်ငန်းများ၊ စက်သုံးဆီဆိုင်များ၊ ငါးဒိုင်များ၊ ဆန်စက်များ၊ လျှပ်စစ်ရုံး နေ့စားဝန်ထမ်းများ၊ အနေးယာဉ်ဂိတ်များ၊ လွန်းကျင်းများ၊ သင်္ဘောကျင်းနေ့စားဝန်ထမ်းများ စုစုပေါင်း ၃၅၂ ဦးတို့အား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက နံနက် ၉ နာရီမှ စတင်၍ ညနေ ၃ နာရီအထိ ထိုးနှံပေးသွားမည်ဖြစ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့မှ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဒလမြို့နယ်၌ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို စုစုပေါင်း ၅၃၁၉ ဦးတို့အား ထိုးနှံပေးပြီး ဖြစ်ကြောင်း၊ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။ **နိုင်လင်းကျော်(ပြန်/ဆက်)**

# ကျောက်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပြီးသူ ၄၉၆၈ ဦး ရှိပြီဖြစ်ပြီး ကျန်ရှိနေသူများအား ဆက်လက်ထိုးနှံပေးလျက်ရှိ

**ကျောက်ဖြူ စက်တင်ဘာ ၁၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံခဲ့သူများကို သတ်မှတ်ပေးထားသည့် နေ့ရက်များအလိုက် ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၁၂ ရက်အထိ ကာကွယ်ဆေး လာရောက်ထိုးနှံပြီးသူ ၄၉၆၈ ဦးရှိပြီဖြစ်ပြီး ကျန်ရှိနေသူများအား အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ စန္ဒကူးခန်းမတွင် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံရာတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသည့် ရဟန်းသံဃာတော်များ၊ ဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများကို သတ်မှတ်နေရာများသို့ လိုက်ပါပို့ဆောင်ပေးခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စာရင်းမှတ်တမ်းရေးသွင်းကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး ပုံမှန်အခြေအနေရှိသူများသာ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိသည်။

ကျောက်ဖြူမြို့နယ်၌ အဆိုပါ ကာကွယ်ဆေးကို ပထမအကြိမ်အဖြစ် ဩဂုတ် ၁ ရက်တွင် စတင်ထိုးနှံပေးထားပြီးဖြစ်ကာ စက်တင်ဘာ ၁၂ ရက်အထိ အသက် ၆၅ နှစ်နှင့် အထက် ၂၁၂၈ ဦး၊ အစိုးရ/ ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်း ၃၂ ဦး၊ စေတနာ့ဝန်ထမ်း/ ပရဟိတအသင်းအဖွဲ့များမှ ၂၂၇ ဦး၊ ဘိုးဘွားရိပ်သာမှ ၁၅ ဦး၊ ဘုန်းကြီး၊ သီလရှင်/ ဘာသာရေးကျောင်းများမှ ၁၄၇ ဦး၊ နိုင်ငံ့ဝန်ထမ်း ၄၉၁ ဦး၊ နိုင်ငံ့ဝန်ထမ်းမိသားစု ၂၂ ဦး၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်း ၅၆ ဦး၊ ပုဂ္ဂလိကစက်ရုံ/ အလုပ်ရုံဝန်ထမ်း ၂၉၇ ဦး၊ ဟိုတယ်၊ မိုတယ်/ တည်းခိုခန်းများမှ ဝန်ထမ်း ၉၉ ဦး၊ အကျဉ်းသား/အချုပ်သား ၂၃၀၊ ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်း ၆၂ ဦး၊ Super Market/ဈေးများမှ ၁၁၆၂ ဦး စုစုပေါင်း ပြည်သူ ၄၉၆၈ ဦးအား ထိုးနှံပေးထားပြီးဖြစ်ကာ ကျန်ရှိနေသူများကို ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**တင်ထွန်းဦး( ပြန်/ဆက်)**


“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ် (၁၄၄)၊

ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm ၊

Website Address – http://www.accm.gov.mm


## မိုးတွင်းကာလအတွင်း မိုးကြိုးအန္တရာယ်ကို ဘယ်လိုကာကွယ်ကြမလဲ?

- မိုးကြိုးပစ်ခံရပါက ပြင်းထန်စွာဒဏ်ရာ ရရှိနိုင်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။
- မိုးကြိုးနှင့် မိုးကြိုးမုန်တိုင်းအန္တရာယ်ရှိနိုင်ကြောင်း မိုးလေဝသသတင်းကြေညာချက်ရှိပါက လွင်တီးခေါင်ပြင်များတွင် အလုပ်လုပ်ခြင်း၊ ခရီးသွားခြင်းနှင့် လူစုလူဝေးပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် လွင်တီးပြင်တွင်ရှိနေပါက လိုက်နာရန်-**

- အနီးပတ်ဝန်းကျင်ရှိ လုံခြုံစိတ်ချရတဲ့အဆောက်အဦအတွင်းသို့ ချက်ချင်းဝင်ရောက်ပါ။
- အကယ်၍ နီးစပ်ရာတွင် လုံခြုံစိတ်ချရတဲ့ အဆောက်အဦမရှိပါက ခြေထောက်နှစ်ဖက် ကိုစု၍ ဆောင့်ကြောင့်ထိုင်ချပါ။ ဦးခေါင်းကို ဒူးပေါ်သို့မှောက်ချပြီး လက်နှစ်ဖက်ဖြင့် နားကို အုပ်ထားပါ။ မြေကြီးနှင့် ထိတွေ့နိုင်မှု အနည်းဆုံးဖြစ်အောင် နေပါ။
- တစ်ဦးနှင့် တစ်ဦး ပူးကပ်နေထိုင်ခြင်း မပြုရပါ။
- မြေပြင်ပေါ်သို့လှဲချခြင်း၊ အပင်မြင့်များအောက်တွင်နေခြင်း၊ မြင့်မားသောအဆောက်အဦ၏ အုတ်နံရံများကို မှီခြင်း၊ ရေကူးကန်များနှင့် ရေကန်များအနီး နေထိုင်ခြင်း မပြုပါနှင့်။
- ရေထဲတွင်ရောက်ရှိနေပါကကုန်းပေါ်သို့တက်ပြီး အဆောက်အဦအတွင်းသို့ချက်ချင်းဝင်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် နေအိမ်အတွင်းရှိနေပါက လိုက်နာရန်-**

- တီဗွီ၊ ကွန်ပျူတာ၊ အဝတ်လျှော်စက်၊ မီးဖို စသည့် လျှပ်စစ်ပစ္စည်းများကို မီးပလပ် ဖြုတ်ထားပါ။ ရေဒီယိုဖွင့်ခြင်း၊ ဖုန်းပြောခြင်း(အထူးသဖြင့် ကြိုးဖုန်း) ရှောင်ကြဉ်ပါ။
- ပြတင်းပေါက်များ၊ တံခါးပေါက်များ၊ ဆင်ဝင်များအနီးနေထိုင်ခြင်း၊ ကွန်ကရစ်ခင်းများပေါ်တွင် လဲလျောင်းခြင်းတို့ကို ရှောင်ကြဉ်ပါ။



လွင်တီးခေါင်ပြင်တွင်ရှိစဉ် မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန် နေထိုင်ရမည့်ပုံစံများ

**မိုးကြိုးပစ်ခံရသောလူနာအား အရေးပေါ်ကယ်ဆယ်နည်းများပြုလုပ်ပြီး ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်ပါ။**

ရည်ညွှန်းကိုးကား- US CDC.Lightning.(accessed as of 5-6-2020)

## အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ စက်တင်ဘာ ၂၁ ရက်တွင် အုပ်စုမဲခွဲမည်

ရန်ကုန် စက်တင်ဘာ ၁၃

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားရသည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို စက်တင်ဘာ ၂၁ ရက်တွင် စင်ကာပူနိုင်ငံ၌ ပြုလုပ်မည်ဖြစ်သည်။ အုပ်စုမဲခွဲပွဲကို ဩဂုတ် ၁၀ ရက်က ပြုလုပ်ရန် စီစဉ်ထားသော်လည်း ကပ်ရောဂါကြောင့် ယခုလသို့ ရွှေ့ဆိုင်းထားရခြင်းဖြစ်သည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပုံမှန်ကျင်းပရမည့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပနိုင်ခြင်းမရှိဘဲ တစ်နှစ်နောက်ဆုတ်ကာ ယခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပြန်လည်ပြုလုပ်သွားမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် နောက်ဆုံးကျင်းပသည့် ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ကပ်ရောဂါအခြေအနေကြောင့် အဆင်မပြေသဖြင့် အိမ်ရှင်နိုင်ငံ ရွေးချယ်၍ ပြုလုပ်သွားမည်ဖြစ်သည်။ ယခုပြိုင်ပွဲနောက်ဆုံးအဆင့်တွင် အသင်းစုစုပေါင်း ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ငါးသင်း နှစ်အုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲမှာ အရှေ့တောင်အာရှဒေသတွင်း လက်ရွေးစင်အသင်းများအတွက် အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်ပြီး ဆုကြေးငွေ မြင့်မားသည့် ပြိုင်ပွဲလည်း ဖြစ် သည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၁၉၉၆ ခုနှစ်မှစ၍ နှစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပခဲ့ပြီး ၂၀၂၀ ပြိုင်ပွဲမှသာ ကပ်ရောဂါကြောင့် တစ်နှစ်နောက်ဆုတ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ကျင်းပပြီးစီးခဲ့သည့် ၁၂ ကြိမ်စလုံး နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး လာမည့်ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်ဖူးခြင်းမရှိသေးဘဲ ဆီမီးဖိုင်နယ်အဆင့်သာ အမြင့်ဆုံး တက်ရောက်နိုင်ခဲ့သည်။ နောက်ဆုံးကျင်းပသည့် ၂၀၁၈ ပြိုင်ပွဲတွင် ဗီယက်နမ်အသင်း ဗိုလ်စွဲခဲ့ပြီး မြန်မာအသင်းသည် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ယခုပြိုင်ပွဲမှာ ၂၀၂၀ ပြည့်နှစ်က ကျင်းပနိုင်ခြင်း မရှိသည့်ပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပခြင်းဖြစ်ပြီး ၂၀၂၀ အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲအမည်ဖြင့်သာ ပြုလုပ်မည်ဖြစ်သည်။

ရဲရင့်လွင်

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း




## ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲစဉ် ဆွစ်ဇာလန်ကလပ် ယန်းဘွိုင်းနှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားမည်

**ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၁) အဖြစ် အုပ်စု(F) မှ ယန်းဘွိုင်းအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို စက်တင်ဘာ ၁၄ ရက် ည ၁၁ နာရီ ၁၅ မိနစ်တွင် ယန်းဘွိုင်းအိမ်ကွင်း ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယန်းဘွိုင်းနှင့် မန်ယူအသင်းတို့သည် အုပ်စု (F) တွင် အတ္တလန်တာ၊ ဗီလာရီးရဲအသင်းတို့နှင့်အတူ ကျရောက်နေသည်။**



ပြီးခဲ့သည့်ပွဲစဉ်တွင် နယူးကာဆယ်ဘက်သို့ မန်ယူတိုက်စစ်ကစားသမား စီရော်နယ်ဒို ဂိုးသွင်းယူနေစဉ်။

ယန်းဘွိုင်းအသင်းသည် ဆွစ်ဇာလန်စူပါလိဂ်တွင် ကစားနေသည့် ကလပ်အသင်းဖြစ်ပြီး ယမန်နှစ်က စူပါလိဂ်ဖလားကို ၁၅ ကြိမ်မြောက် ဆွတ်ခူးထားသည့်အသင်း ဖြစ်သည်။ ယခုနှစ်ရာသီတွင် ယန်းဘွိုင်းအသင်းသည် လိဂ် ငါးပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ကာ ရမှတ် ရှစ်မှတ် ရရှိထားသည်။ အဆိုပါ ငါးပွဲတွင် ရဂိုးက ကိုးဂိုးရှိပြီး ပေးဂိုးက ငါးဂိုးပြန်လည်ခွင့်ပြုပေးထားရသည်။ ပြိုင်ဘက် မန်ယူအသင်းက ပရီမီယာလိဂ်တွင် ပွဲစဉ်(၄)အပြီး သုံးပွဲနိုင်၊ တစ်ပွဲသရေ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ ရမှတ် ၁၀ ရရှိထားသည်။ အဆိုပါ လေးပွဲတွင် ရဂိုး ၁၁ ဂိုးရှိပြီး ပေးဂိုးက သုံးဂိုးသာ ရှိသောကြောင့် ယန်းဘွိုင်းအသင်းထက် ခံစစ်ပိုင်း၊ တိုက်စစ်ပိုင်း သာလွန်နေသည်ကို တွေ့ရသည်။

### တွေ့ဆုံမှုနှစ်ကြိမ် မန်ယူနိုင်

ယန်းဘွိုင်းနှင့် မန်ယူအသင်းတို့ ၂၀၁၈ ခုနှစ် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင် နှစ်ကြိမ် တွေ့ဆုံဖူးပြီး မန်ယူအသင်းကသာ နှစ်ကြိမ်စလုံး အနိုင်ရရှိထားသည်။ ယန်းဘွိုင်းအသင်းက အနီးစပ်ဆုံး ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် အက်ဖ်စီ ဇူးရစ်အသင်းကို လေးဂိုးပြတ် အနိုင်ရရှိထားသည်။ မန်ယူအသင်းကလည်း အနီးစပ်ဆုံး ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် စီရော်နယ်ဒို၊ ဖာနန်ဒက်ဇ်၊ လင်ဂတ်တို့၏ သွင်းဂိုးများနှင့်အတူ နယူးကာဆယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ယန်းဘွိုင်းအသင်းသည် ယခုပွဲစဉ်တွင် ဂါမာလီယူ၊ အီလီယာ၊ ဆီဘက်ချူတို့ကို အသုံးပြုကာ ၄-၄-၂ ပုံစံဖြင့် မန်ယူအသင်းကို ရင်ဆိုင်လာဖွယ်ရှိသည်။ မန်ယူအသင်းကလည်း အားထားရသည့် ဖာနန်ဒက်ဇ်၊ ဆန်ချို၊ စီရော်နယ်ဒိုတို့ကို အသုံးပြုကာ ပွဲထွက်လာဖွယ်ရှိနေသည်။ ချန်ပီယံလိဂ်အဖွင့် ပွဲစဉ်ကို အနိုင်ရလဒ်ဖြင့် ဖွင့်လှစ်နိုင်အောင် နှစ်သင်းစလုံး အကောင်းဆုံးပုံစံ ပြင်ဆင်လာဖွယ် ရှိသော်လည်း ခံစစ်ပိုင်း အားနည်းချက်ရှိသည့် ယန်းဘွိုင်းအသင်း အနေဖြင့် ဗာရာနီ၊ မက်ဂွိုင်းယား၊ ဝမ်ဘစ်ဆာကာ၊ လုခ်ရှောတို့ ဦးဆောင်လာဖွယ်ရှိသည့် မန်ယူခံစစ်ကို ဂိုးရရှိရေးမည်သို့ ကျော်ဖြတ်မလဲ စိတ်ဝင်စားဖွယ်ရာပင်။

ထို့ကြောင့် ယနေ့ညတွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲစဉ်တွင် ယန်းဘွိုင်းအသင်းက မန်ယူအသင်းကို အနိုင်ရရှိသွားမလား မန်ယူအသင်းက ယန်းဘွိုင်းအသင်းကို အနိုင်ရရှိသွားမလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

### အခြားပွဲစဉ်များ

အခြားသော နာမည်ကြီးအသင်းများဖြစ်သည့် ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်၊ ချယ်ဆီးနှင့် ဇင်းနစ်၊ မယ်လ်မိုနှင့် ဂျူဗင်တပ်စ်အသင်းတို့ ပွဲစဉ်ကိုလည်း စက်တင်ဘာ ၁၅ ရက် နံနက်အစောပိုင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အောင်ဇော်

## ညောင်ဦး-ပခုက္ကူ-မြင်းခြံကားလမ်းမပေါ်ရှိ ချောင်းမကြီးချောင်း ရေတိုက်စား၍ ပျက်စီးသွားသည့် အန္တရာယ်ရှိနေရာကို အမြန်ပြုပြင်ရန် လမ်းသွားလမ်းလာများလိုလား

**ညောင်ဦး စက်တင်ဘာ ၁၃** - မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် စက်တင်ဘာ ၉ ရက်နှင့် ၁၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ညောင်ဦး-ပခုက္ကူ -မြင်းခြံမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ကားလမ်းမကြီးသည် အနောက်ပုလင်းကျေးရွာအနီး ချောင်းမကြီးချောင်းရေ တိုက်စားမှုကြောင့် ချောက်ဖြစ်ကာ ကတ္တရာသားများနှင့် မြေသားအောက်ခံကျောက်သားများ ရေပါပြီး စက်တင်ဘာ ၁၁ ရက် ညပိုင်းက ပျက်စီးခဲ့သည်။

အဆိုပါ ချောင်းမကြီးချောင်းရေ တိုက်စားမှုကြောင့် အနက် လေးပေခန့်၊ အနံ ၁၀ ပေခန့်နှင့် အလျား ၁၅ ပေခန့် ပျက်စီးသွားခဲ့ရာ ဖြတ်သန်းသွားလာသည့် မော်တော်ကားကြီးများ၊ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်နှင့် သုံးဘီးဆိုင်ကယ်များ ဖြတ်သန်းသွားလာချိန် အန္တရာယ်ရှိခြင်းကြောင့် သက်ဆိုင်ရာမှ အမြန်ပြုပြင်ပေးရန် လမ်းသွားလမ်းလာများက လိုလားနေကြောင်းသိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀.၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁.၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂.၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉.၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၀ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
# ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာ ခေါ်ယူခြင်း

၁။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ သိပ္ပံဘွဲ့ (သစ်တောပညာ) B.Sc Forestry ၊ (၅) နှစ်သင်တန်းသို့ ၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင် အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေ (၄၈) ဦးနှင့် အမျိုးသမီးဦးရေ (၁၂) ဦး၊ စုစုပေါင်း (၆၀) ဦး လက်ခံမည်။

၃။ လျှောက်ထားသူသည်-

(က) တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာသာတွဲဖြင့် အောင်မြင်သူဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်း ရမှတ် (၃၆၀) မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်ခွင့်ရရှိပါက သက်ဆိုင်ရာ ဘာသာရပ်များနှင့်ပတ်သက်၍ လက်တွေ့ကွင်းဆင်းလေ့လာခြင်း ဆောင်ရွက်ရမည်ဖြစ်သဖြင့် တက္ကသိုလ်ဝင်ခွင့်ပဏာမရွေးချယ်ခံရသူများအနေဖြင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် မိုင် (၂၀) လမ်းလျှောက်စွမ်းရည် စစ်ဆေးခြင်းခံယူရမည်။

(ဃ) သက်ဆိုင်ရာ တက္ကသိုလ်၊ တိုက်နယ်ဆေးရုံ၌ ကျန်းမာရေးစစ်ဆေးခြင်းနှင့် အရောင်များအား ခွဲခြားနိုင်ခြင်း ရှိ/ မရှိ (Colour Blind Test) မျက်စိရောဂါစစ်ဆေးခြင်း ခံယူရမည်။

၄။ ဝင်ခွင့်လျှောက်လွှာကို မိမိအစီအစဉ်ဖြင့် (A-4 Size) စာရွက်တွင် ကွန်ပျူတာစာစီရိုက်နှိပ်ပြီး လျှောက်ထားနိုင်ပါသည်။

၅။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်(မိတ္တူ) (ကျောင်းအပ်နှံချိန်တွင် မူရင်းတင်ပြရမည်။)

(ခ) ၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် အမှတ်စာရင်း (မိတ္တူ) (ကျောင်းအပ်နှံချိန်တွင် မူရင်းတင်ပြရမည်။)

(ဂ) ပြစ်မှု/ ပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း သို့မဟုတ် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် (မူရင်း)

(ဃ) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ) နှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသား စိစစ်ရေးကတ် (မိတ္တူ)

(င) လိုင်စင်ဓါတ်ပုံ (၄) ပုံ

၆။ လျှောက်လွှာကို အမှတ်စဉ် (၅) ပါ အထောက်အထားများနှင့်အတူ ၂၉-၁၀-၂၀၂၁ (သောကြာ နေ့) နောက်ဆုံးထား၍ သင်တန်းရေးရာဌာန၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်သို့ လိပ်မူ၍ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။

၇။ အချက်အလက်များ မှန်ကန်မှု မရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ ပဏာမရွေးချယ်ခံရသူများစာရင်းနှင့် ကျောင်းဖွင့်မည့်အချိန်ကို ထပ်မံအသိပေးကြေညာမည်ဖြစ်သည်။

၉။ အကယ်၍ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန် အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၁၀။ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက ဖုန်း- ၀၆၇-၃၄၁၆၅၁၉ သို့မဟုတ် Email လိပ်စာ registrar@ufes.edu.mm သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### လျှောက်လွှာနမူနာပုံစံ
### သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
### ဘွဲ့ကြိုပထမနှစ်ဝင်ခွင့်လျှောက်လွှာ
### (၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)

ဓာတ်ပုံ
တစ်ပုံကပ်
သုံးပုံပူးတွဲ

၁။ အမည်(အပြည့်အစုံ) ------------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် -------------

၂။ မွေးသက္ကရာဇ်(ရက်၊ လ၊ ခုနှစ်) ----------------------------------------

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ခုံအမှတ် ------------- ခုနှစ် -----------------

စာစစ်ဌာန -------------------------------------

၄။ လူမျိုး --------------------- ကိုးကွယ်သည့်ဘာသာ------------------------

၅။ အမြဲနေထိုင်သောလိပ်စာနှင့်တယ်လီဖုန်းနံပါတ်--------------------------------

------------------------------------------------------------------

၆။ ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းနံပါတ်---------------------------------

------------------------------------------------------------------

၇။ ဖခင်အမည်---------------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ်-------------

အလုပ်အကိုင်----------------------------------------------------

အမိအမည်---------------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ်-------------

အလုပ်အကိုင် ----------------------------------------------------

၈။ ဝန်ခံချက်

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ ------------------ ---------------

လျှောက်ထားသူ၏လက်မှတ်

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ ------------------ ---------------

မိဘ/ အုပ်ထိန်းသူ လက်မှတ်

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/1403 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦး လွင်မြို့၊ ရကက(၁၇)ဈေးကုန်းရပ်နေ (ဘ)(ဦးလှသိန်း)၊ (မိ)ဒေါ်မြသန်း ၉/မမန(နိုင်)၀၁၁၅၅၆တို့၏ သားကြီး ကိုဝေဖြိုးသူ ၉/ပဥလ (နိုင်)၀၀၆၂၄၈ သည် မိသားစုကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပြီး အိမ်မှဆင်းသွားပါ သဖြင့် ယနေ့မှစ၍ တရားဝင် သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင် ဒေါ်မြသန်း**
**၉/မမန(နိုင်)၀၁၁၅၅၆**




# သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၅)၊ (၁)ကွက်၊ စမ်းသီတာလမ်း၊ အိမ်အမှတ်(၁၅၅)နေ ကျွန်တော် ဦးဘဆွေ ၉/မမန(နိုင်) ၀၂၂၈၄၆၏သမီး မအေးမွန်အောင် ၉/ပဥလ(နိုင်)၀၁၇၃၅၂သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှ ထွက်သွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့် ပတ်သက်ဆောင်ရွက်သော ကိစ္စရပ်များသည် မိဘများနှင့် သက်ဆိုင်မှုမရှိသဖြင့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဘဆွေ ၉/မမန(နိုင်) ၀၂၂၈၄၆**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဇေယျသုခလမ်း အမှတ် ၃၈၈တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ၊ (၅)ထပ်တိုက်၏ ဒုတိယထပ်(အေ)၊ အကျယ်အဝန်း(၁၂x၅၅)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးလှိုင်မြင့် ၁၂/သဃက (နိုင်) ၁၃၉၇၀၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးနှင်း ၉/ မကန(နိုင်) ၀၆၃၅၄၂ ကလက်ရောက်ရယူဝယ်ယူပိုင်ဆိုင်ထားပြီး ယခုအချိန်အထိ ပိုင်ရှင်အဖြစ် စီမံခန့်ခွဲလျက်ရှိသော တိုက်ခန်းဖြစ်ပါကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ လွှဲပြောင်းထားခြင်း၊ ငှားရမ်း ထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊လှူဒါန်းထားခြင်း၊တရားရုံးတစ်ခုခုတွင် တိုက်ခန်းနှင့်ပတ်သက်၍ အမှုအခင်းတစ်စုံတစ်ရာ အငြင်းပွားမှုမရှိပါကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်စန္ဒီအောင်**
**အထက်တန်းရှေ့နေ(စဉ်-၃၁၁၄၆)**
**အမှတ် (၃၇၉)၊ သစ္စာ ၉လမ်း၊(၃၉/ A)ရပ်ကွက်**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း- ၀၉-၇၉၅၆၈၂၉၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂၁)၊ မြေကွက်အမှတ်(၃၁)၊ အင်းဝလမ်းဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ပေ ၄၀ x အနံပေ ၆၀)ရှိ ဦးမြင့်ငွေ ၁၂/လသန(နိုင်)၀၁၂၂၃၉ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက် ဦးမြင့်ငွေထံမှ အရောင်းအဝယ်အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီးယခုလက်ရှိရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဒေါ်ယုယဉ် ၉/ခအဇ(နိုင်) ၀၀၀၉၀၃ ထံမှ ဝယ်ယူမည် ဖြစ်ပါသဖြင့် မြေကွက်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်ခိုင် ၇/ညလပ(နိုင်)၀၉၁၃၈၀**
**ဖုန်း-၀၉-၅၃၈၅၈၂၆**

## သက်ဆိုင်သူများနှင့် အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက်၊ မင်းရဲကျော်စွာ ၁လမ်း၊ အမှတ် ၂၇၁နေ ဦးမောင်မောင်ကြီး ၁၂/ဥကတ(နိုင်) ၀၄၀၀၃၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ နှစ်(၆၀)မြေငှားဂရန်စာချုပ်တွင် ဒေါ်ဖူးဖိန်း ၁၃/ လရန(နိုင်)၀၉၁၇၈၉ အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လောပိတလမ်း၊ အမှတ် ၇၁၉ ဟု လိပ်စာတွင်သော အလျား ၆၀ပေ x အနံ ၈၀ပေ ရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တစ်ဆင့်ဝယ်ယူထားသူ ဒေါ်ကောက်တေး ၇/တကန(နိုင်) ၀၂၀၆၅၀ ထံမှ ဝယ်ယူလက်ရောက်ရရှိခဲ့ရာတွင် ဆက်စပ်စာချုပ်များအရ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် ပိုင်ဆိုင်နိုင်ရေးအတွက် မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးမည့် စည်းကမ်းချက်များအတိုင်း ကျွန်ုပ်၏မိတ်ဆွေမှ မြေကွက် ဝယ်ယူမှုကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်လိုအပ်လာသည့်အတွက် ဒေါ်ဖူးဖိန်းနှင့် ဒေါ်ကောက်တေးတို့အား ဆက်သွယ်သော်လည်း အဆက်အသွယ်မရရှိပါသဖြင့် ဒေါ်ဖူးဖိန်းနှင့် ဒေါ်ကောက်တေးတို့မှ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေ သို့မဟုတ် ကျွန်ုပ်နှင့်လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

ဤသတင်းစာကြော်ငြာပါသည့်အတိုင်း ဒေါ်ဖူးဖိန်းနှင့် ဒေါ်ကောက်တေးတို့မှ ကျွန်ုပ်မိတ်ဆွေ၏မြေကွက်ဝယ်ယူမှုစာချုပ်အား မှတ်ပုံတင်ချုပ်ဆိုပေးရန်အတွက် ဆောင်ရွက်မှုမရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ ၎င်းတရားဝင်ပိုင်ဆိုင်ရေးအတွက် မှတ်ပုံတင် စာချုပ်ချုပ်ဆိုနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးညီညီဝင်း (LL.B)(DBL)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၁၂၀)**
**အမှတ် (၉/၁၅၃)၊ မာဃလမ်း၊ (င/က) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်**
**ဖုန်း-၀၉- ၉၅၀၆၅၅၄၈၉**

## ဦးသိန်းဌေးဦး (ခ) သူရ ၉/ဝတန(နိုင်) ၁၂၁၂၇၆နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏ၊ ကမာကြည်လမ်း၊ တိုက်အမှတ်(၁၈)၊ (၆)လွှာနေ ဒေါ်အိအိချော ၁၃/တကန(နိုင်) ၂၅၂၁၀၃ ၏လွှဲအပ်ညွှန်ကြားချက်အရ ဦးသိန်းဌေးဦး(ခ)သူရ ၉/ဝတန(နိုင်) ၁၂၁၂၇၆နှင့်အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အိအိချောနှင့် ဦးသိန်းဌေးဦး(ခ)သူရတို့သည် လွန်ခဲ့သော (၂၀၁၇)ခုနှစ်ခန့်မှစတင်၍ နှစ်ဦးသဘောတူ ချစ်ကြိုက်ခဲ့ကြပြီးနောက်ပိုင်းတွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်၍ သမီးရည်းစား ဆက်ဆံရေးပြတ်တောက်ခဲ့ ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ထိုသို့ လမ်းခွဲပြီးနောက်ပိုင်းတွင် ဦးသိန်းဌေးဦး(ခ)သူရမှ ဒေါ်အိအိချောထံသို့ Phone, Facebook , Messenger , Message, Viber, G-mail တို့ကို အသုံးပြု၍ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ခြင်း၊ ရိုင်းစိုင်းစွာပြောဆိုခြင်း၊ ဓာတ်ပုံများဖြန့်ဝေမည်ဟုဆိုကာ ခြိမ်းခြောက်ငွေတောင်းခံခြင်းတို့ ပြုလုပ်ခဲ့သည့်အပြင် ဒေါ်အိအိချော၏ မိသားစုဝင်များထံသို့လည်းကောင်း၊ လုပ်ငန်းခွင်ထံသို့လည်းကောင်း၊ အသိမိတ်ဆွေများထံသို့လည်းကောင်း၊ ဒေါ်အိအိချော ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ ဦးသိန်းဌေးဦး(ခ)သူရမှ နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်မှုများကို လုပ်ဆောင်နေကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ထို့ကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဦးသိန်းဌေးဦး(ခ)သူရအနေဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အိအိချောနှင့် ၎င်း၏မိသားစုဝင်များ၊ ၎င်း၏အသိမိတ်ဆွေများ၊ ၎င်း၏လုပ်ငန်းခွင်တို့ထံ ဒေါ်အိအိချော ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် စိတ်အနှောင့်အယှက်ဖြစ်စေရန် နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ခြင်းများကို ဆက်လက်မပြုလုပ်ရန် သတိပေးတားမြစ်လိုက်သည်။ လိုက်နာခြင်းမရှိ ပျက်ကွက်ပါက ပြုလုပ်သူနှင့် ပါဝင်ပတ်သက်သူများကို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်အိအိချောက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသိန်းဌေးဦး(ခ)သူရနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အိအိချော၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန္တာရှိန်(စဉ်-၁၂၆၇၂) (LL.B)**

**ဒေါ်ဇင်မာမြင့်(စဉ်-၁၆၂၉၇) (LL.B,D.B.L)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃)၊ သမာဓိလမ်း၊ ဆ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊ မြောက်ဥက္ကလာပမြို့နယ် ဖုန်း-၀၉-၄၄၅၉၇၇၄၇၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအား မည်သူတစ်ဦးတစ်ယောက်မှ ကြိုတင်သိမြင်ခန့်မှန်းနိုင်မှုမပြုလုပ်နိုင် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ မပျက်မကွက် ဆက်လက်လိုက်နာရန်လိုအပ်

**နေပြည်တော် စက်တင်ဘာ ၁၃**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးအား နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါတွေ့ရှိမှုရက်အနေဖြင့် စက်တင်ဘာ ၁၂ ရက်အထိ ၅၃၈ ရက်ရှိကာ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း ၄၃၁၈၃၃ ဦးရှိသည်ကို တွေ့ရှိရကြောင်း၊ ကိုဗစ်–၁၉ ရောဂါ တွေ့ရှိမှုများကို

*စာမျက်နှာ ၄ ကော်လံ ၁* ●



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။


ယနေ့ မာတိကာ

**မျက်မှောက်ခေတ် နိုင်ငံရေးနှင့် ပထဝီနိုင်ငံရေး အမြင်** ဆောင်းပါး စာ – ၉

**စက်တင်ဘာ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြု လူနာသစ် ၂၂၇၃ ဦး တွေ့ရှိ** စာ – ၁၅

**မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အဖွဲ့အား အကြမ်းဖက်သူများက ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်** စာ – ၂၁


## ရေကြိုတင်စုဆောင်းထားနိုင်ပါရန် အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေး လုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) မှ ရန်ကုန်မြို့တွင်းသို့ ရေပေးဝေလျက်ရှိသော ရေကူးရေတွန်းစက်ရုံဝင်းအတွင်း ဂျိုးဖြူရေပိုက်ပေါက် ပြုပြင်ခြင်းလုပ်ငန်းကို ၁၄–၉–၂၀၂၁ ရက်နေ့ နေ့လည် (၁၂:၀၀) နာရီမှ ညနေ (၆:၀၀) နာရီအတွင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* *